# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏) လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၀ ပြည့်နှစ် နတ်တော်လဆန်း ၈ ရက်၊ စနေနေ့။ Saturday 15 December 2018 ၉၅၀၁


# ရခိုင်ပြည်နယ် လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က**

**(၄၄)ကြိမ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်**

**ချစ်ကြည်လေးစားအပ်ပါသော ရခိုင်တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ ခင်ဗျား-**

ယနေ့ ဒီဇင်ဘာလ ၁၅ ရက်နေ့သည် ရခိုင်တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၄၄)နှစ်မြောက်ရခိုင်ပြည်နယ်နေ့ ဖြစ်ပါသည်။

ယခုကဲ့သို့ နေ့ထူးနေ့မြတ်အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် ရခိုင်တိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ရှိကြသည့် တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရခိုင်ပြည်နယ်အဖြစ် ပြဋ္ဌာန်းပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပသည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၅ ခုနှစ်မှစ၍ ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယနေ့ဆိုလျှင် (၄၄) ကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မွန်ပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများအား တွေ့ဆုံ

**မော်လမြိုင် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ စိုက်ပျိုးရေး၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ်မြောက် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံ (3rd Myanmar Entrepreneurship Summit-2018) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆**




ကြေးမုံ

# နှစ်နိုင်ငံပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုပိုမိုတိုးမြှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့သည် ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့စဉ် နှစ်နိုင်ငံခေါင်းဆောင်များအကြား ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေခဲ့သည်သာမက နှစ်နိုင်ငံပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုမြှင့်တင်လာနိုင်မည့် အခြေအနေကောင်းများ ဖော်ထုတ်နိုင်ခဲ့သည်ကို မြန်မာ-အိန္ဒိယ ပူးတွဲကြေညာချက်အရ သိရှိရပါသည်။

အိန္ဒိယသမ္မတခရီးစဉ်တွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ကဏ္ဍပေါင်းစုံအကျိုးစီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ခဲ့ပြီး ယင်းတို့တွင် နှစ်နိုင်ငံပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနိုင်မည့် အစီအစဉ်များမှာ လက်တွေ့အကောင်အထည် ပေါ်လာပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ လာရောက်သည့် အိန္ဒိယကမ္ဘာလှည့်ခရီးသွားများအား ယခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစတင်၍ ဆိုက်ရောက်ဗီဇာလျှောက်ထားခွင့်ပြုခဲ့ပြီးဖြစ်သည်။

ထိုသို့ဆိုက်ရောက်ဗီဇာ လျှောက်ထားခွင့်ပြုခဲ့ခြင်းသည် နှစ်နိုင်ငံပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်နိုင်မည်ဖြစ်သည်။ နှစ်နိုင်ငံအကြား ကမ္ဘာလှည့်ခရီးသည်များ ဝင်/ထွက် သွားလာမှုများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသို့ သွားရောက်သည့် မြန်မာနိုင်ငံသားများကိုလည်း ဗီဇာခကင်းလွတ်ခွင့်ကို အိန္ဒိယအစိုးရက ခွင့်ပြုပေးထားသည်။ ထိုကဲ့သို့ နှစ်နိုင်ငံပြည်သူများ အပြန်အလှန်ခရီးသွားလာနိုင်ရေးအတွက် ဖန်တီးဖော်ဆောင်ပေးနိုင်မှုများအတွက် နှစ်နိုင်ငံအစိုးရအား ကျေးဇူးတင်ရမည်ဖြစ်သလို ပြည်သူများကလည်း ဝမ်းမြောက်ကျေနပ်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်သွယ်နေသော အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံအနက် အိန္ဒိယနိုင်ငံထက်စာလျှင် တရုတ်နိုင်ငံက ပိုမိုထိတွေ့ဆက်သွယ်သွားလာကြသည်ဟု ဆိုရမည်ဖြစ်သည်။ ယခုအကောင်အထည်ဖော်ဆောင်ရွက်လိုက်သော ဗီဇာနှင့်ပတ်သက်သည့် ကင်းလွတ်မှုများနှင့် နှစ်နိုင်ငံ ဆက်သွယ်သွားလာနိုင်မည့် အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုများသည် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံပြည်သူများ ဝင်/ထွက်သွားလာမှုများနှင့် ထိတွေ့ဆက်ဆံမှုများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းဆိုင်ရာ ပထဝီဝင်အနေအထား များစွာရှိပြီးဖြစ်သည်။ ယင်းတို့ကို ယခုအခါ နှစ်နိုင်ငံအကောင်အထည်ဖော်နေပြီ။ ပလက်ဝမှ ဇိုရမ်ပူသို့ လမ်းဖောက်ရေးစီမံကိန်း ဆောင်ရွက်နေသည်။ သုံးနိုင်ငံ အမြန်လမ်းမကြီး၏ မြန်မာနိုင်ငံဘက်ခြမ်းရှိ လမ်းပိုင်းများအား အိန္ဒိယဘက်မှ ဆောင်ရွက်ပေးနေသည်။ မန္တလေးနှင့် အင်ဖာအကြား တမူး-မိုရေး နယ်စပ်ဂိတ်မှတစ်ဆင့် ခရီးသည်တင်ဘတ်စ်ကားဝန်ဆောင်မှုကို နှစ်ဖက်ဆန္ဒပြုထားသည်။ ကလေးမြို့လေဆိပ်ကို အဆင့်မြှင့်တင်ရန်အတွက် အိန္ဒိယဘက်မှ အသေးစိတ်အစီရင်ခံစာပြုစုထားသည်။

ထိုကဲ့သို့သော အစီအစဉ်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံပြည်သူများ နယ်စပ်ဒေသမှတစ်ဆင့် ဖြတ်သန်းသွားလာထိတွေ့မှု လွယ်ကူစေရန်အတွက်ဖြစ်သည်။ အဆိုပြုထားသောအစီအစဉ်များ နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးပြီးလျှင် အကောင်အထည်ပေါ်လာမည်။ နှစ်နိုင်ငံပြည်သူများအကြား လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် အပြုသဘောအကျိုးဖြစ်ထွန်းစေသည့် ကုန်းလမ်းနယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူညီချက် ၂၀၁၈ ခုနှစ် မေလမှစတင်၍ အသက်ဝင်ခဲ့ပြီး ဖြစ်သည်။

သို့ဖြစ်ရာ အိန္ဒိယသမ္မတ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံခေါင်းဆောင်များ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအားကောင်းလာပြီး အိန္ဒိယ-မြန်မာ နှစ်နိုင်ငံပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့လာမည့် အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာပြီဖြစ်သည်။ နှစ်နိုင်ငံပြည်သူများအနေဖြင့် ထိတွေ့ဆက်ဆံမှုများကို ပိုမိုရယူကာ ချစ်ကြည်ရင်းနှီးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ကြေးမုံက မျှော်လင့်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

စာတတ်သူတိုင်း စာဖတ်ရေး
အသင်းချုပ်ကြီး

"စာတတ်သူတိုင်း စာဖတ်ရေး" လှုပ်ရှားမှု
အခမ်းအနား

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ (MICC-2)၊ နေပြည်တော်
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၀၊ ၂၁) ရက်၊ (ကြာသပတေး၊ သောကြာ) နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ
မည်သူမဆို ဝင်ရောက်ဆင်နွှဲနိုင်ပါသည်။

## အားကောင်းသော မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် မိုင် ၅၀၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ၅၈၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့ဘက် ၃၆၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း (VMFA) ဥက္ကဋ္ဌ သံအမတ်ကြီး Mr. Chu Cong Phung ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၃ နာရီက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးတင့်ဆွေ၊ ရန်ကုန်မြို့ရှိ ဗီယက်နမ်သံရုံး သံအမတ်ကြီး Dr. Luan Thuy Duong နှင့် မြန်မာနိုင်ငံရှိ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိဝင်ဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၄၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၉၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် နိုဝင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အလုပ်အကိုင်ရရှိမှု အခြေအနေမှာ အစိုးရအလုပ်အကိုင် ၅၅၉ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၁၈၇၄၅ ဦး စုစုပေါင်း ၁၉၃၀၄ ဦးအား အလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့သည်။

ထို့ပြင် နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှု အခြေအနေမှာ မလေးရှားနိုင်ငံသို့ ၄၁၀၉ ဦး၊ စင်ကာပူနိုင်ငံသို့ ၁၉ ဦး၊ ကိုရီးယားနိုင်ငံသို့ ၄၂၄ ဦး၊ ထိုင်းနိုင်ငံသို့ ၂၀၀၁၄ ဦး၊ ဂျပန်နိုင်ငံသို့ ၃၆၃ ဦး၊ ယူအေအီးသို့ ၂၀၊ ဂျော်ဒန်နိုင်ငံသို့ ၂၆ ဦး၊ ကာတာနိုင်ငံသို့ ၁၂ ဦး စုစုပေါင်း ၂၄၉၈၇ ဦး စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**မောင်မင်းနိုင်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ရန်ကုန်(ရွှေဈေး) ၁၀၃၅၀၀၀ - ၁၀၃၅၀၀၀ မန္တလေး(ရွှေဈေး) ၁၀၃၅၀၀၀ - ၁၀၃၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၅/၉၇၀ ကျပ် | ၉၈၀/၉၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၈၇၅ ကျပ် | ၉၂၀/၉၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၉၅/၈၁၀ ကျပ် | ၈၅၀/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၅/၉၈၀ ကျပ် | ၉၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၉၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၉၀/၇၀၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၈၁.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၉၆.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၉.၇၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၂၈၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၈.၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၉၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၉၃.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၀.၁၅ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၃၉.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၅၂.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်

**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၀)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၇၂

☆ **ရှေ့ဖုံးမှ**

ရခိုင်ပြည်နယ်သည် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းဒေသနှင့် မြေဆီဩဇာကောင်းမွန်ပြီး ကျယ်ပြောလှသည့် လယ်ယာမြေများ ပိုင်ဆိုင်ထားပြီး ရေခံမြေခံကောင်းမွန်သည့် သဘာဝပထဝီအနေအထားကြောင့် ဆန်၊ရေ၊ စပါး၊ သား၊ ငါးနှင့် သဘာဝသယံဇာတပေါကြွယ်ဝသည့်အပြင် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပေါများလှသည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် ရခိုင်ပြည်နယ်၌ ဆိုးဝါးလှသော သဘာဝဘေးဒဏ်များလည်း ကင်းလွတ်ခဲ့ပြီး မောင်တောဒေသအတွင်းတွင်လည်း တည်ငြိမ်အေးချမ်းမှုအခြေအနေကောင်းများ ရရှိနေသည့်အတွက် မင်္ဂလာရှိသော နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ ရခိုင်ပြည်နယ်၏ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အစဉ်အမြဲဖြစ်ပေါ်နေစေရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် မိမိတို့အစိုးရအဖွဲ့၏ ရည်မှန်းချက်ပန်းတိုင်သုံးရပ်ဖြစ်သည့်-

(က) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊
(ခ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊
(ဂ) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး။

ဆိုသည့် ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ (၄)ရပ် ဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကိုလည်း ကော်မတီဝင် (၉)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေပါသည်။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးပါသည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ဒေသခံပြည်သူများ၏ ဆန္ဒသဘောထား၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားသက်ရောက်နိုင်မှုတို့ကို အလေးထားသုံးသပ်ပြီး စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသလို ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာမက ဒေသတည်ငြိမ်ရေးကိုပါ အထောက်အကူဖြစ်စေပြီး ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေနိုင်သည့် မောင်တောဒေသကညင်ချောင်းစီးပွားရေးဇုန်နှင့် ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ် မောင်တောဒေသ၌ 66 KV ဓာတ်အားလိုင်းမှ (၂၄) နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်း တည်ဆောက်ခြင်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရသေ့တောင်မြို့နယ်၊ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ်တို့အတွက် ၂၄ နာရီဓာတ်အားများ စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မောင်တောမြို့နှင့် အနီးအနားကျေးရွာများအတွက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအတွင်း (၂၄) နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာထွန်းလင်းတောက်ပခဲ့ပြီး မြတ်စွာဘုရား၏ မွေတော်၊ ဓာတ်တော်များ ကိန်းဝပ်စံပယ်ရာဖြစ်သည့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်မြို့တော်အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက်လည်း UNESCO နှင့် ပူးပေါင်းပြီး ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်၍ ၎င်းတို့၏ဆန္ဒအလျောက် မြန်မာနိုင်ငံဘက်သို့ ပြန်လာလိုသူများအား ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်ဖက်သဘောတူ ကတိကဝတ်များ၊ နှစ်နိုင်ငံညှိနှိုင်းမှုများမှ ရရှိခဲ့သည့် သဘောတူညီမှုများအတိုင်း မိမိတို့၏ နိုင်ငံဘက်မှ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ရာတွင် အဓိကသဘောတူညီချက်များအရ ပြန်လည်လက်ခံရေးစခန်း (၂) ခုနှင့် ကြားစခန်း (၁) ခုတို့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့မတိုင်မီ ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံသဘောတူညီချက်များအရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို တိတိကျကျရေးဆွဲကာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့မှ စတင်၍ ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမအားလုံးအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အဖွဲ့အစည်းများ သဟဇာတရှိစေရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး သာယာလှပသည့် ပြည်နယ်ဖြစ်လာစေရေးနှင့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့တွင် ညီညွတ်သည့်စုပေါင်းအင်အားဖြင့် အမြော်အမြင်ကြီးစွာ ဆက်လက်ကြိုးပမ်း ပါဝင်ဆောင်ရွက်သွားကြပါရန် ရခိုင်ပြည်နယ်နေ့အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ်မြောက် မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များ ညီလာခံသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

❖ **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာမြင့်ထွေး၊ ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးခင်မောင်တင်၊ ဒေါက်တာရဲမြင့်ဆွေ၊ ဒေါက်တာထွန်းနိုင်နှင့် ဦးဆက်အောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံတမန်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ၊ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**တတိယအကြိမ်မြောက် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံတွင် ခေါင်းစဉ်အလိုက် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားသည်။

**( နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကားကို စာမျက်နှာ ၅၊ ၆ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် သီးသန့်တွေ့ဆုံသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး **ညီလာခံအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။**

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ညီလာခံအဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗြိတိန်နိုင်ငံအစိုးရ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဌာန၏ ခနအစီအစဉ်မှ အကြီးတန်းနည်းပညာ အတိုင်ပင်ခံ Mr.Peter Brimble က Inclusive Business and Entrepreneurship ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

**ဆွေးနွေး**

ယင်းနောက် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ Max Myanmar Group မှ အမှုဆောင်အရာရှိချုပ် Ms. Chi Tun က ဦးဆောင်၍ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ၏ အကြီးတန်းဒုတိယဥက္ကဋ္ဌ Ambassador Micheal W. Michalak၊ ဂျပန်နိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Kazuyuki Takimi၊ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ သုတေသနညွှန်ကြားရေးမှူး Mr. Sean Turnell နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်းမှ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာအရာရှိ Anar Aliyev တို့က Empowering for better growth of Myanmar ခေါင်းစဉ်ကိုလည်းကောင်း၊ Alpha Info Co.Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမြတ်သူက ဦးဆောင်၍ Myanmar Information Technologies တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ် ဒေါက်တာထွန်းသူရသက်၊ MyTel ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦး၊ Ayuroma Advisory Pte Ltd အုပ်ချုပ်မှုဒါရိုက်တာ Ms.Cherry Trivedi နှင့် Belle Maison Maple ဥက္ကဋ္ဌ ဒေါ်ဝင်းအိခိုင်တို့က **How to enable industry 4.0 in Entrepreneurship** ခေါင်းစဉ်ကိုလည်းကောင်း ဆွေးနွေးကြသည်။

**အတွေ့အကြုံများ ရှင်းလင်းဆွေးနွေး**

ထို့နောက် Yoma Group ၏ နည်းပညာအမှုဆောင်အရာရှိချုပ် Ms.Rita Nguyen က စွန့်ဦးတီထွင်လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သူရက နှုတ်ဆက်အမှာစကားပြောကြားပြီး တတိယအကြိမ်မြောက် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ကျိုက်သလ္လံစေတီတော်အတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ ကျိုက်သလ္လံစေတီတော်ရင်ပြင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

### ❍ နိုင်ငံတော်သမ္မတမှ

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၊ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်ဥပဒေချုပ် ဒေါ်အေးအေးမိုး၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်သိန်းသိန်းဦး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မော်လမြိုင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### တာဝန်ရှိသူများနှင့်တွေ့ဆုံ

ထို့နောက် နိုင်ငံတော်သမ္မတသည် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့၊ အမျိုးသား၊ ပြည်နယ်)၊ ပြည်နယ် တရားလွှတ်တော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက် လမ်းညွှန် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတက မွန်ပြည်နယ်ကို ယခုကဲ့သို့ လာရောက်ရသည့် ရည်ရွယ်ချက်ကို ပထမဦးစွာ ရှင်းလင်းတင်ပြလိုပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ပြည်ထောင်စုလွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုပြီးချိန်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါကြောင်း၊ ယင်းမိန့်ခွန်း၏ အနှစ်သာရကို ပြန်လည်ပြောကြားရပါက ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလ၏ ပြောင်းလဲမှုဖြစ်စဉ် အောင်မြင်ချောမွေ့စေရန် ပြည်သူပြည်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအားလုံး၏ ပုံစံကျနေသည့် အတွေးအခေါ်နှင့် ပုံသေကားကျ အလေ့အထများကို ပြုပြင်ပြောင်းလဲကြရန် အထူးလိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများကို ကြပ်မတ်ရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်ရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရမည် ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းများကို ကာကွယ်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရမည်ဖြစ်ပါကြောင်း၊ ဥပဒေမဲ့ သိမ်းဆည်းခံရသည့် လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေးနှင့် နစ်နာကြေးရရှိရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း စသည်တို့ကို ပြောကြားခဲ့ပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို လိုက်လံရှင်းပြနေခြင်းဖြစ်ပါကြောင်း၊ သဘာဝတရားကြီး၏ အမြဲမှန်ကန်နေသည့် တရားမှာ ပြောင်းလဲခြင်းပင်ဖြစ်ပါကြောင်း၊ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲနိုင်မှသာ မိမိတို့နိုင်ငံ တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းတွင် လိုက်ပါနိုင်မှသာ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရန်လည်း နိုင်ငံတော်၏ တာဝန်ရှိသူများက ဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီတွင် နိုင်ငံသားတိုင်း၊ လူတိုင်းတွင် လွတ်လပ်မှု၊ လုံခြုံမှု၊ ပျော်ရွှင်မှုများရှိပါကြောင်း။

### အားလုံးတွင်တာဝန်ရှိ

ထို့အတူ ဒီမိုကရေစီတည်ဆောက်နိုင်မှသာ တိုင်းပြည်ငြိမ်းချမ်းမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုသည် ရန်သူမဟုတ်ပါကြောင်း၊ မိတ်ကောင်းဆွေကောင်းသာဖြစ်ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် ခြိမ်းခြောက်မှုမဟုတ်ပါကြောင်း၊ အခွင့်အခါကောင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုသည် အတင်းအကျပ် စေခိုင်းနေရမည်မဟုတ်ဘဲ မဖြစ်မနေဆောင်ရွက်ရမည့် အရာဟု အားလုံးက ခံယူကြစေလိုပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရန် အားလုံးတွင်တာဝန်ရှိပါကြောင်း။

အုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး မိမိတို့ ပြုပြင်ပြောင်းလဲလိုသည်မှာ နိုင်ငံရေး တရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးမျှတမှုရှိအောင် ဖော်ဆောင်စေလိုပါကြောင်း၊ ထို့အတူအခွင့်အလမ်းညီမျှမှု၊ အဆင့်အတန်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုရှိအောင် စီမံစေလိုပါကြောင်း၊ မိမိတို့ အုပ်ချုပ်ရေးသည် တရားဥပဒေစိုးမိုးမှုကိုအထောက်အကူပြုသည့် အုပ်ချုပ်ရေးဖြစ်ရန် လိုအပ်ပါကြောင်း၊ ပြည်သူကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးယန္တရား မဖြစ်စေလိုပါကြောင်း၊ ပြည်သူကိုအလုပ်အကျွေးပြုပြီး ပြည်သူကပေးသည့် တာဝန်ကိုကျေပွန်သည့် ဝန်ဆောင်မှုဖြစ်စေလိုပါကြောင်း၊ ထိုသို့ဖြစ်စေရန် ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏မူဝါဒများ၊ ညွှန်ကြားချက်များကိုအကောင်အထည်ဖော်နိုင်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဖော်ဆောင်ရာတွင် ကိုယ်လိုသလို ပုံမဖော်မိရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒများကို အကောင်အထည်ဖော်ရန် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များတွင်တာဝန်ရှိပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း မိမိပြည်နယ်မှာရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးကို လက်တွေ့ကျကျ ကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ ကြပ်မတ်ရာတွင် ဌာနဆိုင်ရာများ အနေဖြင့် ပေးအပ်သည့်တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိ စစ်ဆေးနေရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်မှသာ အုပ်ချုပ်ရေးယန္တရားပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်ရလာမည်ဖြစ်ပါကြောင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ စီမံခန့်ခွဲမှုညံ့ဖျင်းလျှင်၊ အုပ်ချုပ်မှုများယွင်းလျှင် ဒီမိုကရေစီ ကျဆုံးသွားနိုင်ကြောင်းကို သတိပြုရမည်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးအပိုင်းတွင် လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော် ဥပဒေ၊ နည်းဥပဒေများကိုကျေညက်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မေးခွန်းနှင့် အဆိုများကိုလည်း စည်းကမ်းချက်၊ သတ်မှတ်ချက်များနှင့် ညီညွတ်ရန်လိုအပ်ပါကြောင်း။

### စောင့်ကြည့်ထိန်းညှိ

တရားစီရင်ရေးအပိုင်းတွင် မိမိတို့ ရည်ရွယ်ထားသည့် တရားစီရင်ရေးမှာ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးပင်ဖြစ်ပါကြောင်း၊ ရာထူး၊ ဂုဏ်သိန်၊ အရှိန်အဝါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မျက်နှာကြီးငယ်မလိုက်ဘဲ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ တရားစီရင်ရေးဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အစိုးရပိုင်းကဖြစ်စေ၊ လွှတ်တော်ပိုင်းကဖြစ်စေ အရှိန်အဝါကိုယူပြီး ဝင်ရောက်စွက်ဖက်မှုကင်းရန်လိုအပ်ပါကြောင်း၊ လွတ်လပ်သည့် တရားစီရင်ရေး ဖြစ်စေလိုပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်စေရန် စောင့်ကြည့်ထိန်းညှိခြင်းမှလွဲ၍ ဝင်ရောက်စွက်ဖက်မှုကင်းရန် လိုအပ်ပါကြောင်း။

ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းသည် ပြည်သူ့ဘဏ္ဍာငွေဖြစ်သောနိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့်လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြသူများဖြစ်ပါကြောင်း၊ ပြည်သူလိုလားသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် ပြည်သူကိုသာ မျက်နှာမူရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံတော်၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး ပြည်သူကို အလုပ်အကျွေးပြုသည့် ဝန်ဆောင်မှုပေးရန်ဟု ခံယူရမည် ဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့်ကိုအာဏာဟု ထင်မြင်ပြီးလုပ်ဆောင်နေပါက ဒီမိုကရေစီလမ်းကြောင်း တိမ်းစောင်းသွားနိုင်သည်ကို သတိချပ်စေလိုပါကြောင်း၊ ယနေ့တွေ့ဆုံပွဲသို့တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ လက်အောက်ဝန်ထမ်းများကို စိတ်ဓာတ်ပြုပြင် ပြောင်းလဲအောင် တည့်မတ်ပေးရမည် ဖြစ်ပါကြောင်း၊ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အားလုံးက ပါဝင်နိုင်အောင်ကြပ်မတ်ပေးရမည်ဖြစ်ပါကြောင်း။

### အားလုံးပါဝင်စေလို

မူးယစ်ဆေးဝါးကိုလည်း ပိုမိုနှိမ်နင်းနိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်မှာ တိုင်းပြည်အတွက်နှင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် အရေးကြီးပါကြောင်း၊ မူးယစ်ဆေးဝါးကိုနှိမ်နင်းနိုင်မှသာ နိုင်ငံသာယာဖြောင့်ဖြူးနိုင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများတွင် ဝန်ထမ်းများ ပါဝင်နေပါကလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် အားလုံးပါဝင်စေလိုပါကြောင်း။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဗဟိုတွင် ထိထိရောက်ရောက် လုပ်ဆောင်နေပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့အထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် Corruption Prevention Units (CPU) များဖွဲ့စည်း ပြီးထိန်းကျောင်းရန်လည်း စီစဉ်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်နိုင်မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယင်းကိစ္စကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

### မွေးရာပါအခွင့်အရေး

လူ့အခွင့်အရေးအပိုင်းတွင်လည်း လူ့အခွင့်အရေးကို အရှိန်အဟုန်ဖြင့် ပိုမိုမြှင့်တင်ကာကွယ်ရမည် ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးသည် မွေးရာပါအခွင့်အရေး ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည်လည်း လူ့အခွင့်အရေး ကြေညာစာတမ်းတွင်အစောဆုံးလက်မှတ်ထိုးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တရားစီရင်ရေးတို့သည် အပြန်အလှန်ချိတ်ဆက်နေပါကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်နိုင်သည်နှင့်အမျှ ဒီမိုကရေစီအရေး၊ တရားစီရင်ရေးများလည်း ကွဲကူးရေပါ မြင့်တက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရားသူကြီးများအနေဖြင့် ရဲစခန်းအချုပ်များ၊ တရားရုံးအချုပ်များ၊ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများသို့ သွားရောက်၍ လူ့အခွင့်အရေး ချိုးဖောက်မှုများမရှိစေရေး စစ်ဆေးရန် သွားရောက်ကြည့်ရှုရန် လိုအပ်ပါကြောင်း။

လယ်ယာမြေ သိမ်းဆည်းခံရမှုများ ပြန်လည်ပေးအပ်ရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တိတိကျကျလုပ်ဆောင်ရန်လိုကြောင်း၊ နိုင်ငံတော်၏ မူဝါဒများကို လိုအပ်သလိုအဓိပ္ပာယ်ဖွင့်ဆိုခြင်းများဖြင့် မဆောင်ရွက်ကြစေလိုပါကြောင်း၊ စွန့်လွှတ်ပြီးမြေများကိုမူလပိုင်ရှင် တောင်သူလယ်သမားများထံ မြန်မြန်ဆန်ဆန် ပြန်လည်ရောက်ရှိစေရေးဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

### အကောင်းဆုံး ဆောင်ရွက်

မိမိတို့အားလုံးသည် ရရှိထားသည့် ရာထူး၊ အဆောင်အယောင်နှင့်လစာတို့ အပေါ်တွင် ဂုဏ်ယူရန်၊ ဝင့်ကြွားရန်မဟုတ်ပါကြောင်း၊ သမိုင်းအခြေအနေအရ မိမိပခုံးပေါ်သို့ ကျရောက်လာသည့် သမိုင်းပေးတာဝန်များကို မိမိဖြတ်သန်းသည့် ကာလတစ်ခုတွင် မည်မျှကျေပွန်စွာ လုပ်ဆောင်ခဲ့သည်ကို နောင်မျိုးဆက်သစ်များက တန်ဖိုးဖြတ်မည်ဖြစ်သည့်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါ်တင်အိက လွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက တရားလွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အုပ်ချုပ်ရေး၊ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် အခက်အခဲရှိသည်ကိုလည်း နားလည်သိရှိပါကြောင်း၊ ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နေထိုင်ရေးကိစ္စ အဆင်ပြေစေရန် အိမ်ရာများကိုလည်း ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အငြိမ်းစားဝန်ထမ်းများအတွက်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေအပေါ် မူတည်ပြီး ပင်စင်လစာငွေများ တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

**စာမျက်နှာ ၆ သို့ ❖**

# တတိယအကြိမ်မြောက် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်အမှာစကား

(၁၄ - ၁၂ - ၂၀၁၈)

ကျွန်မ ဒီပွဲမှာပြောချင်တဲ့ကိစ္စကတော့ ပရဟိတ၊ အတ္တဟိတ နှစ်ခုစလုံးကို ကြည့်ပြီးတော့ လုပ်ရတဲ့အထဲမှာ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် အရေးအကြီးဆုံးပဲလို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးလုပ်တဲ့လုပ်ငန်းရှင်ဆိုတာ ကိုယ့်ရဲ့လုပ်ငန်းကို အောင်မြင်အောင်လုပ်နိုင်မှ၊ ကိုယ့်လုပ်ငန်းရဲ့အကျိုးစီးပွားအတွက် ကိုယ်လုပ်နိုင်မှ ကိုယ့်ပတ်ဝန်းကျင်ရဲ့ အကျိုးစီးပွားအတွက်လုပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စီးပွားရေးလုပ်နေတဲ့ပုဂ္ဂိုလ်များအတွက် ပရဟိတနဲ့ အတ္တဟိတကို ယှဉ်ပြီးတော့ ကြည့်နိုင်ဖို့ဆိုတာ အင်မတန်အရေးကြီးပါတယ်။ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်လို့ရတယ်။ ဒါပေမယ့် ကျွန်မတို့လို တိုးတက်စနိုင်ငံမှာတော့ အားလုံးကဝိုင်းပြီးတော့ အများအကျိုးအတွက်ပါ စဉ်းစားပေးမှ ကျွန်မတို့နိုင်ငံဟာ တိုးတက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံတိုးတက်ဖို့ဆိုရင် ဘာတွေ

တစ်နည်းအားဖြင့် ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေးလမ်းကြောင်းဟာ ဒီမိုကရေစီလမ်းကြောင်းနဲ့အတူတူ ဆက်ပြီးသွားနေတာပဲ။ ကျွန်မတို့ ဒီမိုကရေစီရတယ်ဆိုတာဟာလည်း ကျွန်မတို့နိုင်ငံ ပိုပြီးတောင့်တင်းခိုင်မာစေဖို့၊ ကျွန်မတို့နိုင်ငံ ကမ္ဘာ့အလယ်မှာ လွတ်လွတ်လပ်လပ် ကိုယ့်ကိုယ်ပိုင်စွမ်းအားနဲ့ ရပ်တည်နိုင်အောင်လို့၊ ကျွန်မတို့ရဲ့ကံကြမ္မာကို ကျွန်မတို့ ဖန်တီးနိုင်အောင်လို့၊ အဲဒီတော့ လူငယ်လုပ်ငန်းရှင်များက တခြားသူတွေမတွေးထားတဲ့ကိစ္စတွေကို တွေးကြပါ။ တခြားနိုင်ငံမှာ မလုပ်သေးတဲ့ကိစ္စတွေကို လုပ်ကြပါ။ နိုင်ငံတော်တော်များများမှာဆို စီးပွားရေးလုပ်တဲ့သူတွေက စီးပွားရေးကိုပဲ ဇောက်ချပြီးလုပ်ကြပါတယ်။ ဒါဟာစီးပွားရေးတိုးတက်ဖို့သာ အဓိကလို့ထင်ကြပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံက လူငယ်စီးပွားရေးလုပ်ငန်းရှင်များက တစ်မူကွဲပြားပြီးတော့ ငါတို့စီးပွားရေးလုပ်တယ်ဆိုတာ ငါတို့အတွက်သာမကဘဲ ငါတို့နိုင်ငံ ဖွံ့ဖြိုး

ကျွန်မတို့နိုင်ငံသူ နိုင်ငံသားတွေ အားလုံးရဲ့စိတ်ထဲမှာ ရှိနိုင်အောင်လို့ ကျွန်မတို့ စီးပွားရေးလုပ်ငန်းရှင်များက ပြည်သူလူထုကို စိတ်လုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

ကိုယ့်ရဲ့စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ခြင်းအားဖြင့် ကိုယ့်ရဲ့နိုင်ငံ ပိုပြီးတော့ လုံခြုံအောင်လုပ်ပေးပါ။ ကျွန်မတို့နိုင်ငံလုံခြုံစေခြင်းဖြင့် ကျွန်မတို့ နိုင်ငံကို အေးချမ်းသာယာအောင်လုပ်ပေးပါ။ မလုံခြုံတဲ့လူတစ်ယောက်ဟာ စိတ်အေးချမ်းမှုမရှိနိုင်ဘူး။ မလုံခြုံတဲ့နိုင်ငံတစ်ခုဟာလည်း အေးချမ်းသာယာမှာ မဟုတ်ပါဘူး။

အဲဒီဟာအတွက်ကို ကျွန်မတိုက်တွန်းချင်ပါတယ်။ စီးပွားရေးဆိုတာ စီးပွားရေးသက်သက်ပဲ မရပ်တည်နိုင်ဘူး။ စီးပွားရေးအောင်မြင်ဖို့ဆိုတာ အစိုးရရဲ့မူဝါဒတွေနဲ့လည်း သက်ဆိုင်နေတယ်။ ထိုနည်းလည်းကောင်းပဲ





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တတိယအကြိမ်မြောက် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံတွင် အမှာစကားပြောကြားစဉ်။

လိုသလဲဆိုရင် ရိုးရိုးပိုက်ဆံရှိရုံနဲ့လည်း မလုံလောက်ပါဘူး။ ကျွန်မတို့ စီးပွားရေးအောင်မြင်တယ်ဆိုတာ ဘာအတွက်လဲ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုအတွက်ပဲ၊ ဒါပေမယ့် ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုနဲ့ မလုံလောက်ပါဘူး။

### ပညာရေးနဲ့ဆိုင်

ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားများအားလုံး စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုလိုအပ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုအတွက်ဆိုတာ စီးပွားရေးတစ်ခုတည်းနဲ့ မပြီးပါဘူး။ ကျန်းမာရေး၊ ပညာရေးလည်း အင်မတန်မှအရေးကြီးပါတယ်။ လူတစ်ယောက်ဟာ ကျန်းမာမှ၊ ကိုယ့်ရဲ့ကျန်းမာရေးအတွက် စိတ်ချရမှ စိတ်လုံခြုံမယ်။ နောက်ပြီးတော့လည်း ကိုယ်ရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်တဲ့အကြောင်းတွေရှိမှလည်း စိတ်လုံခြုံနိုင်မယ်။ အဲဒီဟာတွေက ပညာရေးနဲ့ဆိုင်ပါတယ်။

ကျွန်မတို့ရဲ့ လူငယ်လုပ်ငန်းရှင်များကို ကျွန်မတို့နိုင်ငံကို မတူတဲ့ပုံစံနဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားစေချင်တယ်။ တခြားနိုင်ငံတွေနဲ့မတူအောင်၊ စောစောကဆိုရင် လူငယ်လေးတွေကပြသွားတာကို ကျွန်မသိပ်သဘောကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံအားဖြင့် ကျွန်မတို့ မြန်မာယဉ်ကျေးမှု၊ မြန်မာအကပဲ။ ဒါပေမယ့်လည်း ခေတ်နဲ့လည်းညီအောင်လို့ တစ်ကမ္ဘာလုံးနဲ့လည်း ဆက်စပ်မှုရှိအောင်လို့ သူတို့သရုပ်ဖော်နိုင်တယ်။ ဒါကိုကျွန်မတို့ အားပေးရမယ်။ ရှေးကျွန်မတို့ရဲ့အစဉ်အလာ၊ ထုံးတမ်းအစဉ်အလာအကတွေကို၊ အနုပညာတွေကိုလည်း ဆက်ပြီးတော့ တိုးတက်အောင်လုပ်သလို အခုခေတ်နဲ့ ညီအောင်လို့လည်း ကျွန်မတို့လုပ်နိုင်ရမယ်။ ဘယ်လိုပဲပြောပြော ကမ္ဘာကြီးဟာ သူ့နေရာနဲ့သူ၊ တစ်နေရာနဲ့တစ်နေရာ ဆက်နွှယ်မှုအများကြီးရှိနေတဲ့အခါ ကျွန်မတို့ရဲ့လူငယ်တွေဟာ တခြားနိုင်ငံကလူငယ်တွေနဲ့ တူချင်တဲ့နေရာတွေမှာ တူချင်မှာပဲ။ ဒါကိုကျွန်မတို့က ဟန့်တားဖို့ဆိုတာ မသင့်တော်ဘူး။ ဟန့်တားစရာအကြောင်းလည်းမရှိဘူး။ ဒီလိုပဲ ကမ္ဘာကြီးကပြောင်းလာမှာပဲ။ ကျွန်မတို့ လူငယ်လုပ်ငန်းရှင်တွေကို အထူးပြောလိုတာက ကျွန်မတို့နိုင်ငံအတွက် အချက်နှစ်ခုကို တိုက်တွန်းချင်ပါတယ်။ တီထွင်တဲ့စိတ်ရှိရမယ်၊ အသစ်မြင်တဲ့စိတ်ရှိရမယ်။ ဒုတိယက ကျွန်မတို့နိုင်ငံကို ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်တဲ့နိုင်ငံတစ်ခုဖြစ်စေချင်တယ်။ ကျွန်မတို့ လွတ်လပ်ရေးရဖို့ ကြိုးပမ်းစဉ်အခါတုန်းကဆိုရင် လွတ်လပ်ရေးဖခင်ကြီးများက ကြွေးကြော်တာဟာ ကိုယ့်ရဲ့ကံကြမ္မာကို ဖန်တီးနိုင်ရမယ်။ ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်ဖို့ဆိုတာဟာ နိုင်ငံရေးတစ်ခုတည်းနဲ့ မပြီးပါဘူး၊ စီးပွားရေးနဲ့လည်း ဆိုင်ပါတယ်။ စီးပွားရေးတောင့်တင်းမှလည်း ကိုယ့်ရဲ့ကံကြမ္မာကို ကိုယ့်လက်ထဲမှာ စွဲစွဲမြဲမြဲဆုပ်ကိုင်ထားနိုင်မှာပါ။ အဲဒီဟာအတွက်ကို ကျွန်မတို့ရဲ့ လူငယ်လုပ်ငန်းရှင်များက ပံ့ပိုးပေးစေချင်တယ်။

တိုးတက်ဖို့အတွက်လည်း စီးပွားရေးလုပ်တာလို့ စိတ်ဓာတ်ကိုမွေးမြူကြပါ။ ဒါဟာခေတ်မရှိဘူးလို့မထင်ပါနဲ့။ ခေတ်မရှိဘူးဆိုရင်လည်း ဒါဟာ ကျွန်မတို့က ခေတ်ရှေ့ကပြေးနေတယ်လို့ပဲ မှတ်ထင်ရမှာပါ။ ခေတ်နောက်ကျနေတာ မဟုတ်ပါဘူး။ ရှေ့ကိုခေတ်ပြေးတဲ့အနေနဲ့ ကိုယ့်နိုင်ငံ ကိုယ့်အားကိုယ်ကိုးပြီးတော့ ရပ်တည်နိုင်အောင်လို့ ကျွန်မတို့ လူငယ်စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကူညီစေချင်ပါတယ်။

### မျှမျှတတတိုးတက်စေချင်

ဒီလိုကူညီဖို့ဆိုရင် ပထမဦးဆုံးအနေနဲ့တိုက်တွန်းချင်တာက ကိစ္စတစ်ခုကို လုပ်မကြည့်ဘဲနဲ့ မရပါဘူးလို့ အဲဒီလိုစိတ်ဓာတ်မထားပါနဲ့။ ကိစ္စတစ်ခုကို တခြားသူတွေ မလုပ်ဖူးလို့ မဖြစ်ပါဘူးလို့လည်း စိတ်ထဲမှာမထားပါနဲ့။ တခြားသူတွေမလုပ်ဖူးတဲ့ကိစ္စတွေ၊ မဖြစ်ဖူးတဲ့ကိစ္စတွေကို တို့တွေလုပ်မယ်၊ တို့တွေဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်ထားတွေနဲ့ ဆက်ပြီးတော့သွားစေချင်ပါတယ်။ အခုကျွန်မဒီကိုရောက်တော့ အဝင်ဝမှာမေးလိုက်တယ်။ နှစ်တိုင်းနှစ်တိုင်းတော့ လူငယ်လုပ်ငန်းရှင်များထဲမှာ မိန်းကလေးလုပ်ငန်းရှင်တွေက ရာခိုင်နှုန်းတက်တက်လာတယ်။ ဒီနှစ်ကော ဘယ့်နှယ်နေလဲပေါ့။ ကျွန်မ ပထမဦးဆုံး တက်တဲ့အခမ်းအနားမှာ ၄၉ ရာခိုင်နှုန်း၊ အရင်နှစ်ကဆို ၅၂ ရာခိုင်နှုန်း၊ ဒီနှစ်ဘယ်လိုရှိလဲဆိုတော့ ၅၈ ရာခိုင်နှုန်းရှိတယ်ပြောတယ်။ နည်းနည်း ယောကျ်ားလူငယ်တွေအတွက်တောင် စိတ်ပူသွားတယ်။ ဒီအတိုင်းသွားမယ်ဆိုရင်တော့ ကျွန်မတို့ရဲ့ လူငယ်စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးက မိန်းကလေးတွေများ ဖြစ်နေမလား၊ ကျွန်မတို့ ဒါကိုဂုဏ်ယူပါတယ်။ သို့သော်ငြားလည်း ဘာပဲပြောပြော ယောကျ်ားကလေးတွေ၊ မိန်းကလေးတွေ အတူတူ မျှမျှတတတိုးတက်စေချင်တယ်။

ကျွန်မတို့ ဒီလိုတိုးတက်ဖို့ရည်ရွယ်တဲ့အခါမှာ အများသိပြီးသားဖြစ်တဲ့ MSDP ကိစ္စတွေကိုတော့ မပြောတော့ပါဘူး။ ဒီဟာနဲ့ကိုက်ညီအောင် လူငယ်လုပ်ငန်းရှင်တွေလုပ်မယ်လို့ ယုံကြည်ပါတယ်။ ဒီလိုတိုးတက်အောင်လုပ်တဲ့အခါ နောင်ကျွန်မတို့ ဘယ်လိုနိုင်ငံမျိုးမှာ နေချင်သလဲ။ အနာဂတ်ကိုကြည့်ပြီးတော့ ဆုံးဖြတ်စေချင်တယ်။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံတော်တော်များများကို ကျွန်မရောက်ဖူးပါတယ်။ သွားတိုင်းသွားတိုင်း ကျွန်မစဉ်းစားမိတယ်။ ကျွန်မတို့နိုင်ငံကို ဒီလိုနိုင်ငံမျိုးဖြစ်စေချင်သလား၊ ကျွန်မကိုယ်တိုင်ကကော ဒီလိုနိုင်ငံမျိုးမှာ အသက်ထက်ဆုံးနေချင်သလား။ ဒီလိုပုံစံမျိုးကျွန်မအမြဲတမ်း စဉ်းစားပါတယ်။ ကျွန်မတို့ရဲ့လူငယ်လုပ်ငန်းရှင်တွေကိုလည်း အဲဒီလို စဉ်းစားစေချင်ပါတယ်။

အမှန်ပြောရရင် ကျွန်မတို့နိုင်ငံက ဘယ်လိုပဲဆင်းရဲဆင်းရဲ ကျွန်မအတွက်တော့ ဒီနိုင်ငံဟာ နေလို့အကောင်းဆုံးနိုင်ငံလို့ပဲ စိတ်ထဲမှာရှိပါတယ်။ အဲဒီလိုမျိုး အစိုးရတစ်ခု အောင်မြင်ဖို့ဆိုတာဟာလည်း စီးပွားရေးလုပ်ငန်းတွေနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် ကျွန်မတို့အတူတူပူးတွဲပြီးတော့ လုပ်ကြစို့၊ နိုင်ငံတော်အစိုးရနဲ့ စီးပွားရေးလုပ်ငန်းရှင်များပူးတွဲပြီးတော့ လုပ်တယ်ဆိုတာ ဘာအတွက်လဲဆိုတော့ နိုင်ငံတိုးတက်ရေးအတွက်၊ နိုင်ငံသူ နိုင်ငံသားများရဲ့ လုံခြုံရေးနဲ့ စိတ်ချမ်းသာရေးတို့အတွက်ပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ စီးပွားရေးလုပ်ငန်းရှင်များဟာ ပထမဦးဆုံးအနေနဲ့ ဘယ်လိုနိုင်ငံမျိုး လိုချင်တာလဲဆိုတာ လေးလေးနက်နက်စဉ်းစားပါ။ အထူးသဖြင့် လူငယ်တွေက စဉ်းစားဖို့လိုပါတယ်။ လူငယ်တွေက အကြာကြီးနေသွားရမှာ၊ လူကြီးတွေထက်စာရင် လူကြီးတွေက ဒီလောကထဲကပိုပြီးတော့ စောစောထွက်သွားရမယ့်သူတွေဖြစ်တယ်။ လူငယ်တွေက ဆက်ပြီးနေရမယ်။

### စဉ်းစားစေချင်

ကျွန်မတို့စီးပွားရေးလုပ်ငန်းရှင်များ တော်တော်များများဟာ မိသားစုတွေ စပြီးထူထောင်နေတဲ့ အရွယ်တွေဖြစ်နေပါပြီ။ ကိုယ့်ရဲ့သားသမီးတွေဟာ ဘယ်လိုနိုင်ငံမျိုးမှာ ကြီးပြင်းလာစေချင်သလဲ၊ ဘယ်လိုစိတ်ဓာတ်တွေနဲ့ကြီးပြင်းလာစေချင်သလဲဆိုတာ စဉ်းစားစေချင်ပါတယ်။ အခုဆိုရင် နည်းပညာတိုးတက်မှုတွေကြောင့် ကလေးသူငယ်များဟာ မိမိတို့မိဘတွေ မသိတဲ့ကိစ္စတွေကို အများကြီးသိကြတယ်။ ကောင်းတာလည်းပါတယ်၊ ဆိုးတာလည်းပါတယ်။ မိမိတို့ရဲ့မိဘတွေ သွန်သင်ဆုံးမရုံနဲ့မပြီးတော့ဘူး။ ထပ်ပြီးတော့ ပြောရရင် လက်ကိုင်ဖုန်းတွေရဲ့ သွန်သင်ဆုံးမမှုတွေဟာလည်း အင်မတန်မှ အင်အားကြီးလာပါတယ်။ အဲဒီဟာလည်း တစ်ဖက်ကကောင်းသလို တစ်ဖက်ကမကောင်းဘူး။ ကျွန်မသတိပြုမိတဲ့ ကလေးငယ်များဟာ ဥပမာ အင်္ဂလိပ်ဘာသာစကားကို ဆဲလ်ဖုန်းတွေကကြည့်ပြီး အင်တာနက်၊ ဖေ့စ်ဘွတ်ကနေကြည့်ပြီးပဲ မြန်မြန်ဆန်ဆန်တတ်လာတယ်။ ဒါပေမယ့်လည်း အင်္ဂလိပ်ဘာသာစကားနဲ့အတူတူ တခြားဟာတွေလည်း တတ်လာပါတယ်။ ဒါဟာ ဖြစ်သင့်မဖြစ်သင့် အဲဒါကို ကျွန်မတို့ စဉ်းစားရမယ်။ နည်းပညာတွေဆိုတာ အပြုသဘောဆောင်တာတွေလည်းရှိတယ်။ အပြုသဘောမဆောင်တာတွေလည်းရှိတယ်။ အနုတ်လက္ခဏာရှိသလို အပေါင်းလက္ခဏာတွေလည်းရှိတယ်။ အဲဒါကို ကျွန်မတို့ အမြဲတမ်းချင့်ချိန်ရမယ်။ တိုးတက်ဖွံ့ဖြိုးမှုဆိုတာလည်း အပေါင်းလက္ခဏာရှိသလို၊ အနုတ်လက္ခဏာလည်းရှိတာပဲ။ အားလုံးက အပေါင်းလက္ခဏာချည်းပဲမဟုတ်ဘူး။ ဒါပေမယ့် ကိုယ့်ဟာကိုယ် ဘယ်လောက် အပေါင်းလက္ခဏာဘက်ကများသလဲဆိုတာကို ဆုံးဖြတ်နိုင်တဲ့ အရည်အချင်းရှိအောင်လို့ ကျွန်မတို့ရဲ့ပြည်သူပြည်သားများကို အားပေးစေချင်ပါတယ်။ အထူးသဖြင့် ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက အားပေးစေချင်ပါတယ်။

စာမျက်နှာ ၆ သို့ »»

❖ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်သို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ စေတီတော်အတွက် အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းပြီးနောက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စေတီတော်ရင်ပြင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မော်လမြိုင်မြို့ ဆိပ်ကမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

»» စာမျက်နှာ ၅ မှ

ကျွန်မတို့ တစ်ကမ္ဘာလုံးမှာဆိုရင် ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲတဲ့နေရာမှာ မြန်မာလူမျိုးနဲ့ နှိုင်းယှဉ်နိုင်တဲ့ လူမျိုးမရှိဘူးဆိုပြီးတော့ သုံးသပ်ချက်တွေရှိပါတယ်။ ဒါပေမယ့် ရက်ရက်ရောရောပေးရုံနဲ့ မလုံလောက်ပါဘူး။ စနစ်တကျပေးတတ်ဖို့လည်း အင်မတန်မှ အရေးကြီးပါတယ်။ ရက်ရက်ရောရောပေးပြီးတော့ ဒါဟာ အဟောသိကံဖြစ်သွားလို့ရှိရင် ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ဟာ စနစ်ရှိဖို့လိုတယ်။ စည်းကမ်းရှိဖို့လိုတယ်။ ဆင်ခြင်တုံတရားရှိဖို့လိုတယ်။ ကိုယ်ပေးကမ်းခြင်းဟာ အများအတွက် အကျိုးဖြစ်အောင်လို့တော့ သေသေချာချာ စဉ်းစားပြီးတော့ လုပ်စေချင်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အထကိုလည်း ကျွန်မတို့ အားပေးစေချင်ပါတယ်။

**ထပ်တလဲလဲပြောရတဲ့ကိစ္စ**

အဲဒါလည်း ကျွန်မထပ်တလဲလဲပြောရတဲ့ကိစ္စ၊ ကျွန်မတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ အားနည်းချက်တစ်ခုဟာ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ အားနည်းချက်ရှိတာပါပဲ။ ကိုယ်တစ်ယောက် အောင်မြင်ဖို့အတွက်၊ တိုးတက်ဖို့အတွက် လုပ်တာတွေများပါတယ်။ ဒါဟာလည်း မိဘတွေရဲ့ သွန်သင်ဆုံးမမှုနဲ့လည်း ဆိုင်ကောင်းဆိုင်ပါလိမ့်မယ်။ ကျွန်မတို့ရဲ့ ဆယ်စုနှစ်ပေါင်းများစွာရှိခဲ့တဲ့ ပညာရေးစနစ်နဲ့လည်း ဆိုင်ပါလိမ့်မယ်။ ကျွန်မခဏခဏပြောပါတယ်။ အမှတ်အများဆုံး ရတဲ့သူကမှ ကိုယ်လုပ်ချင်တာလုပ်နိုင်တယ်ဆိုတဲ့ စနစ်မှာဆိုရင် ကိုယ်တစ်ယောက်တည်း ကောင်းဖို့အတွက်ပဲ စဉ်းစားကြမှာပဲ။

ကိုယ့်အမှတ်များမှ ကိုယ်လိုက်ချင်တဲ့ ဘာသာရပ်ကို လိုက်လို့ရမယ်။ အဲဒီတော့ ကျွန်မတို့ပညာရေး စနစ်ကိုပြောင်းတယ်ဆိုတာလည်း ကျွန်မတို့ ပြည်သူပြည်သားတွေ အရည်အချင်းဆိုတာဟာ ရုပ်ပိုင်းဆိုင်ရာဘက်မှာ တိုးတက်အောင် လုပ်နိုင်ဖို့တင်မကပါဘူး။ စိတ်ပိုင်းဆိုင်ရာအရ အရည်အချင်း တက်လာအောင်လုပ်တာပါ။ အတူတူပူးပေါင်းဆောင်ရွက်နိုင်အောင်လို့၊ ဒါဟာ ပညာရေးလောကမှာ အားပေးနေသလို စီးပွားရေးလောကမှာ လူငယ် လုပ်ငန်းရှင်များဟာ အတူပူးပေါင်းဆောင်ရွက်ရေးကို အားပေးစေချင်ပါတယ်၊ မြှင့်တင်ပေးစေချင်ပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုတည်း အောင်မြင်ဖို့၊ ကိုယ့်လုပ်ငန်းတစ်ခုတည်းအောင်မြင်ဖို့အတွက်ပဲ မစဉ်းစားဘဲနဲ့ တခြားသူတွေရဲ့ လုပ်ငန်းတွေလည်းအောင်မြင်ဖို့ စဉ်းစားပေးစေချင်ပါတယ်။ တစ်ယောက်ကောင်းအတွက်မဟုတ်ဘူး၊ အများကောင်းဖို့အတွက်၊ အများအကျိုးအတွက် ဆောင်ရွက်ခြင်းအားဖြင့် ကိုယ့်အကျိုးလည်းအောင်မယ်ဆိုတဲ့ စိတ်ဓာတ်ကို ကျွန်မတို့အနေနဲ့ အထူးအားပေးစေချင်ပါတယ်။

အဲဒီတော့ ကျွန်မတို့ဘာပဲလုပ်လုပ် ရေရှည်ခိုင်မာဖို့ ရေရှည်တည်တံ့ခိုင်မြဲဖို့ လုပ်ဖို့ဆိုတာဟာ အဓိကပါပဲ။ ရေတိုကြည့်လို့မဖြစ်ပါဘူး။ တစ်ခဏလေး ကောင်းဖို့အတွက်မဟုတ်ပါဘူး။ ကျွန်မတို့ အခုလုပ်နေတဲ့ကိစ္စက တစ်နေ့ကောင်းဖို့လည်းမဟုတ်ဘူး၊ တစ်လကောင်းဖို့လည်းမဟုတ်ဘူး၊ တစ်နှစ်ကောင်းဖို့လည်းမဟုတ်ဘူး၊ ပြောရမယ်ဆိုရင် ရွေးကောက်ပွဲသက်တမ်း တစ်ခုကောင်းဖို့လည်းမဟုတ်ပါဘူး။ ဒါဟာကျွန်မတို့ ထပ်တလဲလဲပြောရပါတယ်။ နိုင်ငံရေးလောကမှာဆိုရင် အဆိုရှိတဲ့အတိုင်းပဲ တကယ်နိုင်ငံရေးလုပ်စားနေတဲ့သူတွေကတော့ နောက်ရွေးကောက်ပွဲအတွက်ပဲစဉ်းစားတယ်။ ဒါပေမယ့် နိုင်ငံ့အရေးလုပ်တဲ့သူတွေက နောက်မျိုးဆက်အတွက်စဉ်းစားတယ်။ အဲဒါကို ကျွန်မတို့စီးပွားရေး လုပ်ငန်းရှင်များကလည်း ဒီအတိုင်းပဲ စိတ်ထဲမှာထားစေ ချင်ပါတယ်။

ကိုယ့်အတွက်ပဲကိုယ်လုပ်နေတာလား၊ ကိုယ့်နိုင်ငံအတွက် လုပ်နေတာလား၊ ကိုယ့်အောင်မြင်မှုတစ်ခုအတွက်ပဲလုပ်နေတာလား၊ နိုင်ငံ အောင်မြင်မှုအတွက် လုပ်နေတာလား။ အဲဒါကိုစဉ်းစားကြည့်တော့ ဒါကို ခေတ်မရှိတဲ့ အတွေးအခေါ်လို့မထင်ပါနဲ့။ ခေတ်ကိုရှေ့ပြေးတဲ့ အတွေးအခေါ်လို့ ထင်စေချင်ပါတယ်။ တခြားနိုင်ငံများ အခုရင်ဆိုင်နေရတဲ့ ပြဿနာတော်တော်များများဟာ ဒီလိုအများအကျိုးဆိုတာ ကိုယ့်အကျိုးပဲဆိုတဲ့ စိတ်ဓာတ်မရှိတာ၊ ကိုယ့်အကျိုးဆိုတာ အများအကျိုးအတွက် ဘယ်လိုမှ ခွဲခြားလို့မရဘူးဆိုတဲ့ စိတ်ဓာတ်မရှိတာလည်းပါပါတယ်။

**ကောင်းတဲ့ဟာတွေကို လက်မလွှတ်ပါနဲ့**

နောက်ဆုံးတစ်ခု ကျွန်မပြောချင်တာကတော့ ခေတ်နဲ့အညီ ပြောင်းလဲဖို့ ကျွန်မတို့ ဟိုးရှေးရှေးကတည်းက လက်ခံခဲ့တဲ့၊ ဆုပ်ကိုင်ခဲ့တဲ့ စံနှုန်းထားတွေ၊ တန်ဖိုးထားမှုတွေ ကောင်းတဲ့ဟာတွေကို လက်မလွှတ်ပါနဲ့။ ရှေးဆန်လို့၊ ပိုလို့ဟောင်းလို့ မကောင်းဘူးဆိုပြီးတော့ အဲဒီလိုမသတ်မှတ်ပါနဲ့။ ဒါကြောင့် ကျွန်မတို့ စောစောက ကလေးတွေရဲ့ ကတာကို သဘောကျတယ်ဆိုတာ ဟိုတုန်းကတည်းက ကျွန်မတို့ရဲ့ ထုံးတမ်းစဉ်လာအရ ကကြိုးတွေကိုလည်း သူတို့မမေ့ဘူး။ ဒီဟာတွေကိုလည်းဆက်ပြီးတော့ ထိန်းသိမ်းတယ်။ ထိန်းသိမ်းရင်းနဲ့ ခေတ်နဲ့အညီဖြစ်အောင်လည်းလုပ်တယ်ဆိုတာ ကျွန်မတို့နိုင်ငံမှာဆိုရင် ထုံးတမ်းစဉ်လာအရ တန်ဖိုးထားခဲ့တဲ့ အလေ့အထတွေ တချို့ဟာ တကယ့်ကို တန်ဖိုးရှိတာပါ။ ဥပမာဆိုရင် ယဉ်ကျေးသိမ်မွေ့တာ၊ လူကြီးသူကြီးကိုရိုသေတာ၊ တချို့တွေက လူကြီးသူကြီးကို ရိုသေတာ ခေတ်မရှိဘူးလို့ ထင်ကြတယ်။ လူကြီးကိုဘာလို့ ရိုသေရသလဲဆိုတာ ကျွန်မကငယ်ငယ်ကတည်းက စဉ်းစားတယ်။ ဘာဖြစ်လို့ လူကြီးတွေကို ရိုသေရတာလဲ။ ကျွန်မအမြင်မှာတော့ လူတိုင်းလူတိုင်းဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းနဲ့ မကင်းတဲ့အခါကျတော့ အသက်ကြီးလာတယ်။ အသက်ကြီးလာတဲ့အမျှ ဘယ်လိုပဲပြောပြော၊ ဘယ်လောက်ပဲကျန်းမာရေး စောင့်ရှောက်မှုကောင်းကောင်း အင်အားတွေလျော့လာတယ်။ အင်အားတွေလျော့လာတဲ့အခါကျတော့ အင်အားလျော့လာတဲ့ ပုဂ္ဂိုလ်တွေကို အထူးလေးစားတယ်ဆိုတာ ကောင်းတာဖြစ်ပါတယ်။ ကလေးလေးတွေကို ကျွန်မတို့ ပြုစုတယ်။ ကလေးလေးတွေအပေါ် ကရုဏာထားတယ်။ ကလေးလေးတွေအပေါ်မှာ ကျွန်မတို့အင်မတန်မှ ဂရုတစိုက်နဲ့ သိမ်သိမ်မွေ့မွေ့ဆက်ဆံတယ်။ အင်အားလျော့နည်းလာတဲ့ လူကြီးတွေကိုကော ဒီအတိုင်းမလုပ်သင့်ဘူးလား။ ဒီလိုစိတ်ဓာတ်နဲ့ လူကြီးသူကြီးတွေကို ရိုသေတဲ့၊ လေးစားတဲ့၊ ပြုစုစောင့်ရှောက်ချင်တဲ့ စိတ်ဓာတ်တွေကို မွေးမြူစေချင်တယ်။ ဒါကြောင့်မို့လို့ ငယ်ငယ်ကတည်းက လူကြီးသူကြီးတွေကို ရိုသေလေးစားဖို့ဆိုပြီး သင်တာလို့ ကျွန်မကတော့ ဒီလိုပဲစိတ်ထဲမှာ နှလုံးသွင်းထားပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ လူကြီးတွေကလည်း လူငယ်တွေကို အထူးအလေးပေးပြီးတော့ ဂရုစိုက်ပေးဖို့လည်း လိုပါတယ်။

လူငယ်စီးပွားရေးလုပ်ငန်းရှင်တွေကိုပဲ ပြောတယ်ဆိုပေမယ့် ဒါဟာ လူကြီး စီးပွားရေးလုပ်ငန်းရှင်တွေနဲ့လည်း အင်မတန်သက်ဆိုင်ပါတယ်။ ကျွန်မတို့လူငယ်များကို ပြုစုပျိုးထောင်ပေးဖို့တာဝန်ဟာ လူကြီးတွေမှာရှိပါတယ်။ လူငယ်များရဲ့လမ်းပိုမိုဖြူးဖြောင့်ဖို့ လူကြီးတွေက လမ်းခင်းပေးရပါမယ်။

**ကိုယ့်ခေတ်အတွက်တင်မဟုတ်**

ကိုယ်ခင်းထားတဲ့လမ်းဟာ အခုကျွန်မတို့နိုင်ငံမှာ သိကြပါတယ်။ ဘယ်လမ်းတွေဟာ တစ်ချိန်လုံးပေါက်နေလဲဆိုတာကိုဆိုတာ။ အစ လမ်းခင်းကတည်းက မကောင်းတဲ့ပစ္စည်းတွေနဲ့၊ မကောင်းတဲ့နည်းပညာတွေနဲ့ ခင်းထားတဲ့လမ်းတွေဟာ လွယ်လွယ်နဲ့ပျက်မယ်၊ လွယ်လွယ်နဲ့ ပေါက်မယ်။ တကယ်ကောင်းတဲ့ပစ္စည်းတွေ၊ ကောင်းတဲ့ နည်းပညာတွေနဲ့ ခင်းထားတဲ့ လမ်းတွေဆိုတာ ကိုယ့်တစ်သက်မကဘူး၊ နောင်လာမယ့် မျိုးဆက်တွေအတွက် ဆက်လက်ပြီး တည်ရှိသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့လူငယ် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်ခေတ်အတွက်တင်မဟုတ်ဘူး၊ ကိုယ့်အတွက်တင်မဟုတ်ဘူး။ နောင်လာနောက်သားတွေအတွက် စီးပွားရေးလမ်းကြီး ဖြူးဖြောင့်သွားအောင်၊ ကျွန်မတို့နိုင်ငံရဲ့ လုံခြုံရေးတောင့်တင်းခိုင်မာအောင်၊ ကျွန်မတို့နိုင်ငံသူနိုင်ငံသားတို့ရဲ့ စိတ်ဓာတ်မြင့်မားလာအောင်အတွက် ကြိုးစားပြီးတော့ စီးပွားရေးဘက်ကနေပြီး လုပ်ပေးကြပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်။

❖ ဒုတိယသမ္မတမှ

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအလှကုန်အသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ Myanmar Business Initiatives မှ ဟိုတယ်နှင့် ခရီးလုပ်ငန်းအဖွဲ့နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စတင်ဖွဲ့စည်းခဲ့**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးပြောင်းလဲတိုးတက်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို အမြန်ဆုံးဖြေရှင်းနိုင်ရန်အတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး ကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုတွေ့ဆုံဆွေးနွေးပွဲသည် (၂၂)ကြိမ်မြောက်ဖြစ်ပြီး ပြီးခဲ့သည့် (၂၁)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်များအားလုံးကို သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် အကြောင်းပြန်ကြားပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်များအပေါ် အမြန်ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို အမြန်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် ပြည်ပသို့ အပင်နှင့် အပင်ထွက်ပစ္စည်းများတင်ပို့ရာတွင် သီးနှံဓာတ်ကြွင်းပါဝင်မှု စစ်ဆေးထောက်ခံချက် (Phytosanitary Certificate - PC) ကို နှစ်ကြိမ်လျှောက်ထားနေရခြင်းအား ဖြေလျှော့ပေးရန် တင်ပြခဲ့ခြင်းအပေါ် တစ်ကြိမ်သာလျှောက်ထားရန် ဖြေလျှော့ပေးနိုင်ခဲ့ပါကြောင်း။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန်ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်ပေးရန် တင်ပြလာမှုအပေါ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၉)ခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိ ဖမ်းဆီးအရေးယူမှု အကြိမ် ၂၄၀ တန်ဖိုးငွေကျပ် ၅ ဒသမ ၁၃ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

အချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပြီး ဆွေးနွေးပွဲများပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသောအခန်းကဏ္ဍတွင် တည်ရှိပြီး နှစ်စဉ် ကုန်သွယ်မှုပမာဏတိုးတက်စေရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၃၃ ဒသမ ၅၃) ဘီလီယံအထိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလထိ (၆)လတာကာလအတွင်း ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၈ ဒသမ ၃)ဘီလီယံကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ နိုဝင်ဘာလကုန်တို့၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ (၅ ဒသမ ၁၀၆) ဘီလီယံအထိရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ (သုည ဒသမ ၃၅၃) ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆိုပါ ကုန်သွယ်မှုတွင် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ (၄ ဒသမ ၇၂၀) ဘီလီယံပါဝင်သည့်အတွက် ( ၈၆ ရာခိုင်နှုန်း)အထိ တိုးတက်ဆောင်ရွက်နိုင်သည်ကို တွေ့ရပါကြောင်း၊ ကုန်သွယ်မှုပမာဏများကိုကြည့်လျှင် သွင်းကုန်တန်ဖိုးသည် ပို့ကုန်တန်ဖိုးထက် များနေသဖြင့် ပို့ကုန်များကို တိုးမြှင့်ဆောင်ရွက်ပြီး သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေးကို ကြိုးစားကြစေလိုပါကြောင်း။

**အချိန် ၅ လသာကျန်ရှိ**

ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည့် Doing Business Report အပေါ်မူတည်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာ ၃၁ ရက်တွင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည့် Doing Business 2019 Report ၌ မြန်မာနိုင်ငံ၏ အဆင့်သည် ယခင်နှစ် အဆင့်အတိုင်းပြောင်းလဲမှုမရှိသော်လည်း အမှတ်တိုးမြှင့်ရရှိခဲ့ပါကြောင်း၊ Ease of Doing Business အဆင့် ပိုမိုတိုးတက်ရရှိရေးအတွက် သက်ဆိုင်ရာ Indicator တစ်ခုချင်းအလိုက် ပြုပြင်ပြောင်းလဲမှုများကို အနည်းဆုံး (၃)ခုနှင့်အထက် ဆောင်ရွက်သွားကြရန်နှင့် ထိုသို့ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် Action Plan များကို စနစ်တကျရေးဆွဲပြီး ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားကြရန် (၆- ၁၂- ၂၀၁၈)ရက်နေ့တွင် ကျင်းပခဲ့သည့် အဌမအကြိမ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးတွင် ဆုံးဖြတ်ပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် Doing Business 2020 Report တွင် အဆင့်တိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရန် အချိန် ၅ လသာကျန်ရှိသဖြင့် အမြန်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေးလုပ်ကိုင်မှု လွယ်ကူချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန် အထောက်အထားစာရွက်စာတမ်းလိုအပ်ချက်၊ လုပ်ဆောင်သည့်ကြာမြင့်ချိန်၊ ကုန်ကျစရိတ်စသည်တို့တွင် မလိုအပ်သည့်အဆင့်များကို ဖြေလျှော့ပေးရန်လိုအပ်ပါကြောင်း၊ ပြတင်းတစ်ပေါက်တည်းဝင်သွားပြီးလျှင် လုပ်ငန်းကိစ္စအားလုံးပြီးပြည့်စုံသည့် Single Window စနစ်ကိုလည်း ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့်အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့်ကဏ္ဍများနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေမှုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း၊ အခြေပစ္စည်းများစာရင်းနှင့် ပိုင်ဆိုင်မှုမှတ်တမ်းများကို စနစ်တကျဆောင်ရွက်ထားရှိရန်နှင့် MSMEs လုပ်ငန်းများအတွက် ချေးငွေရရှိရန် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် ဆွေးနွေးပွဲများ၊ ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအလှကုန်အသင်းဥက္ကဋ္ဌ ဦးကျော်မင်း၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်စိန်၊ Myanmar Business Initiatives၊ ဟိုတယ်နှင့်ခရီးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းလှိုင်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးမင်းထွန်းမြင့်တို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စည်းကမ်း၊ ဥပဒေများကို လိုက်နာကျင့်သုံးမည်ဆိုပါက လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျော့နည်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားတင်ပြခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ဒက္ခိဏသီရိမြို့နယ်ရှိ ရန်အောင်မြင်ဆည် ရေဝပ်ဧရိယာတွင် ပါဝင်သိမ်းဆည်းခံခဲ့ရသော တောင်သူများအား အခြားတောင်သူများနည်းတူ နိုင်ငံတော်မှ လယ်ယာမြေ ထောက်ပံ့ကြေးနှင့် သီးနှံလျော်ကြေးများပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ရန်အောင်မြင်ရေလှောင်တမံ ရေဝပ်ဧရိယာအတွင်း ပါဝင်သော ကြိုးဝိုင်းတောမြေဧရိယာ ကြေးတိုင်စိုက်ကွင်းဧရိယာနှင့် တောင်သူတစ်ဦးချင်းမှ လုပ်ကိုင်ခဲ့သော မြေအမျိုးအစားနှင့် မြေဧကများကို စိစစ်ပြီးပါက လယ်ယာမြေများအတွက် လယ်ယာမြေလျော်ကြေး၊ သစ်တောကျူး စိုက်ပျိုးမြေများအတွက် ထောက်ပံ့ကြေးများကို တွက်ချက်ပြီး ရေလှောင်တမံကို တာဝန်ယူတည်ဆောက်ခဲ့သော ဝန်ကြီးဌာန(သို့မဟုတ်) လက်ရှိရေလှောင်တမံ အသုံးပြုလျက်ရှိသော နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ ပေးလျော်ထောက်ပံ့နိုင်ရေး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ **ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့၌ရှိသော ကန်သာယာ(အုတ်ဖိုအင်း)အား ကန်သာယာကန်ပတ်လမ်းနှင့် ကန်သာယာ၏ အရှေ့ဘက်ကမ်းပါးတွင် မြို့နယ်ခန်းမဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက အဆိုပါလုပ်ငန်းဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေးတွက်ချက်မှုစာရင်းအရ ကျောက်ကြီးမြို့နယ် ခန်းမဆောက်လုပ်ခြင်းအတွက် (သံကူကွန်ကရစ်) အလျားပေ ၁၀၀၊ အနံ ၆၈ပေ၊ အမြင့် ၁၄ ပေ ဖြစ်ပြီး ခန့်မှန်းကျငွေ ငွေကျပ် ၂၀၄ သန်း၊ ကန်ပတ်လမ်းဖောက်လုပ်ခြင်းအတွက် မြေသားအလျားပေ ၂၂၀၀၊ အကျယ်(အကျဉ်းဆုံးနေရာတွင် ၁၈ ပေ၊ အကျယ်ဆုံးနေရာတွင် ၂၄ ပေ) အမြင့်ထု ၆ ပေဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၁၅ သန်း၊ ကန်ပတ်လမ်းပေါ်တွင် တံတားနှစ်စင်း ဆောက်လုပ်ခြင်းအတွက် (သံကူကွန်ကရစ်) အကျယ် ၁၂ ပေ၊ အလျား ၂၄ ပေ၊ အမြင့်ထု ၆ ပေဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ငွေကျပ် ၂၅ သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေ ငွေကျပ် ၂၄၄ သန်း ကုန်ကျမည်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ဘတ်ဂျက်ရန်ပုံငွေလုံလောက်မှု မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် သီးခြားထောက်ပံ့ရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်းနှင့် တောင်းခံရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



နေပြည်တော်ကောင်စီဝင်
ဦးညီထွန်း



လေးမျက်နှာမဲဆန္ဒနယ်မှ
ဦးဇော်မင်းသိန်း

## ငမိုးရိပ်ချောင်း မြေထိန်းနံရံတည်ဆောက်ပေးရန် ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံသွားမည်

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၏ **ငမိုးရိပ်ချောင်း ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသော သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်(၃၀)ရပ်ကွက်၊ သပြေလမ်းပတ်ဝန်းကျင်အား ကျောက်သားမြေထိန်းနံရံ (Retaining Wall) အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသာဦးက လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော အဆိုပါနေရာသည် အမှန်တကယ်ဆောင်ရွက်ပေးရန် လိုအပ်နေသော်လည်း ယခုဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေပါဝင်ခြင်းမရှိသောကြောင့် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းနှင့် မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်အေးမြမြမျိုးက ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့်က ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျီ ဆန်မိုင်နှင့် ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးတို့က ဆွေးနွေးကြသည်။

ယင်းနောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးရန်လင်းက ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအစီရင်ခံစာအား သဘောတူလက်ခံရန် ကော်မတီဝင် ဒေါက်တာတင်ဌေးအောင်က အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထား ရယူအတည်ပြုသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ကော်မတီဝင် ဦးဇော်ဝင်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်ကသဘောတူ အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း တင်သွင်းသည့် **တစ်နေ့တခြားများပြားလာသည့် ယာဉ်တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အား အကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျော့ချနိုင်ရန် နိုင်ငံတော်အဆင့် အမျိုးသားယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) ဖွဲ့စည်းပြီး ဆောင်ရွက်နေသော်လည်း ပြည်သူများလိုက်နာကျင့်သုံးဆောင်ရွက်မှု ရလဒ်ကောင်းများရရှိမှု အားနည်းသည့်အပေါ် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ လိုအပ်ချက်များ ဖြည့်ဆည်းကာ ပိုမိုအရှိန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**စာမျက်နှာ ၉ သို့ »»**

# ဖလမ်းမြို့နယ် သီးကျိုရ်အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ၂၀၁၉-၂၀၂၀ တွင် အဆင့်တိုးမြှင့်ပေးရန် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ပလက်ဝမြို့နယ်၊ ချင်းဒေါက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေး

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ချင်းဒေါက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ပေ (၁၂၀ × ၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပလက်ဝမြို့နယ် ချင်းဒေါက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လက်ရှိကျောင်းသားဦးရေနှင့် စာသင်ဆောင်အခြေအနေအရ တိုးချဲ့ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် လိုအပ်သောရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ် ဖလမ်းမြို့နယ် သီးကျိုရ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် သီးကျိုရ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ (၄၆) ဦးသာရှိသော်လည်း အနီးဆုံး အလယ်တန်းအဆင့်သင်ကျောင်းဖြစ်သော တီအိုချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ၁၃ မိုင်ခန့်ကွာဝေးနေသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အခွင့်အလမ်း ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်သည့်အချိန်တွင် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရန် စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အန္တရာယ်ရှိ ကျောင်းဆောင်အတွက် ပေ (၆၀ × ၃၀) သွပ်မိုးအုတ်ညှပ်တစ်ထပ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အန္တရာယ်ဆောင်ဖြစ်နေသည့် ကျောင်းဆောင်အစား ကျောင်းဆောင်အသစ်တစ်ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ် (၄) မှ ဦးဇုန်လှယ်ထန်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ် တောင်ကုတ်ဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်သင်ကြားခွင့်ကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် လိုအပ်သည်များအား အပြီးသတ်ဆောင်ရွက်ပေးပြီး ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တောင်ကုတ်ဒီဂရီကောလိပ်တွင် သင်ကြားရေးဘာသာရပ် ၁၂ ခုအတွက် ခွင့်ပြု ဆရာ ဆရာမ ၃၁၅ ဦး အနက် ၁၁၈ ဦးခန့်ထား၍ စီမံခန့်ခွဲရေး ဝန်ထမ်း ၉၀ ခန့်ထားပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်အဆင့် တိုးမြှင့်မည် ဆိုပါက ဘွဲ့ကြိုတန်း၊ ဂုဏ်ထူးတန်းနှင့် မဟာအရည်အချင်းစစ်သင်တန်းများအပြင် ဒီပလိုမာ သင်တန်း၊ M.Phil နှင့် မဟာဘွဲ့သင်တန်းများပါ သင်ကြားပို့ချမည်ဖြစ်ပါကြောင်း။

တိုးမြှင့်လာမည့် ကျောင်းသားဦးရေနှင့် သင်တန်းများအတွက် ဆရာ ဆရာမ အင်အား၊ ဝန်ထမ်းအင်အားများ ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များရှိပါကြောင်း၊ အဆိုပါလိုအပ်ချက်များကို ဘဏ္ဍာရေးနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ကျောင်းသား၊ ဆရာ၊ သုတေသန ဆောင်ရွက်မှုအခြေအနေ၊ နေ့သင်တန်း၊ အဝေးသင်သင်တန်း၊ ဘွဲ့ကြိုဂုဏ်ထူးတန်း၊ သုတေသနဆိုင်ရာများ၊ ဆရာ ဆရာမ လုံလောက်မှုအခြေအနေ၊ စာသင်ခန်းလုံလောက်မှုအခြေအနေ၊ သင်ထောက်ကူ ပစ္စည်းအခြေအနေ၊ စာကြည့်တိုက်အခြေအနေ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်အခြေအနေ လိုအပ်ချက်များကို အဆင့်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှုန်အောရ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်လှဌေး (ခ) ဒေါ်အုန်းကြည်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို** ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို ဒီဇင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ချက်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ဖွဲ့စည်းမှု၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပေးနိုင်ခဲ့မှု၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့်ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေး စံ(၅)ချက်ဖြင့် ဦးတည်ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲများ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်လျက်ရှိမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

သံအမတ်ကြီးက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ်က ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများ၊ ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းခဲ့ပြီး နှစ်နိုင်ငံရွေးကောက်ပွဲများ ကျင်းပရာတွင် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ်နက်သ် ကိုဗင့်ဒ်နှင့်ဇနီး ရှရီမတီ ဆာဗီးတာ ကိုဗင့်ဒ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၂၆ မိနစ်တွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့် ဇနီးနှင့် အဖွဲ့အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vikram Misri တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ချက်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့်အဖွဲ့သည် ချက်သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jaroslav Dolecek အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ ဝန်ကြီးဌာနများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ဖွဲ့စည်းရေးကိစ္စရပ်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် နည်းပညာများ၊ ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးပေးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးသည်။

ချက်သမ္မတနိုင်ငံသံအမတ်ကြီးကလည်း ၎င်းတို့နိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည်နှင့်ကုန်သေတ္တာ တင်/ချပြုလုပ်နိုင်သော ဆိပ်ခံတံတား တည်ဆောက်ပြီးစီးခြင်းအခမ်းအနား ကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံ၏ ODA Loan ချေးငွေဖြင့် အကွက်အမှတ် (၂၅)နှင့် (၂၆) တို့တွင် နိုင်ငံတကာအဆင့်မီ အထွေထွေကုန်စည်နှင့်ကုန်သေတ္တာ တင်/ချပြုလုပ်နိုင်သော ဆိပ်ခံတံတားနှစ်စင်း၊ ဆိပ်ကမ်းဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများ ဝယ်ယူတပ်ဆင်မှုပြီးစီးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါကမ်းနားဒေသရှိ ဆိပ်ခံတံတားအပေါ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism Japan (MLIT) မှ Vice Minister Mr. Yasuhiro Shinohara၊ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama နှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ (MLIT)မှ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီး Mr. Yasuhiro Shinohara၊ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Ichiro Maruyama၊ မြန်မာဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ Nippon Koei Co.,Ltd. TOYO Construction Co.,Ltd. JFEE Engineering, Myanmar Koei International of NK, TOYO-JFEE Joint Venture နှင့် Mitsui E&S Machinery Co.,Ltd. တို့မှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့် Cargo Handling Equipment များ ဝယ်ယူတပ်ဆင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

**သတင်းစဉ်**

»» စာမျက်နှာ ၇ မှ

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောက အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝကို အကာအကွယ်ပေးရာတွင် အဆိုရှင်တင်ပြသည့် ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်းများသည် မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် မမျှော်မှန်းနိုင်သည့် ဆုံးရှုံးမှုများ ဖြစ်ပေါ်လာသည့်အခါ ပြည်သူများအတွက် ငွေကြေးဆိုင်ရာ အခက်အခဲများ မဖြစ်ပေါ်စေရန်ကိုလည်း ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သည့်အခါတွင် ပြဌာန်းထားပြီးသော ဥပဒေ၊ နည်းဥပဒေများနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ပြီး လူမှုစီးပွားဘဝများကို အကာအကွယ်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနုက အစိုးရအနေဖြင့်(NRSC)ဖွဲ့စည်းပြီး ဆောင်ရွက်နေသော်လည်း ပြည်သူများက လိုက်နာကျင့်သုံးဆောင်ရွက်မှု အားနည်းနေသည့်အတွက် ထိရောက်ပြီး လက်တွေ့ကျသည့် အသိပညာပေးမှုများနှင့် ပြည်သူများလိုက်နာနိုင်မည့် နည်းလမ်းကောင်းများကို ပိုမိုအကောင်အထည်ဖော်ဆောင်ပြီး နိုင်ငံတော်မှ အားထားရသည့် နိုင်ငံအရင်းအမြစ်ဖြစ်သည့် လူ့စွမ်းအားများ မဆုံးရှုံးစေရန်အတွက်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်လင်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသည် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်သူများ လိုက်နာဆောင်ရွက်ရေး ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများအားလုံးကို ပြစ်မှုဖြစ်ပွားလာပါက ကျောသားရင်သား မခွဲခြားဘဲ ထိထိရောက်ရောက်အရေးယူရန်၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းနေသော နိုင်ငံဖြစ်သည်နှင့်အညီ စည်းကမ်း စနစ်တကျဖြစ်စေရေးသည် ပိုမိုအရေးကြီးသည့်အတွက် (Rule of Law) ဆိုသည့် တရားဥပဒေစိုးမိုးမှုရရှိစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သော စည်းကမ်းများကို နိုင်ငံတော်မှ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ပါက ယာဉ်ထိန်းရဲတပ်ဖွဲ့အင်အား တိုးချဲ့ဖွဲ့စည်းရန် အကြံပြုအပ်ပါကြောင်း။

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စည်းကမ်း၊ ဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံးနိုင်မည်ဆိုပါက ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ လျော့နည်းလာမည်ဖြစ်ကြောင်းနှင့် နိုင်ငံအားအကျိုးပြုမည့် လူသားအရင်းအမြစ်များ ထိခိုက်သေဆုံးမှု လျော့ချနိုင်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မို့မို့လွင်၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေးနှင့် ကမာရွတ်မဲဆန္ဒနယ်မှ ဦးကျော်မင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ယခုလက်ရှိတွင် ရည်မှန်းသလောက် ခရီးပေါက် အောင်မြင်မှုမရှိသေးသည့်အတွက် လက်ရှိလုပ်အားနှုန်းထက် အဆများစွာ ပိုမိုကြိုးပမ်းစွမ်းဆောင်ကြရန် အားလုံး၌ တာဝန်ရှိပါကြောင်း၊ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ အဖွဲ့အစည်းတစ်ခု၏ ကောင်းကျိုးအတွက်မဟုတ်ဘဲ ပြည်သူအားလုံး၏ နေ့စဉ်ဖြတ်သန်းနေသည့် လူမှုစီးပွားဘဝများအတွက် လုံခြုံမှုပေးနိုင်အောင် ဆောင်ရွက်ရသည့်ကိစ္စရပ်ဖြစ်သောကြောင့် NRSC ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသာမက ပြည်သူအားလုံးကပါ Road Safely ကို နိုင်ငံ့အရေး၊ ပြည်သူ့အရေးဟု အလေးအနက်ခံယူပြီး တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ကြမှသာ အဓိကရည်မှန်းချက်သို့ ရောက်ရှိအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ NRSC အနေဖြင့် လက်တွေ့ကျသည့် လုပ်ဆောင်ချက်၊ မြေပြင်လိုအပ်ချက်များကို အခြေခံလျက် ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပညာပေး၊ စစ်ဆေး၊ အရေးယူခြင်းများကို ထပ်တိုး၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ ဆန္ဒရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ကလေးစာပေပွဲတော်(မြစ်ကြီးနား)စည်ကားစွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဒီဇင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်တို့သည် ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့တွင် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရန် မြစ်ကြီးနားတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ညှိနှိုင်းဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ကလေးစာပေပွဲတော်ကျင်းပမည့် မြစ်ကြီးနားတက္ကသိုလ်၏ မုခ်ဦးများနှင့် ဝင်/ထွက်လမ်းများ၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် သုတေသနအဆောက်အအုံ၊ စာသင်ခန်းမနှင့် စာသင်ဆောင်များ၊ ပြပွဲ၊ ပြိုင်ပွဲနှင့် ဖျော်ဖြေရေးဆိုင်ရာ ကျင်းပမည့်နေရာများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ပြန်ကြားရေးဆိုင်ရာများ၊ ပညာပေးရေးဆိုင်ရာများနှင့် ဖျော်ဖြေရေးဆိုင်ရာများကို ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် သတင်းစာများစသည့် နိုင်ငံပိုင်မီဒီယာအဖွဲ့အစည်းများဖြင့် ဆောင်ရွက်နေမှုများ၊




ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ခရိုင်၊ မြို့နယ်ရုံး စာကြည့်တိုက်များနှင့် လူထုအခြေပြု ဗဟိုဌာနများ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံပြန်တမ်းအပါအဝင် နိုင်ငံတော်အစိုးရ၏ ပုံနှိပ်ရေးဆိုင်ရာ လုပ်ငန်းများ၊ စာပေဗိမာန်မှ စာအုပ်ထုတ်ဝေရေးဆောင်ရွက်နေမှုများကို ဦးစွာရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကလေးစာပေပွဲတော်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပွဲတော်ကျင်းပခဲ့မှုများ၊ မြစ်ကြီးနားမြို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်၌ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများမှ ပြခန်းနှင့် ဖျော်ဖြေရေးဆိုင်ရာများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များအနက် လမ်းပန်းဆက်သွယ်ရေးအပေါ်မူတည်၍ ပွဲတော်သို့ သွားလာရေးနှင့် တည်းခိုနေထိုင်ရေး သက်ဆိုင်ရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်ချက်များ ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်အတွင်းရှိ ကလေးများမှစ၍ လူငယ်များ လမ်းမှားမရောက်စေရန် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် အနာဂတ်တွင် လူချွန်လူကောင်းများ ထွက်ပေါ်လာစေရန်တို့အတွက် ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။**(ဝဲပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ကလေးစာပေပွဲတော်နှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ပါဝင်ဆောင်ရွက်မည့် အခြေအနေများနှင့် ပြည်နယ်အစိုးရအဖွဲ့မှ စီမံဆောင်ရွက်ပေးစေလိုသည်တို့ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင်လူထုအခြေပြုဗဟိုဌာန(Community Centre) ၌ မြို့နယ်စာရေးဆရာများအသင်း၊ စာပေချစ်သူများအဖွဲ့၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စာပေဆိုင်ရာများ ဆွေးနွေးသည်။

ကလေးစာပေပွဲတော်(မြစ်ကြီးနား)ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ မြစ်ကြီးနားမြို့၌ ကျင်းပမည်ဖြစ်ရာ ပြပွဲ၊ ပြိုင်ပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များကို ကချင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများအပြင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ်မြောက် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံ ဂုဏ်ပြုညစာစားပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံ (3rd Myanmar Entrepreneurship Summit – 2018) ဂုဏ်ပြုညစာစားပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဂုဏ်ပြုအမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်သည်ကို တွေ့ရသည့်အတွက် များစွာဝမ်းသာပါကြောင်း၊ ယခုနှစ်ကျင်းပသည့် တတိယအကြိမ်မြောက်ညီလာခံသို့ တက်ရောက်သည့် လူငယ်အရေအတွက်မှာ ယခင်နှစ်များထက် များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းမှာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(Myanmar Young Entrepreneurs Association–MYEA)၏ တိုးတက်မှုကို လက်တွေ့ပြသလိုက်ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးတိုးတက်မှုတစ်ခုတည်းမဟုတ်ဘဲ လူမှုဘဝတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် ဗျူဟာမြောက်လုပ်ငန်းစဉ်များပါဝင်သည့် ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံချက် (Myanmar Sustainable Development Plan-MSDP)ကို ရေးဆွဲပြီးဖြစ်ပါကြောင်း၊ MSDP ၏မျှော်မှန်းချက်များ အကောင်အထည်ဖော်ရန်အတွက် ပုဂ္ဂလိကကဏ္ဍက ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

ယနေ့လူငယ်လုပ်ငန်းရှင်များသည် မြန်မာနိုင်ငံစီးပွားရေးလောက၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပါကြောင်း၊ စွန့်ဦးတီထွင်မှု ဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အဓိကသော့ချက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဦးတည်လျှောက်လှမ်းနေသည့်အချိန်တွင် အခွင့်အရေးအသစ်များကို ဆုပ်ကိုင်လိုသည့်၊ စွန့်စားလိုသည့်စိတ်ရှိသော လူငယ်စွန့်ဦးတီထွင်သူများ များစွာလိုအပ်နေပါကြောင်း၊ ထို့ကြောင့် Entrepreneurship တိုးတက်အောင် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအတွက် စီးပွားရေးအကျိုးကျေးဇူး၊ လူမှုရေးအကျိုးကျေးဇူး၊ တီထွင်ကြံဆမှု အကျိုးကျေးဇူးများ ရရှိမည့်




အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ဒေသ၏လိုအပ်ချက်ကို ယင်းဒေသကပင် အဓိက ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ နယ်မြေအနှံ့ စွန့်ဦးတီထွင်သူများပေါ်ထွက်လာပါက ယင်းဒေသများတွင် လုပ်ငန်းအသစ်များ ပေါ်ပေါက်လာပြီး အလုပ်အကိုင်များ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ခေတ်သစ်စီးပွားရေးကို ဆောင်ရွက်နေသည့် အချိန်ကာလနှင့် နည်းပညာပိုင်းဆိုင်ရာ တီထွင်ဆန်းသစ်မှု **စာမျက်နှာ ၁၁ သို့**

# မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံ တက်ရောက်လာကြသူများ၏ စကားသံများ

**တတိယအကြိမ်မြောက် မြန်မာနိုင်ငံစွန့်ဦးတီထွင်လုပ်ငန်းရှင်များညီလာခံကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့သည်။ ယနေ့ကျင်းပသည့် ညီလာခံတက်ရောက်လာကြသူများ၏ စကားသံများကို ရေးသားဖော်ပြအပ်ပါသည်။**

ဟန်လင်း၊ ဟန်နီ
ဓာတ်ပုံ-အေးသန်း


ဦးအောင်ဇော်ဦး


ဒေါ်မေသန့်စင်


Mr.Ben Ethan Parker

**ဦးအောင်ဇော်ဦး (အလုပ်အမှုဆောင်)**
**မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**

ကျွန်တော်တို့နိုင်ငံမှာ industry အနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာကို ကြည့်မယ်ဆိုရင် လိုအပ်ချက်တွေ ရှိနိုင်တယ်။ ဒါပေမယ့် တချို့ specific area တွေမှာ ကျတော့ အာဆီယံနိုင်ငံတွေကို ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ အတိုင်းအတာကို ရောက်နေပါပြီ။ ကျွန်တော့်အနေနဲ့ မြင်တာက တစ်နိုင်ငံလုံး လိုအပ်ချက်အတိုင်းအတာက လည်း အစိုးရနဲ့ ပုဂ္ဂလိက အတူတူဖြတ်သန်းလိုက်ရင် အောင်မြင်သွားမယ့် အနေအထားပါ။ ဥပမာ အစိုးရအနေနဲ့ လယ်ယာကဏ္ဍမှာဆို two step loan လိုမျိုးကို လုပ်ငန်းရှင်တွေကို ပံ့ပိုးပေးနေတယ်။ အခုစပြီး လုပ်နေပြီဖြစ်တဲ့ အတွက် တစ်နိုင်ငံလုံး အတိုင်းအတာလည်း ဖွံ့ဖြိုးတိုးတက်လာမယ်လို့မြင်ပါတယ်။ လယ်ယာကိုအခြေခံတဲ့ ကျွန်တော်တို့နိုင်ငံမှာ လူငယ်တွေအနေနဲ့ လယ်ယာကဏ္ဍအပေါ် တခြားကဏ္ဍတွေနဲ့စာရင် စိတ်ပါဝင်စားမှု နည်းတယ်။ စိုက်ပျိုးရေးကဏ္ဍမှာ လူငယ်တွေ စိတ်ဝင်စားမှုနဲ့ ပါဝင်လာမှုရှိစေချင်ပါတယ်။ အစိုးရအနေနဲ့လည်း လူငယ်တွေ စိုက်ပျိုးရေးကဏ္ဍမှာ စိတ်ဝင်စားပါဝင်လာမှုရှိအောင် ထောက်ခံအားပေးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ အခြေခံလယ်ယာကဏ္ဍနဲ့အတူ ပိုပြီးတိုးတက်လာနိုင်မယ်လို့ ထင်မြင်မိပါတယ်။

**ဒေါ်မေသန့်စင် (အထွေထွေအတွင်းရေးမှူး)**
**မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**

ကျွန်မတို့အသင်းမှာ အသင်းဝင် နှစ်ထောင်ကျော်ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနေနဲ့ မွန်၊ ဧရာဝတီ၊ ရှမ်း၊ ရန်ကုန်နဲ့ မန္တလေးတို့မှာ အသင်းတွေ ဖွဲ့စည်းပြီးပါပြီ။ ကရင်ပြည်နယ်မှာလည်း အသင်းဖွဲ့ဖို့ လုပ်နေပါပြီ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အကုန်လုံးမှာ ဖွဲ့စည်းသွားမှာပါ။ အသင်းဝင်တွေရဲ့ ရာခိုင်နှုန်းက တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ အသင်းစတင်တည်ထောင်တဲ့ ၂၀၀၉ ခုနှစ်ကနေ အခု ၂၀၁၈ ခုနှစ်အထိမှာ အမျိုးသမီးပါဝင်တဲ့ ရာခိုင်နှုန်းဆို ၅၈ ရာခိုင်နှုန်းအထိ ဖြစ်လာပါပြီ။ အသင်းဝင်ထားတဲ့ နှစ်နှစ်အောက်သက်တမ်းရှိတဲ့ လုပ်ငန်းငယ်လေးတွေကို အသင်းအနေနဲ့ ထောက်ပံ့ပေးနေတာလည်း ရှိပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ အကူအညီရအောင် အသင်းအနေနဲ့ သင်တန်းတွေ ပေးတာလည်းရှိပါတယ်။ သင်တန်း ခြောက်ကြိမ် ဖွင့်ပြီးပါပြီ။

**Mr.Ben Ethan Parker (Senior Manager)**
**International Business Development**

ဒီနေ့ညီလာခံကနေ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေအတွက် အခွင့်အလမ်းတွေအများကြီး ရမယ်လို့ ထင်ပါတယ်။ စကားဝိုင်းဆွေးနွေးပွဲတွေ ပါတဲ့အတွက် ဒီကနေ ကောင်းမွန်တဲ့ရလဒ်တွေ ထွက်ပေါ်လာဦးမှာပါ။ ပြီးတော့ မြန်မာနိုင်ငံက ကဏ္ဍစုံက လူငယ်လုပ်ငန်းရှင်တွေမှာ စိတ်ကူးကောင်း၊ အကြံဉာဏ်ကောင်းတွေ ရှိပါတယ်။ ဒီလို လူငယ်တွေအတွက် အထောက်အပံ့ကောင်းနဲ့ ရင်းနှီးမြှုပ်နှံမှုကောင်းရရှိဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ဒီလိုဆောင်ရွက်ပေးနိုင်ရင် လူငယ်တွေရဲ့ လုပ်ငန်းတွေက တစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းတွေကို ပြန်ပြီး ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူငယ်အခန်းကဏ္ဍအတွက် MYEA လိုမျိုး အသင်းအဖွဲ့တွေ လိုအပ်ပါတယ်။ ဒီလိုအသင်းအဖွဲ့တွေကလည်း စပြီးလုပ်ငန်းလုပ်ကိုင်တဲ့ လူငယ်လုပ်ငန်းရှင်တွေကို ထောက်ပံ့ကူညီမှုတွေ ဆောင်ရွက်ပေးသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လုပ်ငန်းစပြီး လုပ်ကိုင်တဲ့လူငယ်တွေမှာ စွန့်စားမှုတွေ ရှိနေတတ်ပါတယ်။ ပြီးတော့ ဒီလိုကူညီမှုတွေ ဘာလို့ပေးခိုင်းသလဲဆိုရင် အကြံဉာဏ်ကောင်းရှိတဲ့လူငယ်တွေ ပိုပြီးပါဝင်ဆောင်ရွက်လာနိုင်လေ လုပ်ငန်းတွေကျယ်ပြန့်လေ ပိုပြီးတော့လည်း အောင်မြင်လာလေဆိုတဲ့ အခြေအနေရရှိနိုင်လို့ ဖြစ်ပါတယ်။ နိုင်ငံအတွင်းထဲက အထောက်အပံ့နဲ့တင် ဖွံ့ဖြိုးတိုးတက်ဖို့ လမ်းကြောင်းကို ရည်ရွယ်လို့မရပါဘူး။ ဒီအတွက် တစ်ဖက်ကလည်း လိုအပ်တဲ့ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့တွေရရှိအောင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဖို့ ဆောင်ရွက်သွားရမှာပါ။

**ဦးထွန်းထွန်းနိုင်(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**

ဒီနေ့ညီလာခံက တတိယအကြိမ်မြောက် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းရဲ့ တတိယအကြိမ်မြောက် လူငယ်ညီလာခံဖြစ်ပါတယ်။ ဒီပွဲ ကျင်းပရခြင်းက ကျွန်တော်တို့ အစိုးရတာဝန်ရှိသူတွေနဲ့ လူငယ်လုပ်ငန်းရှင်တွေ တွေ့ဆုံဆွေးနွေးနိုင်ဖို့နဲ့ လုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံဆွေးနွေးနိုင်ဖို့ ဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံခြားပညာရှင်တွေကနေ ကမ္ဘာပေါ်မှာ နောက်ဆုံးသုံးနေတဲ့ နည်းပညာတွေနဲ့ သူတို့အောင်မြင်နေတဲ့ အကြောင်းတွေကို လူငယ်စီးပွားရေးလုပ်ငန်းရှင်တွေကို ပြန်ပြီးတော့ ဝေမျှနိုင်အောင် ဒီညီလာခံကို နှစ်စဉ်နှစ်တိုင်း ကျင်းပရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ဆီမှာ အသင်းဝင်နှစ်ထောင်ကျော် ရှိပါတယ်။ ကျွန်တော်တို့အသင်းကနေ တစ်နှစ်တစ်နှစ်ကို ဟောပြောပွဲပေါင်း ငါးဆယ်ကနေ တစ်ရာကြား ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ လုပ်ပါတယ်။ Network ရရှိအောင် ဖြစ်ပါတယ်။ အဲဒီ Network ကနေ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ စီးပွားရေးသမားအချင်းချင်း ချိတ်ဆက်လို့ရသလို မြန်မာပြည်မှာရှိတဲ့ စီးပွားရေးသမားတွေကလည်း အာဆီယံမှာရှိတဲ့ စီးပွားရေးသမားတွေနဲ့ ချိတ်ဆက်လို့ရပါမယ်။ နောက်တစ်ခု Private Public Partnership လို့ခေါ်တဲ့ အစိုးရနဲ့ပူးပေါင်းမယ့် လုပ်ငန်းတွေမှာလည်း ကျွန်တော်တို့က ပူးပေါင်းချိတ်ဆက်လို့ ရပါမယ်။ အဲဒီအပြင် ငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်မယ့် ကုမ္ပဏီတွေ၊ နိုင်ငံခြားကုမ္ပဏီတွေ၊ ပြည်တွင်း ကုမ္ပဏီတွေအနေနဲ့လည်း ကျွန်တော်တို့ ဒီမှာရှိတဲ့ လူငယ်လုပ်ငန်းရှင်တွေကို ချိတ်ဆက်ပေးမှာ ဖြစ်ပါတယ်။ MYEA ကို အသင်းဝင်ခြင်းအားဖြင့် ဈေးကွက်ရရှိမှာဖြစ်သလို အချိတ်အဆက်နဲ့ finance ရရှိမှာဖြစ်ပါတယ်။ ပြီးတော့ လိုအပ်တဲ့ ပညာရပ်ပိုင်းဆိုင်ရာများကိုလည်း ကျွန်တော်တို့က ဖြည့်ဆည်းပေးမှာ ဖြစ်ပါတယ်။

အသင်းအနေနဲ့ကတော့ ကိုယ်တိုင်လုပ်တာထက် စာရင် လုပ်တဲ့သူတွေကို အားပေးတာဖြစ်ပါတယ်။ အခုဒီမှာလည်း ပြခန်းတွေမှာ ဆုရတဲ့သူတွေရှိပါတယ်။ ဆုရတဲ့သူတွေက ကွန်ပျူတာနည်းပညာနဲ့ဆိုင်တဲ့ ဆုရတာတွေ ရှိသလို၊

**စာမျက်နှာ ၁၁ သို့ »»**

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း
(၁၉၉၃ ခုနှစ်တွင်တည်ထောင်သည်)
(၂၅) နှစ်ပြည့်ငွေရတုအခမ်းအနားနှင့်
(၂၃) ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေး

ကျင်းပမည့်နေ့ရက် - ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက် (ကြာသပတေးနေ့)
ကျင်းပမည့်အချိန် - ညနေ ၆ း ၀၀ နာရီ
ကျင်းပမည့်နေရာ - NOVOTEL HOTEL ၊ အမှတ်(၄၅၉)၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Sponsored by :
Platinum — AYA Bank, AMI, UPG PAINT & COATING CO., LTD.
Gold
Silver

○ စာမျက်နှာ ၉ မှ

အရှိန်အဟုန် မြင့်မားနေသည့် ယခုကာလတွင် စီးပွားရေးဆိုင်ရာ အဟန့်အတားများနှင့် မညီမျှမှုများကို ကြုံတွေ့ရနိုင်ပါကြောင်း။

ဆုချီးမြှင့်သည့် အစီအစဉ် ပါဝင်သည်ကိုတွေ့ရပါကြောင်း၊ ထိုသို့ ပေးအပ်ချီးမြှင့်ခြင်းသည် လူငယ်များအတွက် ၎င်းတို့၏လုပ်ငန်းများကို တဖြည်းဖြည်း တိုးတက်အောင် ဆောင်ရွက်ရန်၊ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းရန် တွန်းအားတစ်ခုဖြစ်ပါကြောင်း၊ ယခုဆုရကြမည့် လူငယ်များနှင့် စင်ကာပူ ASEAN Business and Investment Summit တွင် ဆုရရှိခဲ့သည့် လူငယ်လုပ်ငန်းရှင်များကို ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင်များအနေဖြင့် မိမိအကျိုးနှင့်နိုင်ငံ့အကျိုးကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်သိန်းက ညီလာခံကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိုင်ငံတကာတွင် ကျင်းပသည့်ပွဲများ၌ မြန်မာနိုင်ငံကိုယ်စားပြု ဆုရရှိခဲ့ကြသော လူငယ်လုပ်ငန်းရှင်များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ၎င်းတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဖျော်ဖြေတင်ဆက်**

ဆက်လက်၍ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်သိန်းတို့က ညီလာခံဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးကြသော Sponsor ကုမ္ပဏီများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းထက်မောင်မောင်က စွန့်ဦးတီထွင်ဆုများ ရွေးချယ်မှု၊ ရွေးချယ်သည့် သတ်မှတ်ချက်စည်းကမ်းများနှင့် ဆုအမျိုးအစားများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ် အနုပညာရှင်များက ခေတ်ပေါ်တေးသီချင်း အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆုရရှိသူများ၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်မိုးနိုင်၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစောနှင့် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်တို့က Myanmar Young Social Entrepreneur Award ရရှိသူနှစ်ဦး၊ Myanmar Young Start Up Award ရရှိသူ လေးဦး၊ Myanmar Young Entrepreneur Award ရရှိသူ သုံးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

»» စာမျက်နှာ ၁၀ မှ

စိုက်ပျိုးရေးနည်းပညာနဲ့ ရတာတွေလည်းရှိတယ်။ ဝန်ဆောင်မှုလုပ်ငန်းတွေလည်း ရှိတယ်။ ကျွန်တော်တို့အသင်းကတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေရဲ့ စွန့်ဦးတီထွင် ပြုလုပ်မှုတွေအားလုံးကို အနောက်ကနေ ပံ့ပိုးကူညီမှုတွေ လုပ်သွားမှာ ဖြစ်ပါတယ်။

ညီလာခံကနေတစ်ဆင့် စွန့်ဦးတီထွင်နဲ့ ပတ်သက်တဲ့ အချက်ကိုးချက်ကို မနှစ်က တင်ပြပြီးဖြစ်ပါတယ်။ အဲဒီကိုးချက်ကို သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေ၊ သက်ဆိုင်တဲ့ လွှတ်တော်အဖွဲ့အစည်းတွေကနေ စတင်အကောင်အထည်ဖော်နေပါပြီ။ တချို့ policy တွေဆိုရင် draft law အဆင့်ကို ရောက်နေပါပြီ။

ဒီနှစ်မှာ ဆုသုံးဆုပေးထားပါတယ်။ တစ်ခုကတော့ Myanmar Young Entrepreneurship Award ပါ၊ ဒုတိယတစ်ခုက Social Entrepreneurship Award နဲ့ တတိယတစ်ခုကတော့ Start Up ဆုဖြစ်ပါတယ်။ Start Up ဆုကတော့ အခုမှလုပ်ငန်းစတည်ထောင်တဲ့ လုပ်ငန်းသေးသေးလေးတွေကို ဆုပေးတာ ဖြစ်ပါတယ်။

**မခင်ဇာသက်(နဝမတန်းကျောင်းသူ၊ တောင်ကြီးမြို့)**

ကျွန်မတို့လို ကျောင်းသားလူငယ်တွေကလည်း အခုလို စွန့်ဦးတီထွင် လုပ်ငန်းတွေကို စိတ်ဝင်စားမှု ရှိကြတယ်။ ဒီနေ့ခေတ်လူငယ်တွေက ရည်မှန်းချက်ကြီးမားကြပါတယ်။ ဒါကြောင့် ကိုယ်ဖြစ်ချင်တဲ့ အကြောင်းအရာတွေကိုလည်း အကုန်လုံး လိုက်လေ့လာကြတယ်။ အခုလိုပွဲကို တက်ရောက်ရတဲ့အတွက် ကျွန်မတို့ ကျောင်းသားတွေအနေနဲ့ ရှေ့ဆက်လျှောက်ရမယ့် ဘဝလမ်းအတွက်



ဦးထွန်းထွန်းနိုင်



မခင်ဇာသက်

အတွေ့အကြုံကောင်းတွေ အများကြီးရပါတယ်။ ကိုယ့်ရှေ့ကနေ ဦးဆောင်ပြီး လုပ်သွားတဲ့သူတွေရဲ့ ဘဝအတွေ့အကြုံတွေ၊ ကြိုးစားမှုတွေကို သိရှိခွင့်ရတဲ့အတွက် ကျွန်မတို့ရဲ့ လိုအပ်တဲ့အရာတွေကိုလည်း ဖြည့်စွက်လို့ရတယ်။ ဒါကြောင့် အခုလိုပွဲတွေကို တက်ရောက်ခွင့်ရတာ ကံကောင်းတယ်လို့ ခံစားရပါတယ်။

## ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၄**

စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စစ်တွေခရိုင်ရုံး လူထုဗဟိုပြုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးမောင်မောင်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျေးလက်စာပေစကားဝိုင်းများဆောင်ရွက်နေမှု၊ စာတတ်သူတိုင်းစာဖတ်နိုင်ရေး ဆောင်ရွက်နေမှု စသည့်ဌာန၏လုပ်ငန်းကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာရေးဆရာ ဟာသသရုပ်ဆောင် ဗကျိုးကျော်(စစ်တွေ)က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများခေါင်းစဉ်ဖြင့်ဟောပြောပြီး စစ်တွေခရိုင် ပြည်သူ့စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဦးဝင်းမင်းစိုးက စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စစ်တွေမြို့ပေါ်ရှိ စာရေးဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



# အနာကြီးရောဂါရှိတဲ့လူတွေကို များများရှာဖွေပြီးတော့ ရောဂါပျောက်ကင်းအောင်ကုသပေးဖို့၊ အဲဒီ အနာကြီးရောဂါဖြစ်တဲ့လူတွေ ခန္ဓာကိုယ်မသန်မစွမ်း မဖြစ်အောင် ကာကွယ်ဖို့နဲ့ ပြန်လည်ထူထောင်ပေးဖို့ဟာ အခြေခံအကျဆုံး ဖြစ်ပါတယ်

ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာ ကျော်ညွန့်စိန်

## မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံအထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံ အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား) ဒေါက်တာ တင်ရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဒေါက်တာ ကျော်ညွန့်စိန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး အနာကြီးရောဂါတိုက်ဖျက်ရေးဌာန စီမံချက်မန်နေဂျာ ဒေါက်တာ ချန်ထွန်းအောင်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။**

**နန္ဒာဝင်း၊ မိမိဖြိုး**
**ဓာတ်ပုံ-လှမိုး**

**အစီအစဉ်မှူး။** ။ ယခုတင်ဆက်ပေးမယ့် အစီအစဉ်ကတော့ ကူးစက်ရောဂါတွေထဲမှာ လူဖြစ်ရှုံးစေတဲ့ ကူးစက်ရောဂါတစ်မျိုးဖြစ်တဲ့ အနာကြီးရောဂါတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နဲ့ ၁၃ ရက်မှာ ကျင်းပမယ့် "မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးညီလာခံ" အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် ဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ ဆရာကြီး ဒေါက်တာတင်ရွှေတာဝန်ယူခဲ့တဲ့အချိန်က မြန်မာနိုင်ငံ အနာကြီးရောဂါဖြစ်ပွားမှုအခြေအနေကို ပြောပြပေးစေလိုပါတယ်။

**ဒေါက်တာတင်ရွှေ ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား) ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်မန်နေဂျာ၊ American Leprosy Mission ဌာနေကိုယ်စားလှယ်။** ။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ အချိန်ကာလမတိုင်ခင်က သမိုင်းစဉ်လေးကို နည်းနည်းလေးပြောခွင့်ပြုပါ။ မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးရဲ့ နောက်ကြောင်းကိုကြည့်လိုက်ရင် မြန်မာနိုင်ငံမှာ အနာကြီးရောဂါနဲ့ပတ်သက်ပြီး ပထမဦးဆုံး သိရှိရတဲ့ သတင်းက ၁၈၉၁ ခုနှစ်က အခြေအနေလေး ဖြစ်ပါတယ်။ အဲဒီတုန်းက လူဦးရေ တစ်သောင်းမှာ ၈ ဒသမ ၆ ဦးခန့် ရှိမယ်လို့ ခန့်မှန်းခဲ့ပြီး ၁၉၃၂ ခုနှစ်မှာတော့ လူဦးရေစာရင်းကောက်လိုက်တဲ့အချိန်မှာ အနာကြီးရောဂါဖြစ်နေတဲ့ လူ ၁၁၁၂၇ ယောက်ရှိတယ်လို့ ခန့်မှန်းခဲ့ပါတယ်။ ၁၉၅၁ ခုနှစ်မှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပါရဂူတွေက ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အနာကြီးရောဂါလူနာ တစ်သိန်းခန့်ရှိမယ်လို့ ခန့်မှန်းခဲ့ပါတယ်။ အဲဒီလိုပဲ ၁၉၉၃ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရော ကျွန်တော်တို့ မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းကပါ အနာကြီးရောဂါ လူနာဘယ်လောက်ရှိမလဲ သုတေသနလုပ်ငန်းလုပ်တာ လူဦးရေ တစ်သောင်းမှာ ၂၄၂ ယောက်လောက်ရှိမယ်လို့ ကျွန်တော်တို့ ခန့်မှန်းလို့ရပါတယ်။

ကျွန်တော်တို့က အဲဒီလိုခန့်မှန်းခြေတွေ အဆင့်ဆင့်လုပ်ခဲ့ပေမယ့် ၁၉၅၂ ခုနှစ်မှာ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို အဲဒီတုန်းက တစ်ကမ္ဘာလုံးမှာ ခေတ်စားနေတဲ့ DDS လို့ခေါ်တဲ့ဆေးနဲ့ အနာကြီးရောဂါလူနာတွေကို ရောဂါပျောက်ကင်းအောင် ကုသခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှာတော့ တစ်တိုင်းပြည်လုံး တိုးချဲ့ဆောင်ရွက်ပြီး အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းတစ်ခုတည်းနဲ့ မဟုတ်ဘဲ အခြေခံကျန်းမာရေးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ပြီး သုတေသနလုပ်ငန်းတွေကိုလည်း လုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်ခဲ့တဲ့အတွက် ၁၉၇၈ ခုနှစ် ပထမအကြိမ် ပြည်သူ့ကျန်းမာရေးစီမံကိန်းမှာတော့ အနာကြီးရောဂါတိုက်ဖျက်ရေးကို အခြေခံကျန်းမာရေးဝန်ထမ်းတွေနဲ့ ပေါင်းစည်းပြီး ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အချိန်မှာ ၁၉၈၁ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အနာကြီးရောဂါကို ကုလို့ပျောက်တဲ့ MDT ဆိုတဲ့ ဆေးကို ကြော်ငြာခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ၁၉၈၇ ခုနှစ်မှာ MDT ဆေးကို အဖြစ်များတဲ့ ဒေသတွေမှာ စတင်ပြီး အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း ဝန်ထမ်းများနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဆေးတိုက်ကျွေးတာဟာ ကောင်းမွန်အောင်မြင်တဲ့အတွက် အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း ဝန်ထမ်းများအပြင် အခြေခံကျန်းမာရေးဌာန ဝန်ထမ်းတွေနဲ့လည်း ပေါင်းပြီးတော့ လူနာများကို MDT ဆေးတိုက်ကျွေးခဲ့ပါတယ်။

၁၉၉၁ ခုနှစ်မှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံမှာ အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးအောင် ဆောင်ရွက်သင့်တယ်လို့ ဆုံးဖြတ်ချက်ချခဲ့ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ အပါအဝင် အနာကြီးရောဂါ



ဖြစ်နေတဲ့ နိုင်ငံတိုင်းမှာ MDT ဆေးကိုတိုက်ကျွေးဖို့ တွန်းအားပေးခဲ့ပါတယ်။ အဲဒီအတွက် ၁၉၉၄ ခုနှစ်မှာတော့ ဗီယက်နမ်နိုင်ငံ ဟန္ိုင်းမြို့မှာ ဟန္ိုင်းကွန်ဖရင့်လို့ခေါ်တဲ့ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြီးတော့ အနာကြီးရောဂါပြဿနာကို ၂၀၀၀ ပြည့်နှစ်မှာ တစ်ကမ္ဘာလုံးရဲ့ ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်က ဖယ်ရှားနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒါဟာ ကျွန်တော်တို့ ပါဝင်ဆောင်ရွက်ခဲ့တဲ့ ပဏာမအခြေအနေဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ပြီးတော့ ၁၉၉၄ ခုနှစ် ဟန္ိုင်းကွန်ဖရင့်အပြီးမှာတော့ မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းကို WHO လို့ခေါ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရော ပံ့ပိုးလိုတဲ့ မိတ်ဖက်အဖွဲ့အစည်းတွေပါ စိတ်ဝင်စားလာတဲ့အတွက် ၁၉၉၅ ခုနှစ်မှာ ပထမဆုံးအကြိမ် First Donar Meeting ကို မြန်မာနိုင်ငံ ရန်ကုန်မြို့ ကျန်းမာရေးဦးစီးဌာနမှာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့အတွက် အဲဒီမိတ်ဖက်အဖွဲ့အစည်းများရဲ့ ပံ့ပိုးကူညီမှု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ အကြံဉာဏ်ပေးမှုနဲ့ ၁၉၉၆ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံးကို အနာကြီးရောဂါနဲ့ပတ်သက်တဲ့ MDT ဆေးတိုက်ကျွေးမှု လွှမ်းခြုံနိုင်အောင် ကျွန်တော်တို့ဆောင်ရွက်ခဲ့ပြီး ဆေးများကို တိုက်ကျွေးခဲ့ပါတယ်။

**အစီအစဉ်မှူး** ။ ။ ဆရာကြီးလက်ထက်မှာ အနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ဆောင်ရွက်ခဲ့တာတွေကိုလည်း ရှင်းပြပေးပါ။

**ဒေါက်တာတင်ရွှေ။** ။ နောက်ထပ် ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာတွေက WHO နဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့အတူ ပေါင်းပြီးတော့ ကျွန်တော်တို့ လူနာအသစ်ရှာဖွေရေးကို ကျေးရွာအရောက်ရှာဖွေတဲ့ LEC လို့ခေါ်တဲ့ Leprosy Elimination Campaign တွေဖြစ်ပါတယ်။ အဲဒီမှာ အနာကြီးရောဂါနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေကို ပညာပေးတယ်၊ လူနာတွေကို မိမိကိုယ်တိုင်လာပြီးပြနိုင်ရေးအတွက် ဆောင်ရွက်တဲ့လုပ်ငန်း LEC ကို ခရိုင်အဆင့်မှာ ကျွန်တော်တို့စပြီး ဆောင်ရွက်နိုင်ခဲ့တယ်။ ဒါ့အပြင် အင်မတန် ဝေးလံခေါင်းပါးပြီး သွားလာရခက်ခဲတဲ့ဒေသတွေကို SAPEL လို့ခေါ်တဲ့ Special Action Programme for Elimination of Leprosy အနာကြီးရောဂါကင်းဝေးရေးအတွက် အထူးစီမံကိန်းတွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

**အစီအစဉ်မှူး** ။ ။ UNDP HDI Project နဲ့ ပြည်သူလူထုအခြေပြု အနာကြီးရောဂါဝေဒနာရှင်များ ပြန်လည်ထူထောင်ရေးစီမံချက်ဆိုတဲ့ ဒီ CBR ကို ၁၉၉၄ ခုနှစ်မှာ ဆောင်ရွက်ခဲ့တယ်လို့လည်း သိရပါတယ်။ အဲဒီ CBR Project မှာရော ဘာတွေ ဆောင်ရွက်ခဲ့ရပါသလဲ။

**ဒေါက်တာတင်ရွှေ။** ။ ကျွန်တော်တို့ အနာကြီးရောဂါ တိုက်ဖျက်ရေး စီမံကိန်းကို MDT နဲ့ တိုက်ကျွေးတယ်၊ လူနာရှာဖွေရေးလုပ်ငန်းကို လုပ်နေရင်းနဲ့ပဲ အနာကြီးရောဂါလူနာများမှာ ဖြစ်ပေါ်နေတဲ့ နောက်ဆက်တွဲ အခက်အခဲတွေကိုလည်း ကျွန်တော်တို့ တစ်ဖက်တစ်လမ်းက စဉ်းစားခဲ့ပြီး UNDP က HDI Project ဆိုပြီးတော့ Community Based Rehabilitation ပြည်သူလူထုအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီ ပြည်သူလူထုအခြေပြု ကျန်းမာရေးစီမံကိန်းမှာ အဓိက ကျွန်တော်တို့ဆောင်ရွက်တာက ပြည်သူလူထုကြားထဲမှာရှိတဲ့ အနာကြီးရောဂါလူနာတွေကို ပြည်သူလူထုထဲကပါဝင်တဲ့ ကျေးလက်ကျန်းမာရေး၊ လူထုကျန်းမာရေးလုပ်သားများနဲ့ ဖော်ထုတ်ခြင်းတွေရှိပြီးတော့ အနာကြီးရောဂါကြောင့် ဖြစ်ပေါ်နေတဲ့ ကိုယ်လက်အင်္ဂါမသန်စွမ်းမှုများအတွက် လိုအပ်သောပံ့ပိုးမှုဖြစ်တဲ့ သူတို့လုပ်ရမယ့် လေ့ကျင့်ခန်းတွေ၊ သူတို့ရဲ့ လူမှုစီးပွားရေးပြန်လည်ထူထောင်ရေးအတွက် မြို့နယ်တွေမှာ (TTEFC -Township Training Equipment Fund Committee) လို့ခေါ်တဲ့ ပြည်သူလူထုအခြေပြုကော်မတီတွေ ဖွဲ့ပြီးတော့ လူနာများ ပစ္စည်းပံ့ပိုးမှုရရှိရေး၊ ချေးငွေရရှိရေးစတဲ့ စီးပွားရေး နာလန်ထူရေးလုပ်ငန်းတွေကို လုပ်ပေးတဲ့အပြင် သင်တန်းတွေလည်း ပို့ချပြီးတော့ အဲဒီ CBR လုပ်ငန်းမှာ လုပ်ခဲ့ပါတယ်။ အဲဒါကို မြန်မာတစ်နိုင်ငံလုံးက မြို့နယ်ပေါင်း ၄၀ မှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**အစီအစဉ်မှူး** ။ ။ First Donor Meeting မှာရော ဘာတွေ ဆောင်ရွက်ခဲ့ပါသေးသလဲ။

**ဒေါက်တာတင်ရွှေ။** ။ First Donor Meeting ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းက တစ်ချိန်ကဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တစ်ခုတည်းရဲ့ ပံ့ပိုးမှုနဲ့ ဆောင်ရွက်ခဲ့ရပြီး အဲဒီအချိန်မှာတော့ ကျွန်တော်တို့နိုင်ငံရဲ့ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းကို စိတ်ဝင်စားတဲ့ မိတ်ဖက်အဖွဲ့အစည်းတွေ ပါဝင်လာတဲ့အတွက် ကျွန်တော်တို့လိုအပ်တဲ့ သင်တန်းနဲ့ ပတ်သက်တဲ့ကိစ္စ၊ ပစ္စည်းကိရိယာကိစ္စတွေ တင်ပြလိုက်တဲ့အခါမှာ American Leprosy Mission ၊ Netherlands Leprosy Relief၊ Sasakawa Health Memorial Foundation နဲ့ The Leprosy Mission International အဲဒီအဖွဲ့လေးဖွဲ့က စိတ်ဝင်စားပြီး ကျွန်တော်တို့ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းအတွက် လိုအပ်တဲ့သွားလာမှုဆိုင်ရာယာဉ်တွေ၊ သင်တန်းနဲ့ပတ်သက်တဲ့ပံ့ပိုးမှု၊ ငွေကြေးပံ့ပိုးမှုတွေ၊ ကျွမ်းကျင်မှုသင်တန်းတွေ အားလုံးကို ပံ့ပိုး ဆောင်ရွက်ပေးခဲ့ပါတယ်။

**အစီအစဉ်မှူး။** ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ပံ့ပိုးမှုနဲ့ အနာကြီးရောဂါ ကင်းဝေးရေး လုပ်ငန်း (LEC)ကို ဆောင်ရွက်ခဲ့တယ်လို့လည်း သိရပါတယ်။ အဲဒီအကြောင်းအရာလေးကိုလည်း ပြောပြပေးစေလိုပါတယ်။

**ဒေါက်တာတင်ရွှေ။** ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့နဲ့ မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းအဖွဲ့တို့ ပေါင်းစည်းပြီးတော့ ကျေးရွာလူထု ပြည်သူထဲမှာရှိတဲ့ လူနာတွေကို ပြည်သူ့အင်အားနဲ့ ပါဝင်ပြီး ဖော်ထုတ်ရင်ကောင်းမယ်လို့ ကျွန်တော်တို့ သိရှိနားလည်လာတဲ့အတွက် ကျေးရွာအရောက်ကို ကျွန်တော်တို့ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်း ဝန်ထမ်းတွေနဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေက သွားရောက်ပြီး ပညာပေးတယ်။ နောက်ပြီး အဲဒီကျေးရွာ၊ ရပ်ကွက်ထဲမှာရှိတဲ့ ကိုယ့်ကိုယ်ကိုယ် မသင်္ကာတဲ့ လူနာတွေရှိရင်လည်း လာရောက်ပြသပြီး လိုအပ်ရင်ဆေးဝါးကုသပေးတဲ့ LEC လုပ်ငန်းဆိုပြီး ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

**အစီအစဉ်မှူး** ။ ။ SAPEL Project ကို ဆောင်ရွက်ခဲ့တယ်လို့လည်း သိရပါတယ်။ ဘယ်လိုတွေဆောင်ရွက်ခဲ့လဲဆိုတာ သိပါရစေ။

**ဒေါက်တာတင်ရွှေ။** ။ SAPEL ဆိုတာ Special Action Programme for Elimination of Leprosy လို့ခေါ်ပါတယ်။ အထူးသဖြင့် အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်က ဖယ်ရှားရေးအတွက် အထူးဆောင်ရွက်ရတဲ့လုပ်ငန်းလို့ နာမည်တပ်ပါတယ်။ အဲဒါကိုတော့ အဓိကအားဖြင့် ဘယ်မှာလုပ်လဲဆိုရင် ဝေးလံခေါင်းပါးတဲ့ အရပ်တွေ၊ သွားလာမှုခက်ခဲတဲ့နေရာတွေမှာရှိတဲ့ လူနာတွေကို ကျွန်တော်တို့ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းအဖွဲ့က သွားပြီးတော့ လူနာရှာဖွေရေး၊ မှတ်ပုံတင်ပြီးသားလူနာတွေကို ဆေးဝါးကုသရေး၊ နောက်ထပ်တွေ့ရှိတဲ့ လူနာတွေကိုလည်း ဆေးဝါးကုသရေးလုပ်ငန်းတွေကို ကျွန်တော်တို့ တစ်နှစ်မှာ တစ်ကြိမ်တည်း သွားပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒါကို Special Action Programme လို့ ခေါ်ပါတယ်။ အဲဒီလို ဆောင်ရွက်ပြီးတော့ လုပ်ငန်းတိုးတက်လာတာနဲ့အမျှ ၁၉၉၈ ခုနှစ်မှာ ကျွန်တော် လုပ်သက်ပြည့်ပင်စင်ယူပြီးတော့ ကျွန်တော့်ရဲ့ မိတ်ဆွေဖြစ်တဲ့ ဒေါက်တာကျော်ညွန့်စိန်ကို ကျွန်တော့်ရဲ့တာဝန်တွေကို လွှဲပြောင်းပေးခဲ့ပါတယ်။

**အစီအစဉ်မှူး။** ။ အနာကြီးရောဂါကင်းဝေးရေးအတွက် အခြေခံအကျဆုံး လုပ်ငန်းတွေကိုလည်း အောင်မြင်ဖို့အတွက်လိုအပ်ချက်တွေက ဘာတွေလဲဆိုတာ ဆရာကြီးဒေါက်တာ ကျော်ညွန့်စိန်က ရှင်းပြပေးစေလိုပါတယ်။

**ဒေါက်တာကျော်ညွန့်စိန် ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။** ။ အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်အောင်မြင်ဖို့အတွက် အဓိကအခြေခံအကျဆုံးကတော့ အနာကြီးရောဂါရှိတဲ့လူတွေကို များများရှာဖွေပြီးတော့ ရောဂါပျောက်ကင်းအောင်ကုသပေးဖို့၊ အဲဒီ အနာကြီးရောဂါဖြစ်တဲ့လူတွေ ခန္ဓာကိုယ်မသန်မစွမ်း မဖြစ်အောင် ကာကွယ်ဖို့နဲ့ ပြန်လည်ထူထောင်ပေးဖို့ဟာ အခြေခံအကျဆုံး ဖြစ်ပါတယ်။ ဒါပေမယ့် ဆရာကြီး ဦးတင်ရွှေ အမိန့်ရှိသွားသလိုပဲ အဲဒီအချိန်က အနာကြီးရောဂါဖြစ်ပွားမှုနှုန်းဟာ တော်တော့်ကိုများပါတယ်။ လွယ်ကူအောင် ဥပမာပေးမယ်ဆိုရင် ဘတ်စ်ကားတစ်စီးဆိုက် လာတဲ့အချိန်၊ ရထားတစ်စင်းဆိုက်လာလို့ တွဲတစ်တွဲက လူတွေဆင်းလာတဲ့အချိန် အနာကြီးရောဂါလူနာတစ်ယောက်ရှိတယ်လို့ ပြောစမှတ်ရှိခဲ့ပါတယ်။ ဆိုလိုချင်တာကတော့ လူ ၅၀ ရှိရင် တစ်ယောက်လောက်က အနာကြီးရောဂါ လူနာရှိတတ်ပါတယ်။ အဲဒီတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာပေါင်း ခြောက်သောင်း၊ ရှစ်သောင်းလောက်မှာ အနာကြီးရောဂါလူနာတွေ ဖော်ထုတ်ရှာဖွေဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။

အဓိကကတော့ အနာကြီးရောဂါရှိတဲ့လူကလည်း သူ့မှာ အနာကြီးရောဂါရှိမှန်း မသိဘူး။ **စာမျက်နှာ ၁၃ သို့**

○ စာမျက်နှာ ၁၂ မှ

ပြည်သူလူထုကလည်း အနာကြီးရောဂါဆိုတာ ဘာကြောင့်ဖြစ်တာလဲဆိုတာ မသိဘူး။ ဝဋ်နာ၊ ကံနာ ဖြစ်တယ်၊ မျိုးရိုးလိုက်တယ် စသဖြင့် သူတို့မှာ အမြင်မှားတွေ၊ အသိမှားတွေရှိပါတယ်။ နောက်တစ်ခုက အနာကြီးရောဂါရှိမှန်းသိတယ်။ ပျောက်ကင်းအောင်ကုသတဲ့ဆေးရှိတယ်ဆိုတာမသိဘူး။ ဆေးကုသတဲ့ နေရာမှာလည်း ငွေကြေးအကုန်အကျမရှိဘူး (Free of Charge) ဆိုတာ မသိဘူး။ သိတဲ့အခါမှာလည်း ပတ်ဝန်းကျင်က အထင်မှား၊ အမြင်မှားပါ။ လူနာကိုယ်တိုင်ရဲ့ သိမ်ငယ်စိတ်ကလည်း ဒီရောဂါကိုပြသပြီး ကုသဖို့ထက် ရှက်ရွံ့ပြီးတော့ ဖုံးကွယ်ထားကြတယ်။ သိပ်ပြချင်စိတ်မရှိဘူး။ နောက်တစ်ခုကတော့ ပြချင်စိတ်ရှိတယ် ကုသချင်စိတ် ရှိတာတောင်မှ လက်လှမ်းမီဖို့ ဘယ်မှာသွားပြီးတော့ ပြရမလဲဆိုတာ မသိဘူး။ ဒီလိုမသိခြင်း လေးမျိုးဟာ အနာကြီးရောဂါလူနာတွေထွက်လာပြီး ဆေးကုသခံဖို့ အခက်အခဲအနှောင့်အယှက်ဖြစ်ပါတယ်။ ဒီလေးချက်ကို ဖယ်ရှားပစ်ဖို့လိုပါတယ်။

**အစီအစဉ်မှူး** ။ ။ ဒါဆိုရင် အဲဒီ 'မ' လေးလုံးနဲ့ပတ်သက်ပြီး အနာကြီးရောဂါ ကင်းဝေးရေးရည်မှန်းချက်ရဖို့ ဆောင်ရွက်တဲ့အခါမှာ ဘယ်လို နည်းဗျူဟာတွေကို ချမှတ်ခဲ့သလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်။

**ဒေါက်တာကျော်ညွန့်စိန်**။ ။ ဆရာကြီး ဦးတင်ရွှေနဲ့တကွ အရင့်အရင် ဆရာကြီးတွေ ၁၉၅၂ ခုနှစ်လောက်ကတည်းက စလာခဲ့တဲ့ စီမံချက်နဲ့ ဆရာကြီးတွေရဲ့ချပေးတဲ့ ရေခံ၊ မြေခံကောင်းတွေပေါ်မှာ အခြေပြုပြီးတော့ ကျွန်တော်တို့ အရှိန်အဟုန်မြှင့် ဆက်လျှောက်ပါတယ်။ ပထမတစ်ခုကတော့ စောစောတုန်းက ပြောခဲ့တဲ့အတိုင်းပဲ လူနာရှာဖွေဖို့၊ ရောဂါပျောက်ကင်းအောင်ကုသဖို့၊ ခန္ဓာကိုယ်မချို့ယွင်းအောင် ကာကွယ်ဖို့ကို ဗဟိုပြုပါတယ်။ အဲဒီလိုဗဟိုပြုပြီးတော့မှ အနာကြီးရောဂါတိုက်ဖျက်ရေးဌာနနဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေနဲ့ ပေါင်းပြီးတော့ ဆောင်ရွက်ခဲ့တယ်ဆိုတာ ဆရာကြီး ဦးတင်ရွှေ အရှေ့ပိုင်းမှာ ပြောခဲ့ပါတယ်။ အဲဒီထက်တစ်ဆင့်အရှိန်အဟုန်မြှင့်တဲ့အနေနဲ့ အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ ပိုပြီးတော့ ထိထိရောက်ရောက်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့ National Leprosy Elimination Steering Committee အမျိုးသားအဆင့် အနာကြီးရောဂါကင်းဝေးရေး ဦးဆောင်ကော်မတီကို ဖွဲ့ပါတယ်။ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် ဦးဆောင်ပြီးတော့ သက်ဆိုင်ရာဌာနတွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေပါ ပါပါတယ်။ အဲဒီအုပ်ချုပ်မှုပုံစံကို ကျယ်ပြန့်အောင် လုပ်ပါတယ်။

နောက်တစ်ခုက အနာကြီးရောဂါအတွက် Task Force လုပ်ငန်းအဖွဲ့ပါ။ အဲဒီ လုပ်ငန်းအဖွဲ့မှာ သုတေသနနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဖို့ အနာကြီးရောဂါကင်းဝေးရေးလမ်းကြောင်းက လမ်းကြောင်းပေါ်မှာ ရှိသလားဆိုတာကို Monitor လုပ်ဖို့၊ စောင့်ထိန်းဖို့ အဲဒီလိုမျိုး Task Force တွေဖွဲ့ပါတယ်။ နောက်ထပ် First Donar Meeting ကနေ အခြေခံပြီးတော့ အပြည်ပြည်ဆိုင်ရာ အလှူရှင်မိတ်ဖက်အဖွဲ့တွေရှိတယ်။ ကမ္ဘာ့ကျန်းမာရေးတို့လို နည်းပညာဆိုင်ရာ အဖွဲ့တွေလည်းရှိတယ်။ နောက် မြန်မာနိုင်ငံအတွင်းမှာ လုပ်နေကြတဲ့ NGO အဖွဲ့တွေလည်းရှိတယ်။ နှီးနွှယ်ဆက်စပ်နေကြတဲ့ဝန်ကြီးဌာနတွေလည်းရှိတဲ့အတွက် မိတ်ဖက်ဖွဲ့စည်းမှုလုပ်ငန်း ပိုကောင်းအောင်၊ နောက်ပြီး ဒီ resource ပါ။ ဆရာကြီးပြောသွားတဲ့ LEC တို့ SAPEL တို့ ဒီလုပ်ငန်းတွေလုပ်တဲ့နေရာမှာ ငွေကြေးအရင်းအမြစ်တွေလိုပါတယ်။ လိုအပ်တဲ့ ငွေကြေးအရင်းအမြစ်တွေ ရှာဖွေပြီးတော့မှ Plan တစ်ခုတည်းအောက်မှာ ဟာကွက်မရှိဘဲနဲ့ ထည့်သွင်းနိုင်အောင် ကျွန်တော်တို့က Leprosy Elimination Cooperation Committee ဆိုတာကို ၂၀၀၀ ပြည့်နှစ် ဧပြီလမှာ ဖွဲ့စည်းပါတယ်။ အဲဒီလိုအုပ်ချုပ်မှုပုံစံကို ကျွန်တော်တို့ တည်ပါတယ်။ တည်ပြီးတဲ့အခါကျတော့ 'မ' လေးလုံးပါ။ အသိဗဟုသုတမသိတာ၊ မှန်ကန်တဲ့ ဗဟုသုတမရှိတာ၊ နောက်ပြီး ဘယ်မှာကုသလို့ ပျောက်ကင်းမှန်းမသိတာ၊ ဘယ်မှာ ကုသရမှန်းမသိတာ၊ ကုသဖို့ ရှက်ကြောက်နေတာတွေကို ချေဖျက်နိုင်တဲ့ ရည်ရွယ်ချက် Specific Objectives ၁၀ ချက်နဲ့ နည်းဗျူဟာ ၁၄ ချက် ဒါတွေကို လွှမ်းခြုံတဲ့ နည်းဗျူဟာတွေကို ချမှတ်ပြီးတော့ ဆောင်ရွက်ပါတယ်။

ခြုံပြီးတော့ပြောရင် ဒီနည်းဗျူဟာတွေမှာ Commitment ကတိကဝတ်တွေ၊ ထောက်ခံမှုတွေ အပြည့်အဝရရှိအောင် ဆောင်ရွက်တဲ့နည်းဗျူဟာတွေရှိတယ်။ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ အကျိုးတူပူးပေါင်းပြီး တစ်ဦးချင်း တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း တစ်ဖွဲ့ချင်း၊ Ownership လို့ခေါ်တဲ့ တာဝန်ခံမှု၊ တာဝန်ယူမှုလုပ်တဲ့ Ownership ဒါကို ကျွန်တော်တို့ လုပ်တယ်။ နောက်ပြီးမှ ပြည်သူလူထုအမြင်မှာ အနာကြီးရောဂါဆိုတဲ့ ပုံရိပ်က မကောင်းတဲ့ပုံရိပ်ကနေ သင့်တော်မှန်ကန်တဲ့ ပုံရိပ်ဖြစ်အောင်၊ အနာကြီးရောဂါနဲ့ပတ်သက်လို့ ရောဂါလက္ခဏာတွေ၊ ကုသရင်ပျောက်ကင်းတယ်ဆိုတာတွေ စသဖြင့် အသိပညာတွေဖြစ်အောင်လုပ်တဲ့ နည်းဗျူဟာတွေ ပါပါတယ်။ နောက်ပြီးတော့မှ ကျွန်တော်တို့ ရောဂါကို စဉ်ဆက်မပြတ် ထောက်လှမ်းပြီးတော့မှ Plan သေချာလုပ်နိုင်အောင် Monitoring & Surveillance လုပ်ငန်းတွေ လုပ်ပါတယ်။ နောက်ပြီးတော့မှ ကျွန်တော်တို့ MDT Service လို့ခေါ်တဲ့ အနာကြီးရောဂါကို ရှာဖွေပြီး MDT ဆေးပေါင်းနဲ့ ပျောက်ကင်းအောင်ကုသတဲ့နေရာမှာ ပြည်သူလူထုနဲ့အနီးဆုံး တစ်နိုင်ငံလုံး လွှမ်းခြုံမှုမှာ ဆေးဝါးကအစ စဉ်ဆက်မပြတ် ထောက်ပံ့ပေးတဲ့ အထူးသဖြင့် သားဖွားဆရာမတွေပေါ့။ သားဖွားဆရာမတွေက ဒီရောဂါကို စမ်းသပ်၊ ကုသ၊ ဆုံးဖြတ်ပြီးတော့ ပျောက်ကင်းအောင် ကုသနိုင်အောင် ကျွမ်းကျင်မှုတွေ တည်ဆောက်ပေးတယ်။ ကျွန်တော်တို့ရဲ့ စီမံချက်လုပ်ငန်းမှာ ပြန်ပြီးအသုံးချဖို့အတွက် ကျွန်တော်တို့မှာ ဟာနေတဲ့ မသိတဲ့နေရာတွေကို သုတေသနတွေပြုလုပ်ပြီး အဲဒီမှာထည့်တယ်။ ပြီးတော့မှ ကျွန်တော်တို့ ခန္ဓာကိုယ်မသန်မစွမ်းကာကွယ်ရေးလုပ်ငန်းတွေ လုပ်တယ်။ နည်းဗျူဟာတွေကိုတော့ ကျွန်တော်တို့ ခြုံငုံပြီး ဆောင်ရွက်ခဲ့ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

## မြန်မာ့ရုပ်ရှင်လောက၏ ကျား၊ မ ရေးရာ အမြင်ကို ဆန်းစစ်လေ့လာခြင်း စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရုပ်ရှင်အတတ်ပညာဖြင့် အမျိုးသမီးများဘဝတိုးတက်မြင့်မားစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင်လောကမှ ကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်အနုပညာရှင်များနှင့် လူငယ်အနုပညာရှင်များ၏ပူးပေါင်းပါဝင်ဖြေကြားမှုဖြင့် မြန်မာ့ရုပ်ရှင်လောက၏ ကျား၊ မရေးရာအမြင် ဆန်းစစ်လေ့လာမှုတစ်ရပ်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် (တနင်္ဂနွေနေ့) ၁ နာရီမှ ၄ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ" (Film Development Centre) ၌ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (Enlightened Myanmar Research Foundation)က စီစဉ်ကျင်းပခြင်းဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာအုပ်စာပေ လူ့မိတ်ဆွေ





အပြေးပြိုင်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ- အား/ကာ



မြားပစ်ပြိုင်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ- အား/ကာ

**❒ မြန်မာပြေးခုန်ပစ်မှ**

အမျိုးသမီးပြိုင်ပွဲ၊ မီတာ ၃၀၀၀ တားဆီးကျော် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့ ကျင်းပခဲ့သည်။ ဒုတိယနေ့တွင် အမျိုးသမီး သံပြားဝိုင်း ပစ်ပြိုင်ပွဲမှ မာမာစန်းက ရယူနိုင်ခဲ့ပြီး ရွှေဆုကို မလေးရှား၊ ငွေဆုကို အင်ဒိုနီးရှားက ရရှိခဲ့သည်။ ပြိုင်ပွဲတတိယနေ့ကို ဒီဇင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဒုတိယနေ့အပြီးတွင် ငွေတစ်ခု၊ ကြေးသုံးခု ရရှိထားသည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ကိုကိုစိုးညွန့်**

**❍ ကျောဖုံးမှ**

မြန်မာလှေလှော်အဖွဲ့သည် ဒုတိယနေ့အပြီးတွင် ရွှေနှစ်ခု၊ ငွေနှစ်ခု ရရှိထားသည်။ ပြိုင်ပွဲတတိယနေ့ကို ဒီဇင်ဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ ငါးမျိုးနှင့် ရိုးရာလှေပြိုင်ပွဲ တစ်မျိုး ကျင်းပမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ကိုကိုစိုးညွန့်**

**အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုအခြေအနေ ၁၄-၁၂-၂၀၁၈**

| အဆင့် | နိုင်ငံနှင့်အလံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၃၂ | ၃၀ | ၁၉ | ၈၁ |
| ၂ | အင်ဒိုနီးရှား | ၂၆ | ၁၅ | ၁၉ | ၆၀ |
| ၃ | မလေးရှား | ၁၇ | ၂၆ | ၂၀ | ၆၄ |
| ၄ | မြန်မာ | ၁၀ | ၁၀ | ၁၅ | ၃၅ |
| ၅ | ဗီယက်နမ် | ၅ | ၁ | ၁ | ၇ |
| ၆ | စင်ကာပူ | ၄ | ၈ | ၁၁ | ၂၃ |
| ၇ | လာအို | ၃ | ၄ | ၃ | ၁၀ |
| ၈ | တီမောလက်စ်တေ | ၁ | | | ၁ |
| ၉ | ဖိလစ်ပိုင် | ၁ | | | ၁ |
| ၁၀ | ဘရူနိုင်း | | | | ၀ |
| ၁၁ | ကမ္ဘောဒီးယား | | | | ၀ |
| | စုစုပေါင်း | ၉၉ | ၉၄ | ၈၉ | ၂၈၂ |


# ဟိုပင်မြို့နယ်၌ ဘိန်းဖြူ ၅၇၂၀ ဂရမ်၊ စိတ်ကြွဆေးပြား ၆၆၉၀၀ နှင့် ဘိန်းဆီခဲ ၁၄၃၇၀ ဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

ဟိုပင်မြို့ ဇီးကုန်းကျေးရွာ ဟိုပင်-လုံးတုံ-ကုန်းသာ-ညောင်ပင်သွား ကားလမ်း မိုင်တိုင်အမှတ် ၈/၂ အနီး၌ ယနေ့နံနက် ၁၀ နာရီခွဲခန့်က ရပ်တန့်ထားသည့် 7C/------ SURF မော်တော်ယာဉ် တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိရကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ခရီးဆောင်အိတ်များ အတွင်း ဆပ်ပြာခွက် ၅၇၂ ခွက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူ ၅၇၂၀ ဂရမ်၊ စိတ်ကြွဆေးပြား ၆၆၆၉၀၀ နှင့် ဘိန်းဆီခဲ ၁၄၃၇၀ ဂရမ်တို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် ဟိုပင်နယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**ရဲပြန်ကြား**

# ပင်လောင်း၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လုံ၊ လဲချား၊ မိုင်းရှူးမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး



**နေပြည်တော် ဒီဇင်ဘာ ၁၄**

ပင်လောင်းမြို့နယ် လွယ်မောင်းကျေးရွာ အနောက်တောင်ဘက် တစ်မိုင်ခွဲခန့် အကွာတွင် ဒီဇင်ဘာ ၁၃ ရက်က အမှတ်(၂၆)မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့စု ပင်လောင်းမှ ရဲမှူး ဝင်းကျော်ရီ ဦးစီးပူးပေါင်းအဖွဲ့သည် ဘိန်းစိုက်ခင်း ၁၉ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ၌ ဘိန်းစိုက်ခင်း ၂၇ ဧကခန့်၊ ဆီဆိုင်မြို့နယ် ပချားကလို့ကျေးရွာ၌ ဘိန်းစိုက်ခင်း ဧက ၂၀ ခန့်၊ ပင်လုံမြို့နယ် တန့်အယ်ကျေးရွာ၌ ဘိန်းစိုက်ခင်း ငါးဧကခန့်၊ လဲချားမြို့နယ် ဟိုနားကျေးရွာ၌ ဘိန်းစိုက်ခင်း တစ်ဧကခန့်၊ မိုင်းရှူးမြို့နယ် နားလောင်း ကျေးရွာပါ နှစ်ရွာ၌ ဘိန်းစိုက်ခင်း ၆ ဒသမ ၅ ဧကခန့်တို့အား ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကချင်ပြည်နယ် ဆဒုံးမြို့၌ တန်ပိုယာဉ်ကြောင့် ဘေလီတံတားကျိုး

**ဆဒုံး ဒီဇင်ဘာ ၁၄**

ကချင်ပြည်နယ် ဆဒုံးမြို့နယ်အတွင်းရှိ ဝိုင်းမော်-ဆဒုံးကားလမ်းမကြီး မိုင်တိုင် အမှတ် ၃၂/၃၃ အကြားရှိ လန်နရေတံခွန်အနီး ဘေလီတံတားသည် နံနက် ၁၁ နာရီခွဲခန့်တွင် မြစ်ကြီးနားမြို့ သခင်စစ်ကုမ္ပဏီမှယာဉ်မောင်း ရွှေဟုန်တင်း (၂၂)နှစ် မောင်းနှင်လာသော ယာဉ်အမှတ် E/---- ဒေါင်ဖန်းအမျိုးအစား ၁၂ ဘီးယာဉ်သည် ကျောက်မီးသွေးသတ္တုကုန်ကြမ်း တန်ချိန် ၄၄ တန်ခန့်ဖြင့် တံတားပေါ်မှဖြတ်သန်းစဉ် ယာဉ်အလေးချိန်အား ခံနိုင်မှုမရှိ၍ တံတား အလယ်နေရာမှ ကျိုးကျသွားပြီး အဆိုပါတံတားကျိုးကျမှုကြောင့် ယာဉ်မောင်း ထိခိုက်မှုမရှိသော်လည်း ယာဉ်သည်တံတားနှင့်အတူ ချောင်းထဲသို့ ပြုတ်ကျပြီး အခြားကုန်တင်ယာဉ်နှင့် ခရီးသွားယာဉ်များ ဖြတ်သန်းသွားလာ၍ မရသေး ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကလေးဝမြို့နယ် ကျောက်အုံကျေးရွာရှိ မြေအောက်ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းတွင် လူတစ်ဦး သေဆုံး

**ကလေးဝ ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ကျောက်အုံ ကျေးရွာ၌ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်း ထူးဟန်သစ်ကုမ္ပဏီ၏ မြေအောက်တူးဖော်ရေး လုပ်ငန်း ကျင်းအမှတ်(၁)တွင် ဒီဇင်ဘာ ၁၄ ရက် နံနက် ၇ နာရီခန့်က ကျင်းဆင်းလုပ်သားခေါင်းဆောင် မော်လိုက်မြို့နယ် ညောင်သပြေကျေးရွာနေ ကိုစန်းမောင်(ခ)ကောင်းစံ ၃၃ နှစ်နှင့် လုပ်သား လေးဦးသည် ကျောက်မီးသွေးကျုံးရန် ကျင်းအတွင်း ဆင်းစဉ် ပေ ၆၀ အရောက်တွင် လေပိုက်ပေါက်နေ သည်ကို တွေ့ရှိရသဖြင့် လေပိုက်ပြန်ဆက်ရန် ကိုစန်းမောင်(ခ)ကောင်းစံက လေပိုက်ဟောင်းရှိရာ စောင်းကျင်းပေါ်သို့ တက်သွားစဉ် လေပြတ်၍ သတိလစ်သွားသဖြင့် ကလေးဝမြို့ ပြည်သူ့ဆေးရုံ ကြီးသို့ပို့ဆောင်စဉ် လမ်းတွင်သေဆုံးသွားကြောင်း သိရသည်။

အဆိုပါသေဆုံးမှုအား ကလေးဝမြို့မရဲစခန်း မှ ရဲအုပ်နေမျိုးထက်က အရေးယူဆောင်ရွက်နိုင်ရန် အမှုအားစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**






ဆဲ ဦးဟန်ညွန့်

# ရှေ့နေနှင့်မကောင်းမှု

**နိဒါန်း**

"ဆရာ"
"ဗျာ"
"နေကောင်းရဲ့လားဆရာ"
"ကောင်းပါတယ်"
"ဆရာ့ကြည့်ရတာနေမကောင်းသလိုပဲ"
"ဗျာ"
"ဆရာစကားနည်းသွားသလိုပဲ"
"ဩော်. . ."
"ဘာလို့ စကားနည်းသွားတာလဲ၊ ဘဝင်မြင့်သွားတာလား"
"ဗျာ"
"ပြောပါဦးဆရာရဲ့"
"ပြောမယ်ဗျာ၊ မကောင်းမှုနည်းအောင်လို့ပါ"
"ဘာကိုဆိုလိုတာလဲဆရာ"
"ဖတ်ကြည့်ကြစို့"

## မကောင်းမှုဆိုတာဘာလဲ

မကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကိုဒုစရိုက်ဟု ခေါ်သည်။

(ဒု-မကောင်းသော၊ စရိတ-ကျင့်ကြံပြုလုပ်ခြင်း)

(၁) သူတစ်ပါးပစ္စည်းကို ငါ့ပစ္စည်းဖြစ်ရင်ကောင်းမှာပဲဟု မတရားကြံစည်ခြင်း၊
(၂) ဒီကောင် မြန်မြန်သေပါစေဟု စိတ်မာန်ပွားခြင်း၊
(၃) အယူဝါဒမှားခြင်းဟု ကျမ်းစာများတွင် မကောင်းမှု၏ အင်္ဂါရပ်များအကြောင်း လေ့လာဖတ်ရှုရသည်။

## နှုတ်ကဖွင့်ပြောပြီ

(၁) မဟုတ်မမှန်တာပြောသည်။
(၂) ကုန်းတိုက်စကားပြောသည်။
(၃) ဆဲရေးတိုင်းထွာသည်။
(၄) အကျိုးမရှိသည့် စကားပြောသည်။

ဤလေးချက်ကလည်းသိသာလွန်းသည်။ စိတ်ကူးမျှသာမဟုတ်။ နှုတ်ကဖွင့်ပြောသည့်အဆင့် ရောက်ပြီ။ ဆိုးရွားလှသည်။ မကောင်းမှု၏ အဓိပ္ပာယ်ပါပဲ။

## မြန်မာ-အင်္ဂလိပ်အဘိဓာန်

မြန်မာအင်္ဂလိပ်အဘိဓာန်၊ စာ-၃၃၀ တွင် မကောင်းမှု (makaunhmu )(n) bad, evil or sinfuldeed ဟုဖော်ပြသည်။

မကင်းရာမကင်းကြောင်း၊ မကောင်းဆိုးရွား၊ မကောင်းတကောင်း၊ မကောင်းတတ်၍၊ မကောင်းမကန်း စသည့် စကားလုံးအဓိပ္ပာယ်တွေလည်း ဖတ်ရ၊ လေ့လာရသည်။ (ဆက်လက်၍မကောင်းမှုအကြောင်းသာ ကျွန်တော်တင်ပြရေးသားပါမည်)

## ဓမ္မပဒ

ကမ္ဘာအေးဆရာတော် အရှင်ပညာဒီပစီရင်ရေးသားသောပါဠိ၊ မြန်မာ၊ အင်္ဂလိပ်သုံးဘာသာ ဓမ္မပဒနိဗ္ဗာန်လမ်းပြကျမ်းစာအုပ်၊ စာ-၅၁ တွင် (ပါပဝဂ္ဂ)မကောင်းမှုအကြောင်း အကျယ်တဝင့်ရေးသားထားသည်။ ကျွန်တော်ဖတ်ရှုနားလည်မိသမျှ ကောက်နုတ်တင်ပြပါရစေ။

(၁) မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုဖို့ရန် နှံ့နှေးတတ်ရကား မကောင်းမှုပြုခြင်းမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို ဆောလျင်မြန်စွာ ပြုလုပ်ရာ၏။

(၂) ပုဂ္ဂိုလ်တစ်ယောက်သည် မကောင်းမှုကို ပြုမိစေကာမူ ထိုမကောင်းမှုကို ထပ်ကာထပ်ကာ မပြုမိစေရာ။ ထိုမကောင်းမှု၌ စိတ်၏အလိုဆန္ဒကိုမပြုလုပ်ရာ။ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်ပေ၏။

(၃) ပုဂ္ဂိုလ်တစ်ယောက်သည် ကောင်းမှုကို ပြုပြီးသော်လည်း ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုလုပ်ရာ၏။ ထိုကောင်းမှု၌ စိတ်၏အလိုဆန္ဒကိုပြုလုပ်ပေးရာ၏။ ကောင်းမှုကို ပွားစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်ပေ၏။

(၄) မကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း မကောင်းကျိုးမပေးသရွေ့ကာလပတ်လုံး ကောင်းမြတ်သောအာရုံကို တွေ့မြင်နိုင်သေး၏။ ယင်းမကောင်းမှုက အကျိုးပေးလာသောအခါ၌မူကား မကောင်းမှုပြုသူသည် မကောင်းကျိုးတို့ကိုသာ တွေ့မြင်ရပေတော့၏။

(၅) ကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း ကောင်းကျိုးမပေးသရွေ့ ကာလပတ်လုံး မကောင်းသောအာရုံကို တွေ့မြင်နိုင်သေး၏။ ယင်းကောင်းမှုက အကျိုးပေးလာသောအခါ၌မူကား ကောင်းမှုပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့မြင်ရပေတော့၏။

(၆) အနည်းငယ်သောမကောင်းမှုသည် (မိမိအား) အကျိုးသက်ရောက်လိမ့်မည် မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင်မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးပြည့်လာဘိသကဲ့သို့ လူမိုက်သည် အနည်းငယ် အနည်းမျှသော (အကုသိုလ်) မကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များ လတ်သော် မကောင်းမှုဖြင့် ပြည့်လေတော့၏။

(၇) အနည်းငယ်သောကောင်းမှုသည် မိမိအား အကျိုးသက်ရောက်လိမ့်မည် မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင်မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော ရေအိုးပြည့်လာဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်မျှသာ ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်လေတော့၏။

(၈) အငယ်နည်း၍ များသောဥစ္စာရှိသည့် ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် (လတ်တလောသေစေတတ်သည့်) အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ ပညာရှိတို့သည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

(၉) လက်၌အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်ဆောင်နိုင်၏။ အဆိပ်သည် အနာမရှိသောလက်ကို အစဉ်မလိုက်(မထိခိုက်) နိုင်ပေ။ မကောင်းမှု(စေတနာဖြင့်) မပြုသော သူအား မကောင်းမှုကံသည် မဖြစ်နိုင်ပေ။ စသည်ဖြင့် ကျွန်တော် ဖတ်ရှုမှတ်သားမိပါသည်။ အချို့စာများ နားလည်သော်လည်း အချို့ကိုကား ကျွန်တော်နားမလည်သေး။ ရှည်ရှည်ဝေးဝေးတွေး၍ မှတ်၍ လေ့လာရဦးမည်။ မကောင်းမှုတွေနေ့စဉ် လုပ်မိနေသော ကျွန်တော်သည် မကောင်းမှု၏ အဓိပ္ပာယ်ကို ထင်ထင်ရှားရှားသိကြားပါပြီလော။ ကျွန်တော့်မိတ်ဆွေများရော ဤသို့ပါပဲလား။ ထင်ရှားစေချင်ပါသည်။ သိကြားစေချင်ပါသည်။

## ဆရာတော်၏ ကျေးဇူး

ဆရာတော် အရှင်ပညာဒီပရေးသားစီရင်အပ်သော ဓမ္မပဒလမ်းပြစာအုပ်၏ကျေးဇူးကြောင့် မကောင်းမှု၏ အဓိပ္ပာယ် ဘာသာပြန်ဆိုချက်အား ဉာဏ်မီသမျှ သိခွင့်ရချေပြီ။

## ဓမ္မပဒဟူသောကျမ်းမြတ်

ဓမ္မပဒဟူသောကျမ်းမြတ်သည် ပိဋကတ်သုံးပုံ၏ အနှစ်သာရဖြစ်ပါ၏။ စိတ်၏လျော်ကန် သင့်မြတ်မှု၊ နူးညံ့မှု၊ ညစ်နွမ်းမှု၊ တက်ကြွမှု၊ ကြည်လင်မှုများ ခွဲခြားပြပါ၏။ ဓမ္မရသစာပေစုလည်းဖြစ်ပါပေ၏။

## နေ့စဉ်အလုပ်

ကျွန်တော်၏ နေ့စဉ်အလုပ်မှာကောင်းမှု၊ မကောင်းမှုများနှင့် ရောပြွမ်းနေမည်သာဖြစ်ပါ၏။ ကောင်းမှုများသလား။ မကောင်းမှုများသလား။ ဝေခွဲပိုင်းခြားရမည်ဖြစ်ပေတော့သည်။ ကောင်းမှုလုပ်ချင်ပါသည်။ မကောင်းမှု မလုပ်ချင်ပါ။ ထိုအခါ -

(၁) စေတနာကိုအခြေခံကြပါစို့။ နေရာတကာ စေတနာနှင့်ပြော၊ စေတနာနှင့် လုပ်၊ စေတနာနှင့် ဆက်ဆံ၊ မှန်မှန်ကန်ကန် ကျင့်သုံးလျှင် မကောင်းမှုကင်းနိုင်မည်ဟုယုံကြည်မိပါ၏။
(၂) စေတနာဆိုရာတွင်လည်း မကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတွေ ကင်းဝေးစေခြင်းဖြစ်ရပါမည်။
(၃) မတော်လောဘမဖြစ်ရ။ သူ့ပစ္စည်းကို မတရားမရယူရ။ မတရားမကြံစည်ရ။
(၄) သူတစ်ပါးအပေါ် မေတ္တာအပြည့်အဝထား။ ကြင်နာသနား။ ကျန်းမာပါစေ။ ချမ်းသာပါစေဟု ရင်ထဲကမေတ္တာအမြဲပို့ အမြဲဆုတောင်း။ မေတ္တာစူးစူးရှုရှုပို့လေလေ၊ ငါ့သူငယ်ချင်း ကျန်းမာလေ၊ ချမ်းသာလေ။ ငါ့သူငယ်ချင်း ကြီးပွားပါစေ။ ငါ့သူငယ်ချင်းတိုးတက်ပါစေ။ ငါ့သူငယ်ချင်း အရာရာအောင်စေ၊ နိုင်စေ၊ ပိုင်စေ။ ရောဂါခံစားနေရပြီးဆေးရုံတက်နေရသော သူငယ်ချင်း ဆေးရုံက အမြန်ဆုံး ဆင်းနိုင်ပါစေ။ ငါ့သူငယ်ချင်း အသက်ရှည်ပါစေ။ ငါ့သူငယ်ချင်း သူ့မိသားစုနှင့် ပျော်ရွှင်စွာ ပေါင်းဖက်နိုင်ပါစေ။ သူ့ဇနီး၊ သူ့သားတွေသမီးတွေနှင့် အိုအောင်မင်းအောင် ပေါင်းရပါစေ။ သုခအဖုံဖုံကြုံပါစေ။ သူငယ်ချင်းသာမက သတ္တဝါအားလုံးအကျိုးဝင်ပါစေဗျာ။
(၅) အယူဝါဒမှန်ပါစေ။ လောဘ၊ ဒေါသ၊ မောဟကင်းကြပါစို့။ မေတ္တာဝါဒ၊ သစ္စာဝါဒ၊ ချစ်စရာဝါဒတွေကိန်းဝပ်ကြပါစို့။ လေ့လာကျင့်ကြံကြပါစို့။
(၆) သူကောင်းမှ ကိုယ့်ကောင်းမယ်ဟု မလုပ်နှင့်။ သူကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ကိုယ်ကောင်းပါစေဟု ဆရာတော်ဘုန်းဘုန်းတစ်ပါးက မိန့်ကြားသည်။ အလွန်နာယူကျင့်ကြံဖွယ် အမှာစကားပေတည်း။ ဗုဒ္ဓဘာသာမျှသာမကဘာသာစုံ၏ မေတ္တာ၊ စေတနာ၊ အယူဝါဒ၊ ရည်ရွယ်ချက်များကိုလည်း ဤသို့ပင် လေးစားရှိသေပါသည်။ ကျင့်ကြံအားထုတ်နိုင်ကြပါစေသတည်း။
(၇) မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားဟူသော ဆောင်ပုဒ်မှာလည်းလေးစားရှိသေထိုက်ပေ၏။ စိတ်ထားဖြူစင်ကြပါစေသတည်း။
(၈) မကောင်းမှုမလုပ်ကြနှင့်ဟူသော စကားမှာပြောသလောက်မလွယ်။ တကယ်လက်တွေ့ကျင့်ကြံမှုဖြစ်မည်ဟု သတိပေးသူရှိပါ၏။ မှန်ကန်လှပေသည်။ ကြိုးစားတည်ဆောက်ကြရပေလိမ့်မည်ဟု ကျွန်တော်တွေးမိပါ၏။ ယုံကြည်မိပါ၏။

## အားထုတ်ခြင်း

မကောင်းတာပယ်၊ ကောင်းတာဆောင်ဟု ထပ်မံယုံကြည်မိပါ၏။ ကောင်းတာကို အားထုတ်ယူမှရမည်။ အားမထုတ်၊ မကြိုးကုတ်လျှင် မရနိုင်။ ကောင်းမှုကို ရအောင်ရှာ၊ ဖြစ်အောင်လုပ်ဟုဆရာကြီးများက အမြဲသွန်သင်ပါ၏။ အပြောနည်း၍ အလုပ်များပါစေ။ အပြောလျှော့။ အလုပ်လုပ်။

## တရားသူကြီးချုပ်

အငြိမ်းစားတရားသူကြီးချုပ်တစ်ဦးက သူ့အတွေ့အကြုံကို ရှေ့နေတစ်ဦးဖြစ်သော ကျွန်တော့်အား ပြောပြဖူးပါ၏။

"မောင်ရင်၊ မကောင်းမှုလုပ်တဲ့ တရားခံတွေကို ထောင်ထဲမှာထောင်ချပြီးနောက် ကိုယ်ပြန်တွေ့တယ်၊ ကိုယ်ထောင်စစ်တဲ့နေ့မှာ မျက်ရည်တွေကျပြီး ကိုယ့်ကို ထိုင်ကန်တော့တယ်။ ဘာလို့ ဝမ်းနည်းမျက်ရည်ကျရသလဲမေးတော့ ကောင်းမှုရှာရမယ်ဆိုတာထောင်ကျ တရားခံတွေကသိလာပြီ။ ဒါပေမယ့် နောက်ကျပြီးမှ သူတို့နောင်တရလို့ပါ၊ ဒါကြောင့် မျက်ရည်ကျတာပါ . တဲ့ ။

## နိဂုံး

(၁) မကောင်းမှုနည်းပါးပါစေ။
(၂) ကောင်းမှုပွားများပါစေဟု မိမိကိုယ်မိမိ အပြောလျှော့၍ သတိရှိကြရပေမည်။
(၃) သတိ။



# ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်း သတ်မှတ်ရက်ထက်စောပြီးစီးရန် ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီးကို စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား သန့်ရှင်းရေးပြုလုပ်ကာ မူလအတိုင်းထားရှိခြင်း၊ ထီးတော်နှင့် လုံးတော်ပြည့်အား ရွှေသားအစစ်ဖြင့်ကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို သတ်မှတ်ရက်ထက်စောပြီးစီးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူးလေစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

“၂၀၁၉ ခုနှစ် ဇွန်လလောက်မှာတော့ အကုန်ပြီးစီးမယ်လို့ထင်တယ်။ အစောဆုံးထီးတော်တင်ဖြစ်ရင်တော့ ၂၀၁၉ ဒီဇင်ဘာလလောက်မှာတင်မယ်။ နောက်အကျဆုံးကတော့ ၂၀၂၀ ပြည့်နှစ် မတ်လမတိုင်ခင် ပြီးသွားမှာပါ” ဟု စေတီတော်ဂေါပကအဖွဲ့မှ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်က ပြောသည်။

ထီးတော်တွင် ဘုံခုနစ်ဆင့်ပါရှိပြီး ယင်းဘုံခုနစ်ဆင့်အတွက် ရွှေပိဿာချိန် ၂၀ ဒသမ ၉၀ (၂၁ ပိဿာ)ခန့် ကုန်ကျမည်ဖြစ်ပြီး လက်ရှိတွင် ပထမဘုံအောက်ဆုံးအခွေအကြီး ပြီးသွားပြီး ရွှေရှစ်ပိဿာကုန်ကြောင်း၊ သတ္တမဘုံ ထိပ်ဆုံးအသေးလေးကို အလှူရှင်များမှ ရွှေစင်ရွှေသား ၈၀ ကျပ်သား လှူဒါန်းပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမဘုံများအတွက် ခုနစ်ရက်သားသမီးအလှူရှင်များ လာရောက်လှူဒါန်းမှုများရှိကြောင်း သိရသည်။

“ငါးနှစ်တစ်ကြိမ် ပုံမှန်လုပ်သွားမှာပါ။ နှစ်ပေါင်း ၃၀ လောက်ဆိုရင်တော့ ဆူးလေစေတီတော်က လုံးတော်ပြည့် ရွှေသင်္ကန်းတွေဖြစ်သွားမယ်” ဟု ဦးကျော်ခင်မြင့်က ပြောသည်။

ဆူးလေစေတီတော်သည် ရန်ကုန်မြို့လယ်ကောင်တွင် တည်ရှိပြီး လွန်ခဲ့သောနှစ်ပေါင်း ၂၃၀၀ ကျော်ခန့်က တည်ထားသည့်စေတီတော်ဖြစ်ပြီး ဌာပနာတိုက်ထဲတွင် ဆံတော်နှစ်ဆူနှင့် ဓာတ်တော်နှစ်ဆူကိန်းဝပ်တည်ထားသည့် စေတီတော်မြတ်ကြီးဖြစ်ကာ ဉာဏ်တော်အမြင့်ပေ ၁၆၁ ပေ ရှိကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ**

**ဇာနည်မောင်၊ အေးမင်းသူ**





# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ လျှပ်စစ်မီးဖွင့်ပွဲ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**မလှိုင် ဒီဇင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ညောင်ပင်တဲကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီ က အဆိုပါကျေးရွာရှိ ထရန်စဖော်မာရှေ့၌ ကျင်းပသည် ။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က စက်ခလုတ်နှိပ်၍ လျှပ်စစ်မီးဖွင့်လှစ်ပေးပြီး ဘုန်းကြီးကျောင်းဓမ္မာရုံတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ညောင်ပင်တဲကျေးရွာသည် အိမ်ခြေ ၁၄၉ အိမ်၊ လူဦးရေ ၇၈၉ ဦးရှိပြီး လျှပ်စစ်မီးလင်းရေးအတွက် (200 KVA) ထရန်စဖော်မာတစ်လုံးနှင့် အိမ်သုံးမီတာ ၆၈ လုံးကို တပ်ဆင်ပေးထားပြီးဖြစ်သည်။

အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မလှိုင်မြို့နယ် ညောင်မြင့်ကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါကျေးရွာသည် အိမ်ခြေ ၁၆၀၊ လူဦးရေ ၇၅၀ နေထိုင်လျက်ရှိပြီး (160 KVA) ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးထားပြီး အိမ်သုံးမီတာ ၇၈ လုံး ချထားပေးပြီးဖြစ်ကြောင်း သိရသည်။ **အောင်ရွှေ(မလှိုင်)**

# ဘုရင့်နောင်မင်းတရားကြီး ရုပ်တုဖွင့်ပွဲအခမ်းအနား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူး ဒီဇင်ဘာ ၁၄**

ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ဝင်းအတွင်း၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက “သီရိတြိဘဝနာ ဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာမဟာဓိပတိ၊ သီရိပဝရမဟာဓမ္မရာဇာဓိရာဇာ” ဘွဲ့တံဆိပ်တော်ရ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး၏ ရုပ်တုဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်တို့က ဘုရင့်နောင်မင်းတရားကြီး၏ ရုပ်တုအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

အဆိုပါ ဘုရင့်နောင်မင်းတရားကြီး၏ရုပ်တုအား စကျင်ကျောက်ဖြင့် ထုဆစ်ပုံဖော်ကာ ရုပ်တုအမြင့် ၆ ပေ ၂ လက်မ၊ ခုံအမြင့် ၉ ပေရှိသော ရုပ်တုဖြစ်သည်။ ရုပ်တု၏ အောက်ခံခုံမျက်နှာစာတွင် “သီရိတြိဘဝနာ ဒိတျာပဝရပဏ္ဍိတ သုဓမ္မရာဇာမဟာဓိပတိ၊ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇာ” ဘွဲ့တံဆိပ်တော်ရ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး (အေဒီ ၁၅၅၁-၁၅၈၁) ဟူ၍လည်းကောင်း၊ အရပ် ၁၀ မျက်နှာအောင်နိုင်သူခေါင်းစဉ်ဖြင့် ဘုရင့်နောင်မင်းတရားကြီး၏ သမိုင်းကြောင်းများကို ကမ္ပည်းကျောက်စာတွင် ရေးထိုးထားရှိသည်။

ကမ္ဘောဇသာဒီနန်းတော်အတွင်း၌ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးရုပ်တု၊ မိဖုရားခေါင်ကြီး ခင်ခင်ကြီး၏ရုပ်တုပြခန်း၊ မယ်တော် ဆုပန်ကလျာနန်းဆောင်နှင့်ရုပ်တု၊ ကျွန်းလုံးတိုင်ပြတိုက်၊ ဘမရာသနပလ္လင်တော်ဆောင်၊ ပြင်နန်းတော်စတင်တည်ဆောက်ထားသော ကျွန်းလုံးတိုင်ကြီးများ၊ ခေတ်အဆက်ဆက်တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများ၊ ဘုရင့်နောင်မင်းတရားကြီး အသုံးပြုခဲ့သော မြင်းရထားပုံစံငယ်နှင့် အသုံးဆောင်ပစ္စည်းများပြသထားသဖြင့် ရှေးဟောင်းသမိုင်းအမွေအနှစ်များကို တစုတဝေးကြည့်ရှုလေ့လာ၍ရသော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် ကြည်နူးရွှင်ပျော်ကလေးစာကြည့်တိုက်ပွဲတော် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တွင် ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက ကြည်နူးရွှင်ပျော် ကလေးစာကြည့်တိုက်ပွဲတော်နှင့် အမှတ်တရဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။



သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အမှာစကားပြောကြားပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံနှင့် တာဝန်ရှိသူများက ပွဲတော်အတွင်းရှိ စာအုပ်စာစောင် အရောင်းဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များနှင့် အစားအသောက်ရောင်းချသည့် ဆိုင်များအား လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကလေးငယ်များကို ကာတွန်းပညာရှင်များမှ ကလေးများအတွက် သိမှတ်ဖွယ်ရာများကိုဟောပြောခြင်း၊ အမှတ်တရကာတွန်းရေးဆွဲပေးခြင်းနှင့် သပြေကလေးသူငယ်ပညာရေးနှင့် ကျန်းမာရေးထောက်ပံ့မှုအဖွဲ့တို့ကလည်း ကလေးငယ်များအား ပျော်ရွှင်ဖွယ်ဂိမ်းအစီအစဉ်များ၊ ဉာဏ်စမ်းအစီအစဉ်များ၊ ပုံပြောအစီအစဉ်များ၊ လက်မှုပညာအစီအစဉ်များနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးရန်နေရာများကိုလည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# ကယားပြည်နယ်တွင် စာပေအနုပညာပွဲတော်ကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၁၄**

စာဆိုတော်နေ့အထိမ်းအမှတ် စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ ကယားပြည်နယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက “မျက်စိကန်းတာက တစ်ဦးတစ်ယောက်ပဲနစ်နာပါတယ်။ ဦးနှောက်အသိကန်းရင် မျိုးဆက်တစ်ခုလုံးနစ်နာမယ်။ ကမ္ဘာကြီးကောင်းမွန်စွာပြောင်းလဲတိုးတက်စေလိုလျှင် ပတ်ဝန်းကျင်မှ လူငယ်များ၊ သူငယ်ချင်းများ၊ မိတ်ဆွေများကိုပါ စာဖတ်ခြင်းဝါသနာကို ဝိုင်းဝန်းဆွဲဆောင်ပျိုးထောင်ပေးကြပါ” ဟု ပြောကြားသည်။

အခမ်းအနားသို့ ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များက စာအုပ်ဈေးရောင်းပွဲတော်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။ စာဆိုတော်နေ့အထိမ်းအမှတ် စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလေး**



# နိုင်ငံခြားသားများ ရေနွေးငွေ့သုံးမီးရထားစီး၍ မြန်မာနိုင်ငံအတွင်း လည်ပတ်လေ့လာ

**ညောင်လေးပင် ဒီဇင်ဘာ ၁၄**
ဒုတိယကမ္ဘာစစ်လက်ကျန် ရေနွေးငွေ့သုံးမီးရထားစီး၍ အသံနှင့် ပုံရိပ်များ ပြန်လည်ခံစားနိုင်ရန် နိုင်ငံခြားသားများ မြန်မာနိုင်ငံအတွင်း လည်ပတ်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာ-မဒေါက် မီးရထားလမ်းပိုင်းမှ မဒေါက်မြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါ မီးရထားစီးခရီးစဉ် လာရောက် လည်ပတ်သူများတွင် ဂျာမန်လူမျိုး အများဆုံးပါဝင်ကာ အင်္ဂလန်၊ ဆွစ်ဇာလန်၊ ဂျပန်လူမျိုးများ စုစုပေါင်း ၂၄ ဦးပါဝင်ပြီး ခရီးစဉ်တစ်လျှောက် ဓာတ်ပုံမှတ်တမ်းတင်ခြင်း၊ သဘာဝအလှအပခံစားခြင်းများကို လုပ်ဆောင်ကြမည်ဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်း (၆) ကြီးကြပ်ရေးမှူး (စက်ခေါင်း) ဦးအောင်ထွန်းဦးထံမှ သိရသည်။

"သူတို့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ဗြိတိသျှအစိုးရ လက်ထက်တုန်းက မီးရထားရဲ့ သဘာဝအလှလေး၊ ဒီစက်ခေါင်းလေးထဲက မီးခိုးလေး တလိမ့်လိမ့်ထွက်ပြီးတော့မှ သွားခဲ့တဲ့မြင်ကွင်းလေးကို အသက်ကြီးလာတဲ့ ပုဂ္ဂိုလ်တွေက အမှတ်တရ အနေနဲ့ ပြန်လည်ခံစားချင်တာ။ ဒီထဲမှာ အသက် ၇၀၊ ၈၀၊ ၉၀ တဲ့ ပုဂ္ဂိုလ်တွေလာပြီး ရိုက်ကူးတာပါ။ ငယ်ဘဝကို ပြန်လည် သတိရပြီးတော့ သူတို့ရဲ့ဒေသ ရောက်တဲ့အခါမှာ ဒါတွေကို ပြန်လည်ပြသမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ခရီးသွားအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက် မှ ၁၇ ရက်အထိ နေပြည်တော်-တောင်ငူ၊ တောင်ငူ-ပြွန်တန်ဆာ၊ ပြွန်တန်ဆာ-မဒေါက်၊ ပြွန်တန်ဆာ-ပဲခူး၊ ပဲခူး-မုပ္ပလင်၊ ပဲခူး-ဘုရားကြီး လမ်းပိုင်းများ အတိုင်းလည်ပတ်၍ ခရီးစဉ်အဆုံးသတ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အဆိုပါ ရေနွေးငွေ့သုံး စက်ခေါင်း ၃၅ ခေါင်းရှိသည့်အနက် YD-967၊ YC-629၊ YD-964 သုံးခေါင်းသာ အသုံးပြု၍ရသဖြင့် အဆိုပါ စက်ခေါင်း သုံးခေါင်းဖြင့်သာ ခရီးစဉ်တစ်လျှောက် အသုံးပြုလျက်ရှိပြီး လာရောက် လည်ပတ်သည့် ခရီးသွားများမှာ ယခုအကြိမ်သည် ၂၀၁၈ ခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

မဒေါက်မြို့ ဒေသခံများအနေဖြင့်လည်း ယခင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲစဉ်အချိန်အခါတုန်းက ခရီးသွားခြင်း၊ ဒေသထွက်ကုန်များ တင်ပို့ဖြန့်ဖြူးခြင်းများတွင် ရေနွေးငွေ့သုံး စက်ခေါင်းပါ မီးရထားကိုသာအသုံးပြုခဲ့ကြရပြီး ယခုခရီးစဉ်တွင် ပြန်လည် တွေ့ရှိရသည့်အတွက်ကြောင့် ဝမ်းသာပျော်ရွှင်မှုဖြစ်ပေါ်စေ၍ ယခင် အသုံးပြုခဲ့သော ပုံရိပ်များ အမှတ်ရစေကြောင်း ဒေသခံများက ပြောသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

# ကော့သောင်းမြို့နယ်မှ ဘဝဲပိုင်ရေလုပ်သားမိသားစုများ ဝင်ငွေကောင်း

**ကော့သောင်း ဒီဇင်ဘာ ၁၄**
ကော့သောင်းမြို့နယ် မပုတေး ပင်လယ်တံငါရွာငယ်လေးတွင် ယခုလပိုင်းအတွင်း ရေလုပ်သားမိသားစုများ 'ဘဝဲပိုင်' ခေါ် ပင်လယ်ရေဘဝဲ ဖမ်းယူသည့် လုပ်ငန်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ပင်လယ်ငါးဖမ်းလုပ်ငန်းအပြင် ကျေးရွာနေ ရေလုပ်သားများ အများဆုံးလုပ်ကိုင်ကြသည့် ငါးဖမ်းကိရိယာတစ်မျိုးမှာ ဘဝဲပိုင် ခေါ် ခရုသီကြိုးတန်း ရေဘဝဲထောင်ကိရိယာဖြင့် ပင်လယ်ရေဘဝဲများကို ဖမ်းဆီးရောင်းချကြခြင်းဖြစ်သည်။

ဘဝဲပိုင် ဆိုသည်မှာ ငါးလက်မ၊ ခြောက်လက်မအရွယ် ကြွေခရုအခွံလေးများအား ခေါင်းပိုင်းတွင် အပေါက်ဖောက်၍ လက်လံတစ်လံခွဲ (ကိုးပေ)ခန့် အကွာတွင် တစ်လုံးစီချည်၍ ငါးဖမ်းလှေငယ်ဖြင့် ပင်လယ်ပြင်သို့ ထွက်ကာ ရေဘဝဲလေးများ ထောင်ဖမ်းသော ခရုသီကြိုးတန်းကိုခေါ်ကြောင်း သိရသည်။

ဘဝဲပိုင်တစ်ဖုံတွင် ခရုခွံအလုံးရေ ၂၀၀ ခန့်ထိ သွယ်တန်းထား လေ့ရှိပြီး ဘဝဲဖမ်းလှေငယ်တစ်စင်းတွင် ဘဝဲပိုင် ၁၈ ဖုံမှ ဖုံ ၂၀ အထိပါရှိကာ ညပိုင်းတွင် ပင်လယ်ပြင်သို့ သွားရောက် မျှားတန်းချထောင်၍ နောက်တစ်နေ့ နံနက်ပိုင်းတွင် ပြန်လည်ဆယ်ယူကာ ကြိုးတန်းတစ်လျှောက်သွယ်တန်းထားသည့် ခရုခွံငယ်အတွင်း ဝင်ရောက်ခိုအောင်းနေသည့် ပင်လယ်ရေဘဝဲငယ်လေးများအား စုဆောင်းရောင်းချကြခြင်းဖြစ်သည်။



အဆိုပါ ပင်လယ်ရေဘဝဲဖမ်းဆီးနည်းကို ကိုရီးယားနိုင်ငံ ပင်လယ်ရေလုပ်သားများလည်း အသုံးပြုကြကြောင်း သိရသည်။ ၎င်းနည်းသည် မည်သည့်ငါးမျှားအစာမှ မလိုအပ်ဘဲ ခရုခွံအတွင်း လာရောက်ခိုအောင်းနေသည့် ရေဘဝဲများကို ဖမ်းယူစုဆောင်းခြင်းဖြစ်ရာ လှေငယ်တစ်စင်း ဘဝဲပိုင် ဖုံ ၂၀ အထိထောင်ပါက တစ်ရက်လျှင် ပင်လယ်ရေဘဝဲ ၄၅ ကီလိုခန့် စုဆောင်းရရှိနိုင်ကြောင်း၊ မပုတေးကျေးရွာတွင် ကမ်းနီးဘဝဲပိုင်လှေငယ် ၁၅၀ ကျော်ခန့်ရှိပြီး တစ်နေ့လျှင်ကီလို ၂၆၀၀ ကျော်ရရှိနိုင်ပြီး ရေဘဝဲတစ်ကီလို ပေါက်စျေးကျပ် ၄၇၀၀ ရှိကြောင်း သိရသည်။

ရေဘဝဲထောင်ဖမ်းသည့် ခရုကြိုးသီ ဘဝဲပိုင်ကိရိယာသည် အဆိပ်ချ၊ လျှပ်စစ်ရှော့တိုက်၊ ငါးမိုင်းခွဲ၊ ထွန်ခြစ်ဆွဲ ငါးဖမ်းနည်းများထက် ပင်လယ်သဘာဝ သယံဇာတကို ထိန်းညှိနိုင်ပြီး မိမိလိုအပ်သောအရွယ်အစားကိုသာ ဖမ်းယူသော ရှေးရိုးကျပင်လယ်ရေသတ္တဝါဖမ်းဆီးသည့် ကိရိယာတစ်မျိုးဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

ပင်လယ်ရေဘဝဲဟင်းလျာမှာ ဟိုတယ်ကြီးများနှင့် စားသောက်ဆိုင်များတွင်တန်ဖိုးကြီးဟင်းလျာတစ်မျိုးဖြစ်ပြီး ထိုင်းနိုင်ငံလမ်းဘေးစျေးဆိုင်များတွင် ရေဘဝဲအား ဟင်းခတ်အမွှေးအကြိုင်များဖြင့် စီမံကာ မီးသွေးမီးခဲဖြင့်ကင်၍ ရောင်းချစားသုံးလေ့ရှိရာ ဖမ်းယူစုဆောင်းရရှိသည့် ရေဘဝဲ ကုန်ကြမ်းများအား ဒေသခံရေထွက်ပစ္စည်း ဝယ်ယူစုဆောင်းခွင့် လုပ်ငန်းလိုင်စင်ရယူထားသည့် အသေးစားရေလုပ်ငန်းရှင်များမှတစ်ဆင့် ထိုင်းနိုင်ငံသို့တရားဝင်တင်ပို့ရောင်းချကြသဖြင့် ကျေးရွာ ဘဝဲပိုင် ရေလုပ်သားမိသားစုများ ဝင်ငွေတိုးပြီး စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုပြိုင်ပွဲများ မြို့နယ်အသီးသီးတွင် ကျင်းပ

**မဘိမ်း**
ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်တွင် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုအထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက မဘိမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

မဘိမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦးက 'လွတ်လပ်ရေးနေ့ တို့မမေ့' ခေါင်းစဉ်ဖြင့် ဖြေဆိုယှဉ်ပြိုင်ကြသည်။

**ထိန်လင်းဦး (ပြန်/ဆက်)**

**ဖာပွန်**
ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ (၇၁) နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ကဗျာရွတ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖာပွန်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဖာပွန်မြို့နယ်ရှိ အခြေခံပညာအလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၂ ဦးက လွတ်လပ်ရေးနေ့နှင့်ပတ်သက်သည့်ကဗျာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဒီဇင်ဘာ ၁၈ ရက်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

**ကျော်ဝဏ္ဏ(ပြန်/ဆက်)**

**အမာ**
ဧရာဝတီတိုင်းဒေသကြီး အမာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကျပန်းစကားပြောပြိုင်ပွဲကျင်းပသည်။

ကျပန်းစကားပြောပြိုင်ပွဲတွင် အဋ္ဌမတန်းနှင့် နဝမတန်း ကျောင်းသား၊ ကျောင်းသူများ တစ်ဖွဲ့လျှင် ငါးယောက်နှုန်းဖြင့် ခြောက်ဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ စာအုပ်များငှားရမ်း

**ပြည်ကြီးတံခွန်**
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ရွေ့လျားယာဉ်ဖြင့် ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် အထက (၂၃) ကျောင်းနှင့် မြို့နယ်ပညာရေးမှူးရုံးသို့ သွားရောက်၍ ကျောင်းသားလူငယ်များနှင့် ပြည်သူ့ဝန်ထမ်းများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရန် သွားရောက်ငှားရမ်းပေးခဲ့သည်။

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ အခမဲ့ကွန်ပျူတာသင်တန်း၊ အခမဲ့ အင်္ဂလိပ်စာသင်တန်း၊ အခမဲ့ဂျပန်စကားပြောသင်တန်းများအပြင် စာစွမ်းရည်ပြိုင်ပွဲများ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ အစရှိသော လူထုအကျိုးပြုလုပ်ငန်းများနှင့် ပြည်သူများထံအရောက် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ညောင်တုန်း၌ ကမ်းပါးပြိုမှုကြောင့် အိမ်ခုနစ်လုံး ပြောင်းရွှေ့

**ညောင်တုန်း**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အမှတ် (၄) ရပ်ကွက် တိုးချဲ့နယ်မြေနေရာတွင် ပန်းလှိုင်မြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ဒီဇင်ဘာ ၁၂ ရက် ည ၇ နာရီက နေအိမ် ခုနစ်လုံး ပြောင်းရွှေ့ခဲ့ရသည်။

ညောင်တုန်းမြို့ အမှတ် (၄) ရပ်ကွက် တိုးချဲ့နယ်မြေရှိ မြို့ပတ်ရေကာတာနှင့် ပေ ၂၆၀ ခန့်အကွာတွင် မြစ်ကမ်းပါး အလျားပေ ၁၅၀၊ အနံ ပေ ၅၀ ခန့် ပြိုကျမှုဖြစ်ပွားခဲ့ပြီး မြစ်ကမ်းပါးပြိုကျသည့် နေရာနှင့် နီးစပ်လျက်ရှိသည့် လူနေအိမ် ခုနစ်လုံးအား ကြိုတင်ဖျက်သိမ်းပေးခဲ့သည်။

**ဝဋ္ဌနိုင်(ညောင်တုန်း)**

## သုံးခွမြို့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**သုံးခွ**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၁ ရက်က ကျင်းပသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တောင်ပိုင်းခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနုက ရာသီဥတုပြောင်းလဲမှုနှင့် အိုဇုန်းလွှာအကြောင်းသိကောင်းစရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့်အချက်အလက်များ၊ သယံဇာတရှားပါးလာမှုနှင့် ရေထုညစ်ညမ်းစေသောအကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်မာမာအောင်က စက်ရုံ၊ အလုပ်ရုံ၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုကမ္ဘာကြီး ဖွံ့ဖြိုးလာမှုအစရှိသည့်အကြောင်းအရာများကို ဗွီဒီယိုဖြင့်ပြခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ တို့က ကြည့်ရှုကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ရုပ်ရှင်သစ်မှာ တွဲဖက်ပါဝင်ထားတဲ့ ကမ်နမ်ဂေးနဲ့ ဆန်းရယ်ဂျင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသား မင်းသမီးတွေဖြစ်ကြတဲ့ ကမ်နမ်ဂေးနဲ့ ဆန်းရယ်ဂျင်တို့ဟာ လတ်တလောမှာတော့ ရုပ်ရှင်သစ်တစ်ကားမှာ တွဲဖက်ပါဝင်သရုပ်ဆောင်နေကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Pirates 2" လို့ အမည်ရတဲ့ ရုပ်ရှင်ကို လတ်တလောမှာ ရိုက်ကူးဖို့ရာပြင်ဆင်နေတာဖြစ်ပြီး ဒီရုပ်ရှင်ဟာ ၂၀၁၉ ခုနှစ်အတွင်း ပြသဖို့ရာ ရည်ရွယ်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီရုပ်ရှင်သစ်မှာလည်း ယခင်ရုပ်ရှင်မှာ ပါဝင်ထားကြတဲ့ ကမ်နမ်ဂေးနဲ့ ဆန်းရယ်ဂျင်တို့သာ ပါဝင်ထားတာဖြစ်တယ်လို့ သိရပါတယ်။

လတ်တလောမှာတော့ ရိုက်ကူးရေးလုပ်ငန်းတွေကို လုပ်ဆောင်နေပြီဖြစ်ပေမယ့် ဇာတ်ညွှန်းနဲ့ပတ်သက်ပြီး ထွက်ရှိလာတာ မတွေ့ရသေးပါဘူး။ ရုပ်ရှင် စတင်ရုံတင်မယ့်ရက်ကိုလည်း အတိအကျ မပြောနိုင်သေးတာလည်း ဖြစ်ပါတယ်။ လာမယ့်နှစ် နှစ်စပိုင်း ဒါမှမဟုတ် လာမယ့်နွေရာသီမှာ စတင်ရုံတင်သွားဖို့ရာ စီစဉ်ထားပေမယ့် ရုံတင်ရက်ကို ရွှေ့ဆိုင်းနိုင်ခြေလည်း ရှိနေတာဖြစ်ပါတယ်။

"Pirates 2" ဟာ ပင်လယ်အတွင်းမှာ ကျက်စားနေတဲ့ ဓားပြအုပ်စုတွေအကြားက တိုက်ပွဲတွေကို ပုံဖော်ထားတဲ့ ရုပ်ရှင်လည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီရုပ်ရှင်ဟာ တိုက်ခိုက်မှုတွေ၊ စွန့်စားခန်းတွေနဲ့ ပြည့်နှက်နေတဲ့ ရုပ်ရှင်လည်း ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာ ကမ်နမ်ဂေးဟာ ဓားပြအဖွဲ့ရဲ့ ခေါင်းဆောင် ဂျန်ဆာဂျောင်းအဖြစ် ပါဝင်ထားတာဖြစ်ပြီး ဆန်းရယ်ဂျင်ကတော့ အခြားသော ဓားပြအုပ်စုရဲ့ ခေါင်းဆောင် ယိုဝူးအဖြစ် ပါဝင်ထားတာပါ။ ပြီးခဲ့တဲ့ ရုပ်ရှင်မှာတော့ အဓိကဇာတ်ဆောင်တွေရဲ့ သရုပ်ဆောင်စွမ်းရည်တွေကို တွေ့မြင်ခဲ့ရပြီးဖြစ်တာကြောင့် ရုပ်ရှင်သစ်အတွက်လည်း ပရိသတ်တွေအနေနဲ့ ရင်ခုန်စောင့်မျှော်နေကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



# တိုင်းမ်မဂ္ဂဇင်းကြီးရဲ့ "Person of the Year" အဖြစ် ရွေးချယ်ဖော်ပြခြင်းခံခဲ့ရတဲ့ "BTS"

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ တိုင်းမ်မဂ္ဂဇင်းကြီးက ရွေးချယ်ခဲ့တဲ့ "Person of the Year"အဖြစ် မဲအများဆုံးရရှိကာ ရွေးချယ်ဖော်ပြခြင်းခံခဲ့ရတာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နှစ်စဉ်နှစ်တိုင်းရဲ့ ဒီဇင်ဘာလမှာ အဆိုပါမဂ္ဂဇင်းကြီးက "Person of the Year" အဖြစ် မဲအများဆုံး ရွေးချယ်ဖော်ပြခြင်းခံခဲ့ရသူကို ထုတ်ပြန်ကြေညာပေးလေ့ရှိပါတယ်။ ယခုနှစ်မှာတော့ ကမ္ဘာတစ်ဝန်းမှ ပေးခဲ့ကြတဲ့ မဲတွေအရ မဲအရေအတွက် အများဆုံးရရှိခဲ့သူကတော့ ကေပေ့ါပ်ကြယ်ပွင့်တွေ ဖြစ်ကြတဲ့ "BTS" ပဲ ဖြစ်ပါတယ်။

အဆိုပါဂုဏ်ပြုဆုဟာ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း လွှမ်းမိုးနိုင်မှုအရှိဆုံးသောအမျိုးသားတွေရယ်လို့လည်း အဓိပ္ပာယ်သက်ရောက်တာ ဖြစ်ပါတယ်။ ဘစ်ဂ်ဟစ်ထ်အန်တာတိန်းမန့်ရဲ့ လက်အောက်မှာ လှုပ်ရှားနေတဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ "Person of the Year" အတွက် ပေးအပ်ခဲ့ကြတဲ့ မဲအရေအတွက်အားလုံးရဲ့ ကိုးရာခိုင်နှုန်းကို ပိုင်ဆိုင်ခဲ့တာလည်း ဖြစ်ကြောင်း သိရပါတယ်။

အရေအတွက် ဒုတိယမဲအများဆုံးအဖြစ် မဲရှစ်ရာခိုင်နှုန်းခန့်ကို "Planet Earth"က ပိုင်ဆိုင်ထားပြီး တောင်ကိုရီးယား သမ္မတ မွန်းဂျေအင်းကတော့ မဲလေးရာခိုင်နှုန်းရရှိကာ ပဉ္စမနေရာမှာ ရပ်တည်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

# မွေးနေ့အတွက် လီဆီယောင်းကို ကျေးဇူးတင်လိုက်တဲ့ ဆန်းရီ


ကေပေ့ါပ်တေးသံရှင် ဆန်းရီဟာ လတ်တလောမှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့မွေးနေ့မှာ ထမင်းချက်ကျွေးခဲ့တဲ့ အိမ်နီးချင်းဖြစ်သူ မင်းသမီး လီဆီယောင်းကို ကျေးဇူးတင်ကြောင်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၂ ရက်မှာတော့ ဆန်းရီဟာ အသက် ၂၈ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့မွေးနေ့မှာ အမှတ်တရစကားလက်ဆောင်ပါးကြသူတွေနဲ့ လက်ဆောင်ပေးပို့ခဲ့ကြတဲ့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်း ဆန်းရီက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် ဆန်းရီက သူ့ရဲ့ မွေးနေ့ ရေညှိဟင်းချိုအတွက် လီဆီယောင်းကို ကျေးဇူးတင်ကြောင်းလည်း ဖော်ပြခဲ့တာ တွေ့ရပါတယ်။

လီဆီယောင်းဟာ ဆန်းရီနဲ့ အိမ်နီးချင်းတွေဖြစ်ကြပြီး ဆန်းရီရဲ့မွေးနေ့မှာ ရေညှိဟင်းချိုအပြင် အိမ်မှာချက်ထားတဲ့ ထမင်းတစ်နပ်နဲ့လည်း ဧည့်ခံခဲ့တာဖြစ်ပါတယ်။ သူ့ကို ဧည့်ခံခဲ့တဲ့ ထမင်းပွဲနဲ့အတူ လီဆီယောင်းနဲ့ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကို တွဲဖက်ဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလို ဖော်ပြရာမှာတော့ ဆန်းရီက သူ့ရဲ့ မိခင်ဖြစ်သူကို မွေးနေ့အတွက် စိတ်မပူစေလိုကြောင်း၊ သူ့ကို ချက်ပြုတ်ပြင်ဆင်ပေးမယ့် အစ်မတစ်ယောက်ရထားပြီး လက်ရာလည်း ကောင်းကြောင်း လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။



# လက်ထပ်ဖို့ရာ စဉ်းစားနေပြီလို့ ပြောကြားလိုက်တဲ့ ဂျနီဖာလိုပက်ဇ်



ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်ဟာ ချစ်သူအဖြစ် နှစ်အတော်ကြာလက်တွဲခဲ့တဲ့ ချစ်သူ အဲလက်ဇ်ရိုဒရီဂွက်ဇ်နဲ့ လက်ထပ်ဖို့အရေး စဉ်းစားနေပြီဖြစ်ကြောင်း မဂ္ဂဇင်းအင်တာဗျူးမှာ ရင်ဖွင့်လိုက်တာ ဖြစ်ပါတယ်။ ဒါပေမယ့် မင်္ဂလာပွဲနဲ့ပတ်သက်ပြီး သူ့အလိုလိုဖြစ်လာမယ့် အချိန်ကို စောင့်ဆိုင်းနေတာဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်ဇ်ရိုဒရီဂွက်ဇ်တို့ဟာ ချစ်သူသက်တမ်း နှစ်နှစ်နီးပါးရှိခဲ့ပြီဖြစ်ကာ ပြီးခဲ့တဲ့လအတွင်း စေ့စပ်ခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။ အသက် ၄၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်က သူနဲ့ အဲလက်ဇ်ရိုဒရီးဂွက်ဇ်တို့ဟာ လက်ထပ်ဖို့ အတွေးရှိနေပြီဖြစ်ကြောင်း ပီးပဲမဂ္ဂဇင်းကြီးမှာ ဖော်ပြခဲ့တဲ့ အင်တာဗျူးမှာ ရင်ဖွင့်ခဲ့တာဖြစ်ပါတယ်။

ဂျနီဖာလိုပက်ဇ်ဟာ ပေ့ါပ်ကြယ်ပွင့်အဖြစ် အောင်မြင်မှုတွေ ရရှိခဲ့ပြီးနောက် သရုပ်ဆောင်နယ်ပယ်ဘက်ကို ခြေချလာတာကိုလည်း တွေ့ရပါတယ်။ လတ်တလောမှာတော့ သူပါဝင်ထားတဲ့ ရုပ်ရှင်ရဲ့ အထူးပွဲပြသတဲ့အခမ်းအနားကို တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၂ ရက်က နယူးယော့ခ်မှာ ဂျနီဖာလိုပက်ဇ်ရဲ့ ရုပ်ရှင် "Second Act"ကို အထူးပွဲပြသရာမှာတော့ ဂျနီဖာလိုပက်ဇ်ဟာ အဲလက်ဇ်ရိုဒရီဂွက်ဇ်နဲ့အတူ တက်ရောက်ခဲ့တာပါ။ ဒီအခမ်းအနားကို တက်ရောက်ရာမှာ ဂျနီဖာလိုပက်ဇ်ဟာ ပန်းရောင်ဂါဝန်ကို ဝတ်ဆင်ခဲ့ပြီး သူ့ရဲ့ လှပဆန်းသစ်တဲ့ ဖက်ရှင်အမြင်ကြောင့်လည်း မီဒီယာတွေရဲ့ ချီးကျူးမှုကို ရရှိခဲ့ပါတယ်။

# ချစ်သူရဲ့ရုပ်ရှင် အထူးပွဲပြသခြင်းကို တက်ရောက်အားပေးခဲ့တဲ့ တေလာဆွစ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ဟာ လတ်တလောမှာတော့ ချစ်သူဖြစ်တဲ့ ဗြိတိန်မင်းသား ဂျိုးအော်ဝင်န်ကို အားပေးကူညီမှုပြုခဲ့တာ တွေ့ရပါတယ်။ လတ်တလောပြုလုပ်ခဲ့တဲ့ ဂျိုးအော်ဝင်န် ပါဝင်သရုပ်ဆောင်ထားတဲ့ရုပ်ရှင်ရဲ့ အထူးပွဲပြသတဲ့ အခမ်းအနားမှာတော့ တေလာဆွစ်လည်း တက်ရောက်အားပေးခဲ့တာ တွေ့ရကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအခမ်းအနားရဲ့ ကော်ဇောနီပေါ် လျှောက်လှမ်းခဲ့တာမတွေ့ရပေမယ့် တေလာဆွစ်ကို အခမ်းအနားမှာ ရောက်ရှိနေတာကိုတော့ မှတ်တမ်းတင်ထားနိုင်တာဖြစ်တယ်လို့ သိရပါတယ်။ ဂျိုးအော်ဝင်န်ဟာ "Mary Queen of Scots"ရုပ်ရှင်မှာ အဓိကဇာတ်ဆောင်နေရာကနေ ပါဝင်ထားတာဖြစ်ပြီး ဒီအခမ်းအနားဟာ သူ့ရဲ့အနုပညာခရီးမှာ အရေးပါတဲ့အရာတစ်ခုလည်း ဖြစ်ပါတယ်။

အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်နဲ့ ၂၇ နှစ်အရွယ် ဂျိုးအော်ဝင်န်တို့ဟာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာစဉ်ကတည်းက သူတို့နှစ်ဦးအကြားက ဆက်ဆံရေးကို လျှို့ဝှက်ထားခဲ့ကြပါတယ်။ နောက်ပိုင်းမှာလည်း တိတ်တဆိတ် ချိန်းဆိုတွေ့ဆုံခဲ့ကြပြီး မီဒီယာတွေနဲ့ အများရှေ့မှောက် ပေါ်ထွက်လာခဲ့ခြင်း မရှိပါဘူး။ နောက်ပိုင်းမှာမှ အတူတွဲကာ တွေ့ခဲ့ရပြီး လူမှုကွန်ရက်မီဒီယာပေါ်မှာလည်း တရားဝင်တွဲလာခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။ လတ်တလောမှာတော့ ဂျိုးအော်ဝင်န်အတွက် အရေးကြီးတဲ့အခမ်းအနားတစ်ခုကို တေလာဆွစ်အနေနဲ့ ပေါ်ပေါ်ထင်ထင် တက်ရောက်ခဲ့ခြင်းမရှိတာကြောင့် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို ဆက်လက်ထိမ်ချန်ထားလိုဆဲဖြစ်တယ်လို့ ဆိုရမှာပါ။



# LED မီးများဖြင့် အလှဆင်၊ ဒီဇင်ဘာအငွေ့အသက် မီးအလှပြပွဲ မန္တလေးတောင်ခြေတွင် ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၁၄**
မန္တလေးမြို့၏ ဒီဇင်ဘာဆောင်းအလှနှင့် မန္တလေးတောင်ခြေနှင်းများကျနေသည့်ခံစားချက်ကို ရရှိစေရန်ပုံဖော်ထားသည့် ဒီဇင်ဘာအငွေ့အသက် မီးအလှပြပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေအနီးရှိ Yadanarbon Event Park တွင် ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် LED မီးလုံးများဖြင့် ပုံဖော်ထားသည့် လိုဏ်ခေါင်း၊ စောင်း၊ ပုံလေ့စ်မျှော်စင်၊ အိမ်နှင့် လေရဟတ်၊ ဆွမ်းအုပ်၊ အင်းလေးတံငါသည်၊ လင်းပိုင်၊ ပန်ဒါဝက်ဝံ၊ ကြောင်၊ ဒေါက်ဖိနပ်၊ ဝိုင်ခွက်၊ အသည်းပုံပန်းခင်း၊ ကြာပန်းနှင့် ခြင်းကစားနေဟန်ရုပ်ပုံတို့ကို LED မီးလုံးသန်း ၁၀၀ ကျော် အသုံးပြုပုံဖော် ပြသထားကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်း ဆေးပညာဆိုင်ရာဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၁၄**
အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရှင် ဆရာဝန်ကြီးများမှ အသည်းရောင်အသားဝါရောဂါပပျောက်ရေး၊ အစာအိမ်အူလမ်းကြောင်းကင်ဆာရောဂါတိုက်ဖျက်ရေးတို့နှင့် စပ်လျဉ်း၍ အတွေ့အကြုံအမြင်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ဆေးပညာဆိုင်ရာ ဟောပြောခြင်းများကို ဆူးလေရှန်ဂရီလာဟိုတယ်၌ ဒီဇင်ဘာ ၁၃ ရက် နံနက် ၈ နာရီခွဲကကျင်းပသည်။

အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါများအတွက် ကာကွယ်သင့် ကာကွယ်ထိုက်သောအချက်များနှင့် ကုသသင့်ကုသထိုက်သောအချက်အလက်များ နောက်ကျမကျန်စေရန်အတွက်လည်းကောင်း၊ အချိန်နှင့်တစ်ပြေးညီ ကုသမှုများရရှိစေရန်နှင့် ပြည်သူလူထုကြား အသိပညာပြန့်ပွားစေရန်အတွက်လည်းကောင်း ရောဂါရှာဖွေမှုများ လုပ်ဆောင်ရန်ရည်ရွယ်၍ ဖောင်ဒေးရှင်းအား တည်ထောင်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးက ပြောသည်။

"ဖောင်ဒေးရှင်း တည်ထောင်လိုက်ခြင်းဟာ တစ်မျိုးသားလုံးအတွက် အကျိုးရှိစေမှာမို့ နိုင်ငံတော်အတွက်လည်း အကျိုးရှိစေမှာဖြစ်ပါတယ်။ အနာဂတ်ကာလမှာ ဖောင်ဒေးရှင်းအင်အားတောင့်တင်းလာပြီဆိုရင်တော့ ပြည်သူများ၏ အချို့ကျန်းမာရေးကိစ္စရပ်များအတွက် ဖောင်ဒေးရှင်းအနေနဲ့ အခကြေးငွေလုံးဝမယူဘဲ ထောက်ပံ့မှုအပိုင်းတွေပါ ပါဝင်လာပါလိမ့်မယ်။ ကျွန်မတို့အနေနဲ့ နယ်ဒေသတွေမှာ သွားရောက်ပြီး ဘီပိုး၊ စီပိုးရှိ မရှိအတွက် အခမဲ့စစ်ဆေးပေးနေပါတယ်" ဟု မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါ်အေးမင်းစိုးက ပြောသည်။

အဆိုပါ မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်းကို စတင်တည်ထောင်ခြင်းအထိမ်းအမှတ် ဆေးပညာဟောပြောပွဲ၌ ဥရောပအသည်းရောဂါရှင်များအဖွဲ့ အထူးကိုယ်စားလှယ်၊ အာရှပစိဖိတ်အသည်းရောဂါပညာရှင်များအဖွဲ့ဥက္ကဋ္ဌ၊ စင်ကာပူအသည်းရောဂါညီလာခံဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ မှန်ပြောင်းကြည့်အဖွဲ့ဥက္ကဋ္ဌ၊ အမေရိကန်အသည်းရောဂါပညာရှင်များအဖွဲ့အပါအဝင် မြန်မာနိုင်ငံ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက အတွေ့အကြုံများကို ဆွေးနွေးပြောကြားခဲ့ကြသည်။ **ပွင့်သစ္စာ**

# Best Community Involvement in Tourism ဆုကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် ကျေးရွာလူထုအခြေပြု သဘာဝခရီးသွားလာရေးအဖွဲ့က ရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**
Myanmar Responsible Tourism Institute (MRTI) က ပေးအပ်ချီးမြှင့်သော Best Community Involvement in Tourism ဆုကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် ကျေးရွာလူထုအခြေပြု သဘာဝခရီးသွားလာရေးအဖွဲ့က လက်ခံရရှိသည်။

ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ဒီဇင်ဘာ ၁၁ ရက်က ပြုလုပ်သော ဒုတိယအကြိမ်မြောက် MRTA 2018 Award (Myanmar Responsible Tourism Awards – MRTA) ဆုပေးပွဲအခမ်းအနားတွင် Myanmar Responsible Tourism Institute (MRTI) က ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် ကျေးရွာလူထုအခြေပြု သဘာဝခရီးသွားလာရေးအဖွဲ့ (Ayeyarwady Dolphin Conservation and Ecotourism) ကို Best Community Involvement in Tourism ဆုကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် ကျေးရွာလူထုအခြေပြု သဘာဝခရီးသွားလာရေးအဖွဲ့သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလက အဆိုပါဒေသကျေးရွာများမှ ဒေသခံများကိုယ်တိုင် ဦးဆောင်၍ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ကိုယ်တိုင် စီမံခန့်ခွဲခြင်း၊ အကျိုးအမြတ်များခွဲဝေခြင်း၊ စည်းမျဉ်းစည်းကမ်းများရေးဆွဲကာ ဆောင်ရွက်သောအဖွဲ့ဖြစ်သည်။ အဆိုပါအဖွဲ့သည် ဧရာဝတီလင်းပိုင်များကို အခြေခံ၍ လူထုအခြေပြုခရီးသွားလုပ်ငန်းများကို ဖော်ဆောင်ခြင်း၊ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်နေပြီး ဧရာဝတီလင်းပိုင်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသောအဖွဲ့လည်း ဖြစ်သည်။

ယင်းတို့အဖွဲ့၏ ဧရာဝတီလင်းပိုင်များနှင့် ဒေသခံများ၏ အကျိုးတူပူးပေါင်းငါးဖမ်းခြင်းမှာ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများအကြားတွင် လူစိတ်ဝင်စားမှုများပြားသည်။ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) က အဆိုပါအဖွဲ့ကို နည်းပညာများအပါအဝင် အခြားသောလိုအပ်ချက်များကို ထောက်ပံ့ပေးခဲ့သည်။ **ညီတူး**

## ကျောင်းသား ကျောင်းသူများ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**တာမိုးညဲ ဒီဇင်ဘာ ၁၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်းတွင် ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၁ နာရီက ကျောင်းသား ကျောင်းသူများ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၂၅ ဦး လာရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသည့် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။
**တာမိုးညဲ(ပြန်/ဆက်)**



မန်းရွှေစက်တော်ဘုရားပွဲကျင်းပနိုင်ရေးအတွက် သောင်ပြင်အား စက်ယန္တရားများဖြင့် မြေညှိခြင်း၊ မြေဖို့ခြင်းများ စတင်ပြုလုပ်လျက်ရှိပြီး မန်းရွှေစက်တော်ဘုရားပွဲတော်ဖွင့်ပွဲကို ၉-၂-၂၀၁၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ **မေသူလွင်(မကွေး)**

## တိုတိုထွာထွာဖတ်စရာ

### မြဝတီမြို့၌ အခွန်တံဆိပ်ကပ်နှိပ်ခြင်း ရှင်းလင်းဆွေးနွေး

**မြဝတီ**
ကရင်ပြည်နယ် မြဝတီမြို့ရှိ ရွှေဆိုင်လုပ်ငန်းရှင်များအား ရွှေထည်လက်ဝတ်ရတနာအရောင်းပြေစာအပေါ် အခွန်တံဆိပ်ကပ်နှိပ်ခြင်း ရှင်းလင်းဆွေးနွေးပွဲကို မြဝတီမြို့နယ်စုပေါင်းရုံးရှိ အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြဝတီမြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်အောင်က ရွှေဆိုင်လုပ်ငန်းရှင်များအနေဖြင့် အရောင်းပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ကောက်ခံရသည့် ရည်ရွယ်ချက်၊ မှာယူ၊ ထိန်းသိမ်း၊ ကပ်နှိပ်၊ အခွန်ကောက်ခံပေးသွင်းခြင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအားလည်းကောင်း၊ ဦးစီးအရာရှိ ဦးရန်ငြိမ်းအေးက ပျက်ကွက်မှုအတွက် ဒဏ်ငွေပေးဆောင်ရမည့် သတ်မှတ်ရာခိုင်နှုန်းများအားလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ပြေစာအခွန်အမှတ်တံဆိပ် မှာယူမှုအခြေအနေများအားလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

### မြောင်းမြတွင် ရွှေဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်း

**မြောင်းမြ**
ရွှေဆိုင်လုပ်ငန်းရှင်များကုန်သွယ်လုပ်ရောင်းချမှု အပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ် ရောင်းချစေရေးအတွက် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် မြရွှေဝါခန်းမ၌ ရွှေဆိုင်လုပ်ငန်းရှင်နှင့် အခွန်ဆိုင်ရာ တွေ့ဆုံရှင်းလင်းပွဲကို ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြောင်းမြမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဇော်မင်းဦးက ရွှေထည်လက်ဝတ်ရတနာများအပေါ် တစ်ရာခိုင်နှုန်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းအပေါ် ရှင်းလင်းတင်ပြပြီး ရွှေဆိုင်လုပ်ငန်းရှင်းများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။ **သိန်းစိုးမိုး**

### သန်လျင်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက င/ပကျေးရွာ အောင်မင်္ဂလာရပ်ကွက်၊ ပဲခူးစုရပ်ကွက်နှင့် အောင်ချမ်းသာရပ်ကွက်တို့တွင် ကျင်းပသည်။

င/ပကျေးရွာမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၈၃ ကတ်၊ အောင်မင်္ဂလာရပ်ကွက် ၁၀၅ ကတ်၊ ပဲခူးစုရပ်ကွက် ၈၄ ကတ်၊ အောင်ချမ်းသာရပ်ကွက် ၂၈၈ ကတ်တို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းတို့က သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများထံပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သက်နိုင် (သန်လျင်)**

### စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်းဆင်း



**နွားထိုးကြီး**
စက်မှုနှင့် အသက်မွေးပညာရွှေ့လျားသင်တန်း အမှတ်စဉ်(၈၂) သင်တန်းဆင်းပွဲကို နွားထိုးကြီး သီရိအောင်လှိုင်ခန်းမ၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သင်တန်းတွင် သင်တန်းသား ၆၅ ဦး တက်ရောက်ကြပြီး နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ၁၄ ရက်ကြာ မြင်းခြံစက်မှုသင်တန်းကျောင်းမှ အခြေခံလျှပ်စစ်ပညာကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။
**ဌေးမြင့်မောင်**

### ကျောင်းသား ကျောင်းသူများအား မူခင်းပညာပေး

**ရန်ကုန်**
ရွှေပြည်သာမြို့နယ် အထက(၁) ကျောင်းသား ကျောင်းသူများအား ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မူခင်းပညာပေးယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးလွင် ဦးဆောင်၍ မူခင်းအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

## ချစ်သားလေး မောင်ရီထွန်းမျိုး၏ မွေးနေ့ဆုတောင်း

ချစ်ဖေဖေနှင့် ချစ်မေမေတို့၏ ချစ်ဆုံးသားလေး **မောင်ရီထွန်းမျိုး** (CAE) အထက၊ နေပြည်တော်၏ ၁၅-၁၂-၂၀၁၈ ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ နောင်နှစ်ပေါင်းရာကျော်သည့်တိုင် အသက်ရာကျော်ရှည်၍ ချမ်းမြေ့သာယာခြင်း၊ ရှင်းသန့်ဖြူစင်ခြင်း၊ ဉာဏ်ရည်ထူးချွန်ထက်မြက်ခြင်းနှင့် အောင်မြင်စွာဖြင့် ပြီးပြည့်စုံသော ဘဝကို ပိုင်ဆိုင်နိုင်သော တတ်သိလိမ္မာသော သားကောင်းသားမြတ်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ဖေဖေ** - **ဦးထွန်းထွန်းဦး(ညွှန်ကြားရေးမှူး) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**
**ချစ်မေမေ** - **ဒေါ်ဌေးဌေးရီ**
**ချစ်တီတီ** - **ဒေါ်အေးအေးမူ (ခေတ္တဂျပန်)**
**ချစ်မမ** - **အူဝဲ**

## ကားစီးလုံးငှားသည်။

AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (ရွှေငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားပါမည်။
မြို့တွင်း/ပြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

' သင့်လျော်သောဈေးဖြင့် အမြန်ရောင်းမည် ' (ပွဲစားမလို)

၁။ မရမ်းကုန်းမြို့နယ်၊မင်းဓမ္မလမ်း-အဆင့်မြင့်အိမ်ရာဝင်း (၆၀×၁၀၀)ပေ အကျယ်ရှိ မြေကွက်အားရောင်းမည်။
✱ MICT Park -အနီး ▸ ဈေးနှုန်း- ၇၈၀၀ သိန်း
၂။ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (ဗိုလ်ချုပ်ရွာ) (၄၀×၆၀)ပေ အကျယ်ရှိ မြေကွက်အားရောင်းမည်။
✱ ပတ်ဝန်းကျင်ကောင်း ▸ ဈေးနှုန်း- ၂၃၀၀ သိန်း
၃။ တောင်ဥက္ကလာပမြို့နယ်၊ဝေဇယန္တာလမ်းသွယ် (၂၅×၆၀)ပေ အကျယ်ရှိ (၂)ထပ်အုပ်ညှပ်တိုက်အားရောင်းမည်။
✱ ဂရန်(အမည်ပေါက်) ▸ ဈေးနှုန်း- ၁၈၀၀ သိန်း
၄။ မရမ်းကုန်းမြို့နယ်၊မင်းဓမ္မအဆင့်မြင့်ကွန်ဒို (MBR-1,BR-2,AC-5)ပါ ပြင်ဆင်ပြီး အခန်းအားရောင်းမည်။
✱ ဈေးနှုန်းအလွန်သင့် ▸ ဈေးနှုန်း- ၃၂၅၀ သိန်း
09-5080073, 09-422888853, 09-422888893

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးတင်ဒါကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး တင်ဒါကော်မတီသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဗဟန်းမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အဦအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် မြန်မာနိုင်ငံသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၄-၁၂-၂၀၁၈ ရက်
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက် - ၁၄-၁-၂၀၁၉ ရက်

၃။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာအဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instruction to Tenders) နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါစာရွက်စာတမ်းအပြည့်အစုံကို ၁၄-၁-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည် မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါတင်သွင်းရမည့်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
ရန်ကုန်တိုင်းဒေသကြီးရုံး
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၉

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးတင်ဒါကော်မတီ**

## မြေကွက်များဈေးကောင်းပေးဝယ်လိုသည်

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေနေစ်၊ ပွဲခပေးရန်မလို
မညွှန့် 01-2339310,01-2339355,
Ph:01-578044 ,01-570721




# ဝမ်းမြောက်ဂုဏ်ယူခြင်း

Hitachi Group မှ ချီးမြှင့်သော Southeast Asia Region အတွက် အမြင့်ဆုံးဆုဖြစ်သည့် Inspiration of the year Global Award 2018 ကို Hitachi Soe Electric & Machinery Co.,Ltd မှ ထိုက်ထိုက်တန်တန် ရရှိခဲ့ပါသဖြင့် ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများအားလုံးနှင့် ထပ်တူဝမ်းမြောက်ဂုဏ်ယူပါသည်။

**စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**စက်မှုဇုန် အမှတ်(၁)**
**ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်**

Gold Yacht Garment Factory မှ

## အလိုရှိသည်

Underwear ချုပ်လုပ်ဖူးသူ (သို့) စိတ်ပါဝင်စားစွာ ဦးဆောင်လုပ်ကိုင်ရန်ဆန္ဒရှိသူ စက်အလုံးရေ (၃၀/၅၀)ခန့် ဦးစီးလုပ်ကိုင်နေသော ရန်ကုန်မြို့တွင်းစက်ရုံငယ် လုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းရန် အောက်ပါ Viber Phone Number သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

Ph: 09 777 888 914 , 09 420 236 586

မှတ်ချက် - Long Term Order ရှိမည် ။
သေချာပေါက် အကျိုးအမြတ်ရှိမည် ။

## ဝန်ထမ်း အလိုရှိသည်

ခရီးသွားကုမ္ပဏီတွင် ဝန်ထမ်းများအမြန်အလိုရှိပါသည်။

| | | |
|---|---|---|
| Manager | ကျား/မ | ၃ ဦး |
| Supervisor | ကျား/မ | ၃ ဦး |
| Reservation Staff | ကျား/မ | ၂၇ ဦး |

- Manager / Supervisor အတွက် လျှောက်ထားလိုသူများမှာ အဖွဲ့အစည်း တစ်ခုကို နိုင်နင်းစွာ အုပ်ချုပ်နိုင်သော ခေါင်းဆောင်မှု အရည်အချင်းရှိရပါမည်။ အခက်အခဲရှိလျှင် ခေါင်းအေးအေးဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်သူဖြစ်ရမည်။ အလုပ်များကို တည်ငြိမ်စွာ စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။
- ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိပြီး တက္ကသိုလ်ဘွဲ့ရများကို ဦးစားပေးမည်။
- လူမှုဆက်ဆံရေးအထူးကောင်းမွန်သူဖြစ်ရမည်။
- လုပ်ငန်းလိုအပ်ချက်အရ နယ်သို့ ခရီးသွားနိုင်သူဖြစ်ရမည်။
- အဖွဲ့အစည်းဖြင့် ပေါင်းစပ်ကုန်ကိုင်နိုင်သူ ဖြစ်ရမည်။
- အတွေ့အကြုံရှိ Tour Guide များလည်းလျှောက်ထားနိုင်သည်။
- တရုတ်စကားပြောတတ်သူကို ဦးစားပေးမည်။

အလုပ်လျှောက်လိုသူများအနေဖြင့် အောက်ပါစာရွက်စာတမ်းများကို လူကိုယ်တိုင်ဖြစ်စေ၊ ( info@junavomm.com )သို့ အီးမေးဖြင့် ဖြစ်စေ 18 DEC 2018 ထက်နောက်မကျစေဘဲ အချိန်မီပေးပို့ရပါမည်။
➔ ဓါတ်ပုံ (၂)ပုံ / ကိုယ်ရေးမှတ်တမ်း အပြည့်အစုံ /ရပ်ကွက်/ရဲစခန်း ထောက်ခံစာ / မှတ်ပုံတင် နှင့် သန်းခေါင်စာရင်း (မိတ္တူ)

Junavo Travel and Tours
၂၇၅၊ (ပထမအထပ်)၊ ဗညားဒလလမ်း၊ တာမွေ၊ ရန်ကုန်။ (01 8619699)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

**အမြန်ရောင်းမည်**

ဒဂုံအရှေ့ပိုင်း၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ပေ(၇၅×၇၅)၊ မြေကွက်ကျယ်၊ ဝင်ပေါက်အနီး၊ ညှိနှိုင်းဈေး။
**ဖုန်း- ၀၉-၇၉၅၅၆၀၉၆၆**
**၀၉-၉၆၀၀၄၅၅၉၉**

အင်းစိန်ဘက်...

ဒဂုံမြို့သစ်အရှေ့ပိုင်း။ တောင်ပိုင်း။ မြောက်ပိုင်း။ ဆိပ်ကမ်း။ ရွှေပေါက်ကံရှိ မြေကွက်များ ဈေးကောင်းပေးဝယ်သည်။ အိမ်တိုင်ရာရောက် ငွေချေမှုနှင့်ဖြင့် ဝန်ဆောင်မှုပေးသည်။
09-255558496
09-255558498




LMA **လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်**
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 005394(0519)
စိတ်ဖိစီးမှုလျော့ပါးစေရန် ၊ သီးကောင်းစေရန် ၊ ခွန်အားသစ်ဖြစ်စေရန် ၊ မှတ်ဉာဏ်ကောင်းစေရန် ၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
SGS Certificate TH18/11153 ISO 9001:2015 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၁၆ တထထလ(ကိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ဓါးထမ်းကြီးဘုရားလမ်း ရန်ကုန်မြို့မှထုတ်လုပ်သည်။ SGS UKAS Certificate TH18/11152

**"ဒေါ်စောမေပါ(၃)ဦးတို့သိစေရန်"**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ ပဲခူးရပ်ကွက်၊ ကွင်းအမှတ်(၁၆)ပဲခူးတောင် ဦးပိုင်အမှတ်(၇၀) မြေကွက်အမှတ်(၆၁) အကျယ်အဝန်း(၃၀ × ၇၀)ပေ နေအိမ်နှင့် မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလမြေပိုင်ရှင် အမည်ပေါက် ဒေါ်စောမေထံမှ (၁)ဦးလှမြိုင် (SRM-005770)၊ (၂)ဒေါ်မြင့်မြင့်မြ (CI-037727)နှင့် (၃)ဒေါ်ခင်ကြည် (၁၂/သဃန(နိုင်)၀၀၆၂၂၃)တို့က အဆက်ဆက် အရပ်ကတိစာချုပ်များအရ လက်ရောက် ရရှိအကျိုးခံစားလာခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ကြည်သည် အဆိုပါ အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အရောင်းအဝယ်ဆောင်ရွက်ရန် ... မှတ်ပုံတင်စာချုပ်ချုပ်ဆိုလိုသည့်အတွက် အထက်အမည်ပါသူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့်ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ခင်ကြည်၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နော်စေးလောမိုး (Law) LL.B
အထက်တန်းရှေ့နေ (စဥ်-၄၇၄၁၇)
အမှတ်(၁၃၈)၊ ဒု-လွှာ၊ ၃၂-လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉-၂၆၃၉၅၃၃၆၀

**အများသိစေရန်ကြော်ငြာ**

သာကေတမြို့နယ်မြေပိုင်ရပ်ကွက်အမှတ်-၆/အရှေ့ ... မြေကွက်အမှတ်-၅၁၀ ... သာကေတမြို့နယ် ဦးထွန်းထွန်းအေး(၁၂/သကတ(နိုင်)၀၀၉၆၀၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ... ဦးထွန်းထွန်းအေး အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ... (၁၀.၁၀.၂၀၁၆)ရက်စွဲပါကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ... ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ရာ ... (၂၉.၉.၉၃)ဖြင့် ဦးထွန်းထွန်းအေး(၁၂/သကတ(နိုင်)၀၀၉၆၀၉)အမည်ပေါက် မြေငှားစာချုပ်(ဂရန်)တခုပ်မူရင်းအားပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံငှားနိုင်ပါသည်။
09 - 5059821
09 - 43117680

**ရောင်းမည်**
ဆေးရုံသုံးကုတင် များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
၀၉-၄၅၂၀၂၂၂၄
၀၉-၅၀၇၁၇၇၉
Facebook:hospitalbed-ttazy

**တရုတ်**
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
**ENGLISH**
Conversation Practice
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်မြေပိုင်ရပ်ကွက်အမှတ်-၄/၁၁၊ မြေကွက်အမှတ်-၃၉၄ မြေကွက်တည်နေရာအမှတ်-၃၉၄... ရပ်ကွက်ရွှေပြည်သာစက်မှုဇုန်(CF-၀၄၉၆၅၁) အမည်ပေါက် ပါမစ်မြေအား ... (CF-၀၄၉၆၅၁)ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူ ဦးဇော်ဘာ(၁၂/လသယ(နိုင်)၁၇၁၉၀)... နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ... အထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား) မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ဖြန့်ဖြူးရောင်းချသည့် ကုန်ပစ္စည်းများအပေါ်တွင် ရိုက်နှိပ်ထားသော QR Code များကိုဖျက်ဆီး၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသူများ သိရှိစေရန် သတိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်-၉၅/အေ တွင်တည်ရှိသော မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်သည် စိုက်ပျိုးရေးသွင်းအားစုများနှင့် မြေသြဇာများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ မြန်မာ့သြဘာအမည်ဖြင့် တစ်ဦးတည်းထုတ်လုပ် ဖြန့်ချိရောင်းချနေသည့် ကုမ္ပဏီဖြစ်ပါသည်။ မြန်မာ့သြဘာအမည်ပါ ကုန်အမှတ်တံဆိပ်များတွင် ကုန်ပစ္စည်း၏ အချက်အလက်များ၊ ထုတ်လုပ်သည့်နေ့စွဲ၊ သက်တမ်းကုန်ဆုံးရက်အပါအဝင် ကုန်ပစ္စည်းစစ်မှန်မှု ရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် QR Code များ ရိုက်နှိပ်ထားပါသည်။ ယခုအခါ မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော ကုန်အမှတ်တံဆိပ်များပေါ်ရှိ QR Code များကို ဖျက်ဆီး၍ ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း တွေ့မြင်ရပါသည်။ QR Code သည် မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်၏ ကုန်ပစ္စည်းအမည်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

သို့ပါ၍ မြန်မာ့သြဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်၏ ကုန်အမှတ်တံဆိပ်များပေါ်တွင်ပါရှိသည့် QR Code များကို ဖျက်ဆီးထားသော ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသူများအား တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**မောင်မောင်သန်း**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၀၈၂)**
**တိုက်အမှတ်-၉/၁၁၊ အခန်း-၃၀၁၊ ၃၆-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**




**Asia Dragon** အာရှနဂါး

- ကျိုက်ထီးရိုး
- ရွှေဘော
- ငွေဆောင်

01 707062, 09 799 100 100, 09 300 300 30

**Taw Win Nan Htake Htar Travels & Tours**

No.(1), 151st, Tamwe Township, Yangon.

Dec - 21,22,28,29

Jan - 3 , Feb - 8

09- 4500 43394, 09-252630799, 09-787177990

**စီးပွားပန်းခင်း**

ပညာရေးဝန် ဆောင်မှုလုပ်ငန်း

English | Chinese

Korea | Malay | Japan

09-73009869-73013432-73028433

**GWH M&E Engineering Co.,Ltd တွင် ခန့်ထားရန်အတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

(1) Electrical & Mechanical Engineer 2 Posts
(2) Electrical & Mechanical Labour 2 Posts
(3) ACMV Design Engineer 2 Posts
(4) Tender & QS Engineer 2 Posts

Experience in contraction company is needed for all positions.

Contact Number - 09-970412255, 09- 790412255, 09-797389292

E-mail - hr @gwhengineering.com

Address - Block (C), Room (1106), 11 Floor, Pearl Condo, Bahan Township.

လေဘာကတ်ယူဆောင်၍ လာရောက်လျှောက်ထားရပါမည်။

**ဗျိုမေတို့တစ်တွေ**

အသားအရေ ဝါဝါဝင်း နဂိုရည်ထက်

စိုပြည်ကာ သွေးသားသန့်ရှင်းရောဂါကင်းစေဖို့

ဂေဖွာမှ နနွင်းလုံး ကို အစဉ်သုံးပါ

**ဝေါ်ဆန်းမွှေးသစ်ရပြီဗျို့**

09-43334111 ☎013-682844

09-43334222 ☎013-682928

09-443077711 ☎013-682944

09-443077722 ☎013-686212

စိတ်ကောင်းကြည်လင် ချန်ပီယံဝေါ်ဆန်းမွှေး

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၄၊ ဝက်မစွတ်ဝန်တောက်လမ်း၊ အုံးအငွေ့စက်မှုဇုန် (၂) (ဒဂုံတောင်တိုးချဲ့)၊ အသေးစားစက်မှုမြေကွက်အမှတ် (၁၉၂)၊ အကျယ်အဝန်း ( ၁၁၆၂၇ စတုရန်းပေ )၊ ( ၀.၂၆၆ ဧက )၊ (၇၇ ပေ x ၁၅၁ ပေ) ရှိ ဒေါ်စန်းမြင့်အမည်ပေါက်ပိုင်ဆိုင်သော အသေးစားစက်မှုမြေကွက် နှင့် အကျိုးခံစားခွင့်အားလုံးအား မူလအမည်ပေါက်သူ ဒေါ်စန်းမြင့် (၁၂/သကတ (နိုင်) ၀၁၅၁၇၆) ထံမှ အဆက်ဆက်စာချုပ်စာတမ်းများဖြင့် လက်ရှိတရားဝင်ပိုင်ဆိုင်ကြောင်းအဆိုပြုသူ ဦးလှတိုး (၁၂/ဥကတ (နိုင်) ၁၁၃၁၀၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက စရံငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — ဒေါ်သူဇာလင်း (၉/အမဇ (နိုင်) ၀၀၉၄၅၃)

လွှဲအပ်ညွှန်ကြားချက်အရ — ဒေါ်ခင်ရွှေဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၈၉၉)

ဖုန်း-၀၉ ၇၉၈၁၆၅၁၁၂ ၊ ၀၉ ၄၂၁၀၂၂၃၂၅

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**နေလဲ၊ ဝဲ၊ နာ** အသီးကျစိုက်ချပ်လိုသူများ

**ဗိုက်** ချပ်လိမ်းဆေး

**အဆီကျသောက်ဆေး**

ရန်ကုန်တိုင်းရင်းဆေးအရောင်းဆိုင်များ၀၁ ၂၀၀၄၉၁၊ ၀၉ ၅၀၄၁ ၂၃၈။

မန္တလေး၊ အောင်သုခ၊ သဖင်ရုံ(မြေညီ)၀၉ ၈၇၅၅၄၇၉၅၅။

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၈၀၈)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၊ ပထမထပ်ခေါင်းရင်းခန်း (လယ်ယာဘက်ခန်း)ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ - ဒေါ်ခင်မမ (၁၂/တတန(နိုင်)၃၄၀၁၁၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင် ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးတင်စိုး (B.A, H.G.P) — အထက်တန်းရှေ့နေ(စဉ်-၁၂၅၄၀) — ဖုန်း - ၀၉၄၄၈၀၀၄၆၁၆

ဒေါ်ကေသီထိုက် (L.L.B) — အထက်တန်းရှေ့နေ(စဉ်-၄၅၀၈၈) — ဖုန်း-၀၉၇၉၅၄၁၄၁၄၈

အမှတ် (၁၉)၊ ဦးရေခဲလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊

**မိုးရှာမောင်**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

အိမ်ပစ္စည်း ရုံးပစ္စည်းများကို 15', 16' Box ကားနှင့် လုပ်သားများအပါ။

09 5024774

09 73179228

09 49155515

**ရွှေမဟာ**

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09 -5106146

09 -775106146

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲထွန်းဝင်း[၁၂/မရက(နိုင်)၀၀၀၀၄၀] သည် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားဘိုတဲကျေးရွာ၊ ကွင်းအမှတ်-၇၉၅ က၊ ကွင်းအမည် တမံကြီးမြောက်ကွင်း၊ ဦးပိုင်အမှတ်-(၁/၁)၊ အကျယ်အဝန်း(၈. ၇၄ ဧက)၊ ဦးပိုင်အမှတ်-(၂/၁)၊ အကျယ်အဝန်း(၀. ၁၉ ဧက)၊ ဦးပိုင်အမှတ်-(က/၄/၄)၊ အကျယ်အဝန်း(၅. ၁၃ ဧက)၊ ဦးပိုင်အမှတ်-(၂/၃)၊ အကျယ်အဝန်း(၃. ၅၅ ဧက)နှင့် ဦးပိုင်အမှတ်(က/၄/၃)၊ အကျယ်အဝန်း(၆. ၅၄ ဧက)၊ ဦးပိုင်အမှတ်-(က/၄/၂)၊ အကျယ်အဝန်း(၆. ၂၉ ဧက)၊ ဦးပိုင်အမှတ်-(၂/၂)၊ အကျယ်အဝန်း(၅. ၁၇ ဧက)ရှိ မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူရန် စရန်ငွေတစ်စိတ်တဒေသ ပေးချေပြီးပြီဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စုရည်လင်း LL.B, LL.M**

**အထက်တန်းရှေ့နေ (စဉ်-၂၅၃၇၄)**

**အမှတ်(၁၀/၈၈)၊ ပတ္တမြား(၂)လမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၆၄၂၀၇၅၇**

HITACHI

Merry Christmas
HAPPY NEW YEAR
PROMOTION
15th Dec 2018 ~ 31st Jan 2019
All Items Free Gift, Special Discount . . .
Clearance Sale Up To
25%



SHOWROOM ADDRESS :
အရောင်းပြခန်း (၁) - SA-7 အောင်ဇေယျအိမ်ယာ ၊ အလုံလမ်း နှင့် ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၃၀၁၂၆၇ ၊ ၀၉-၄၃၁၅၃၄၂၃
အရောင်းပြခန်း (၂) - ၃၂၂ ၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်းအပေါ်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။ဖုန်း ၀၉-၇၃၀၁၈၈၀၀ ၊ ၀၉-၇၈၅၇၅၇၃၃၉
အရောင်းပြခန်း (၃) - No 192, Room 23, ဒုတိယထပ်၊ Myanmar Plaza၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၉၀၉၈၈၈၉၁ ၊ ၀၉-၇၉၀၉၈၈၈၉၂
အရောင်းပြခန်း (၄) - G-6 မြေညီထပ်၊ Sinma Living Mall သီရိရတနာလမ်း ၊ စီးပွားရေး ၊ ဥတ္တရသီရိမြို့နယ် ၊ နေပြည်တော်မြို့။ ဖုန်း ၀၉-၉၇၇၉၃၁၉၃၇
အရောင်းပြခန်း (၅) - No.G-29/ 30/ 31, ၈၂ လမ်း၊ ၂၆လမ်း နှင့် ၂၇လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၆၄၆၅၈၊ ၀၉-၄၂၁၀၅၀၃၇၉
အရောင်းပြခန်း (၆) - No.195, ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အင်းဝဘဏ်နှင့် CB ဘဏ်ကြား၊ လမ်းမတော်မြို့နယ်၊ တောင်ကြီးမြို့။ ဖုန်း ၀၉-၇၆၂၉၃၈၄၃၇

ရွှေမန်းတောင်
အမှတ်တံဆိပ်
အကြောပြေလိမ်းဆေးဆီ
Analgesic Balm
TMR007115(0619)
လေဖြတ်၊ လေငန်း၊ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာကျင်ကိုက်ခဲခြင်း၊ ကျိုးပေါင်းတက်ခြင်းများအတွက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေး

အောင်မြေ
ဒဂုံမြို့သစ်--ဆိပ်ကမ်း
တောင်ပိုင်း--အရှေ့ပိုင်း
မြောက်ပိုင်းမြို့နယ်များရှိ
မြေကွက်များဝယ်ယူလိုပါသည်
"အိမ်အရောက်ငွေချေပေးပါသည်"
09 42 420 66 33
09 42 420 66 44
09 42 420 66 55

အရွယ်မရွေးသုံးစွဲပေး
ရွှေသွေး ရင်လူးဆေး
"ကလေးရှိရင် ရွှေသွေးရှိမှ ဖြစ်မယ်နော်"
အဆုတ်အအေးမိခြင်း၊ အစားမှားခြင်းကြောင့်ဖြစ်တတ်သော ချောင်းဆိုး၊ ချွဲကြပ်၊ ရင်ပြည့်၊ ရင်ကယ်၊ လေထိုး လေအောင့်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။
TMR 010458(0320)




Rain Flower
SHOW ROOM အသစ်ဖွင့်လှစ်ခြင်း
အမှတ်-(၁၀၄၁/က)၊ သုဓမ္မာလမ်း၊ (င)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄၀၄၄၅၄၄၄၉၊ ၀၉-၄၅၁၇၃၀၀၀၈
၀၉-၄၂၅၃၀၈၁၆၇၊ ၀၉-၇၃၁၅၄၆၇၀

AVA COURT
HEALTH CARE
Fortis



ကျောက်ကပ်ဝေဒနာရှင်၊ ရိုးတွင်းခြင်ဆီနှင့်
သွေးရောဂါဝေဒနာရှင် များအတွက် သတင်းကောင်း
Ava Court Healthcare (ACHC) မှ ကြီးမှူးကျင်းပသော
အိန္ဒိယနိုင်ငံရှိ Fortis ဆေးရုံကြီးမှ
ကျောက်ကပ်အစားထိုး ခွဲစိတ် အထူးကုဆရာဝန်ကြီး Dr. RAJEEV SOOD နှင့်
သွေးရောဂါအထူးကုဆရာဝန်ကြီး Dr. RAHUL BHARGAVA တို့မှ
" ကျောက်ကပ်အစားထိုးကုသခြင်းနှင့် ရိုးတွင်းခြင်ဆီအစားထိုးကုသခြင်း"
အကြောင်းအား အခမဲ့ ဟောပြောဆွေးနွေးပွဲ ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။




နေ့ရက် - ၂၂.၁၂.၂၀၁၈ ( စနေနေ့ )
အချိန် - နေ့လည် ၁၂ နာရီ မှ ၂ နာရီထိ
နေရာ - ဟံသာဝတီ (Grand Hantha International Hospital)
ဆက်သွယ်ရန် - ၀၉ ၄၅၃၉ ၅၅၅ ၀၁၊ ၀၉ ၄၅၃၉ ၅၅၅ ၀၂။
Fortis Hospital မြန်မာပြည် ကိုယ်စားလှယ်ရုံး
အမှတ် (59)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင် မြို့နယ်၊ ရန်ကုန်မြို့။

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးဒေါ်ခင်စု (ငြိမ်း)
**(ရေ/၃၁၃၉)**
**အသက်(၈၅)နှစ်**

ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးဒေါ်ခင်စု(ငြိမ်း)အသက်(၈၅)နှစ် သည် ၁၂-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမျိုးမြင့် (ဒေးဒရဲမြို့)
**အကျဉ်းဦးစီး (ငြိမ်း)၊ လမ်းမတော်မြို့နယ်ပြည်သူ့ကောင်စီ(ငြိမ်း)**
**အသက်(၈၉)နှစ်**

ဒေါ်မျိုးစန္ဒာအေး (ကျောင်းအုပ်ကြီး အမက-၆၊ ကျောက်တံတား)၏ ဖခင်ကြီး ဦးမျိုးမြင့် သည် ၁၁-၁၂-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**မိဘဆရာအသင်း**
**အမက(၆) ကျောက်တံတား**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းရှိန်(ခ)ဦးအပ်ခွေး (၈၄)နှစ်
**(အ-ထ-က-၂၊ မြိတ်)**

သူငယ်ချင်း ဦးကျော်မိုးရှိန်[B.E (Aero)] ၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ သုမန(၃)လမ်း၊ ဟန်မြင့်မိုရ်ကွန်ဒို၊ လေးလွှာ၊ အမှတ်(၆၈၆)နေ ဒေါ်ကြည်ကြည်(အ-ထ-က-၃၊ မြိတ်)၏ ခင်ပွန်း ဦးဝင်းရှိန်(ခ) ဦးအပ်ခွေး အသက်(၈၄)နှစ် သည် ၁၂-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**86/95 RIT သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စန်းရီ (ရေကြည်)
## အသက်(၈၁)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း-ဒေါ်ကြည်ကြည် ထွန်းတို့၏ မိခင်ကြီး ဒေါ်စန်းရီသည် ၁၀-၁၂-၂၀၁၈ရက်(တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)၊ သီဟတပ်ခွဲ**
**သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝင်း
### ညွှန်ကြားရေးမှူး (ငြိမ်း)၊ တရားရုံးချုပ်
## အသက် (၇၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ တိုက်(၂၄၇/၂၄၉)၊ အခန်း(၉/A)နေ [ဒေါ်မြင့်မြင့်ဝင်း(ဒုတိယ ညွှန်ကြားရေးမှူး-ငြိမ်း၊ ရှေ့နေချုပ်ရုံး)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဖြိုးဇော်ဝင်း-မဇာခြည်မျိုးဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မောင်ဇော်ထွဋ်မျိုးဝင်း၏အဘိုး ဦးဇော်ဝင်းသည် ၁၃-၁၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဟာဂျီဦးတင်ရွှေ-ဟာဂျီမဒေါ်စန်းနု**
**(ရွှေ)ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး**
**(အင်းစိန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြည်အောင်
**ဒုအရာခံဗိုလ်/၇၁ (ငြိမ်း) တပ်မတော်(ရေ)**
**အဏ္ဏဝါ(ရန်ကုန်)နာရေးကူညီမှုအသင်းဝင်အမှတ်(၂၅၇)**
**အသက် (၆၄) နှစ်**

သန်လျင်မြို့နယ်၊ ကျိုက်အင်းရွာနေ ဒေါ်ယဉ်ယဉ်မုန်း၏ခင်ပွန်းဖြစ်သူ သည် ၁၂-၁၂-၂၀၁၈ ရက် ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဏ္ဏဝါ(ရန်ကုန်)နာရေးကူညီမှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုထင်လင်းအောင်(ခ)ထွန်းထွန်း
## အသက်(၄၄)နှစ်

အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ သန်လျင်မြို့၊ နုဂ္ဂဟအဖွဲ့ ၏ အတွင်းရေးမှူး ဦးအောင်တင် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်ချိုချိုသန့် (အလပြ၊ ငြိမ်း)တို့၏ သား ကိုထင်လင်းအောင်(ခ)ထွန်းထွန်းသည် ၁၁-၁၂-၂၀၁၈ (အင်္ဂါနေ့)ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗုဒ္ဓသာသနာ့ နုဂ္ဂဟအဖွဲ့**
**ဖားအောက်တောရရိပ်သာခွဲ၊ သန်လျင်မြို့**

## ဦးစိန်ငွေး
**(မြို့မကျောင်းသားဟောင်း)**
**အသက် (၇၆) နှစ်**

ရန်ကုန်မြို့နေ [ဒုတိယဗိုလ်မှူးကြီးတင်မြင့်(မကွေးတိုင်းပြည်သူ့ကောင်စီ ဥက္ကဋ္ဌ-ငြိမ်း)-ဒေါ်ရင်မေ]တို့၏သားကြီး၊ (ဒေါ်ကြည်ကြည်ဝင်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ နေနန်းသုခကွန်ဒို၊ တိုက်(ဘီ)၊ အခန်း(၅၀၃)နေ ဒေါ်ဥမ္မာငွေး-ဦးစိုးသူတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဦးဟန်ငွေး-ဒေါ်ဖြူဖြူသိန်း၊ ဦးလှငွေး-ဒေါ်သိန်းသိန်းမြင့်၊ ဦးမောင်မောင်ငွေး-ဒေါ်မြင့်မြင့်နွယ်၊ ဒေါ်တင်မေငွေး-ဦးကိုကို၊ ဦးမြင့်ငွေး-ဒေါ်မာလာလွင်တို့၏ အစ်ကိုကြီး၊တူ/တူမ ၁၃ ယောက်တို့၏ ချစ်လှစွာသောဘကြီးသည် ၁၄-၁၂-၂၀၁၈ ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်မြင့် (မအူပင်)
**ရန်ကုန်တိုင်း မန်နေဂျာ၊ ကုန်သွယ်လယ်ယာ(ငြိမ်း)**
**အသက် (၈၅) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ (ဦးဘိုးသင်-ဒေါ်အေးကြိုင်) တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကညွတ်ကွင်းနေ (ဦးချမ်းသာ-ဒေါ်ရင်)တို့၏ သားသမက်၊ ဒေါ်ခင်လှကြည်၏မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ်(၄၉/က)နေ ဒေါ်မြမြဝေ(မန်နေဂျာ-ငြိမ်း၊ မြန်မာ့ကုန်တိုက်)၏ခင်ပွန်း၊ ဦးအောင်ဇော်ဦး-ဒေါ်မော်မော်လွင်၊ ဒေါ်ဝင်းသိင်္ဂီအောင်၊ ဒေါ်ဝင်းစန္ဒာအောင်-ဦးထွန်းထွန်းအောင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မမြတ်မင်းကေခိုင်၊ မောင်မင်းထက်အောင်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးအောင်မြင့်သည် ၁၃-၁၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၈ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဝင်းပန် (ကျိုက်လတ်)
**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၁၃)နေ (ဦးသြရှူမင်း-ဒေါ်တင်လှ)တို့၏သား၊(ဦးရှူမင်း-ဒေါ်သေးသေး)တို့၏ သားသမက်၊ ကိုငွေးကျော်-မအေးငြိမ်းစိုး၊ ကိုရဲအောင်တို့၏ မွေးသဖခင်၊ ပွင့်ရူပါမြတ်၏ ချစ်လှစွာသောဘိုးဘိုး၊ ဒေါ်ကျင်သန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၃-၁၂-၂၀၁၈ရက် ည ၁၀း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်မြမြ (မော်လမြိုင်ကျွန်းမြို့)
**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ (ဆေး/ငြိမ်း)ရပ်ကွက်၊ ပျဉ်းမလမ်း၊ အမှတ်(၁၄)နေ (ဦးတင်မောင်-ဒေါ်သန်းညွန့်)တို့၏သမီးကြီး၊ (ဦးမောင်သန်း-ဒေါ်မကြီး)တို့၏သမီးချွေးမ၊ (ဗိုလ်အောင်နိုင်)၊ ဦးငွေးအောင်-(ဒေါ်တင်တင်ဝင်း)၊ (ဦးဘုန်းကြွယ်)၊ ဦးမြဝင်း-ဒေါ်ခင်ဥမ္မာတို့၏အစ်မ၊ ဦးစိုးမြင့်(ဒု-ထွေ/ဂျာ၊ ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ ဦးနိုင်ဝင်းစိုး-ဒေါ်ချိုချိုထွန်း(စက်မှုဝန်ကြီးဌာန၊ ဦးစီးအရာရှိ-ငြိမ်း)၊ ဦးအောင်ကျော်ဦး (Ocean Tanker)- ဒေါ်ခင်သီတာစိုး၊ ဦးခိုင်ဝင်းစိုး၊ ဦးလှိုင်ဝင်းစိုး(ဘဏ်မန်နေဂျာ၊ မြဝတီဘဏ်၊ မြဝတီမြို့)-ဒေါ်ခိုင်နွယ်စိုး (မြဝတီဘဏ်၊ ရုံးချုပ်)၊ ဦးညီညီစိုး-ဒေါ်ဝင်းပပအေး၊ ဦးဖြိုးပြည့်စိုး(ဒု-ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ဇာလီမျိုး တို့၏ကျေးဇူးရှင် မိခင်ကြီး၊ မမြတ်သိင်္ဂီ(4th year, Eng)၊ မောင်စိုးထိုက်အောင်(4th, B.E)၊ မောင်အောင်မင်းခန့်(3rd, B.E)၊ မလင်းလက်လက်ဝင်း(ခေတ္တ USA)၊ မောင်ပိုင်မင်းသန့် (Grade-10, TTC)၊ မောင်အောင်ဘုန်းမြတ်ဖြိုး (Grade-5၊ အထက-၄၊ အလုံ)တို့၏အဘွားသည် ၁၄-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးခင်မောင်ကြီး
**ကူရှင်ကျောင်းသားဟောင်း၊ CDC 4249**
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ ကျမ်းစာသင်ကျောင်းလမ်း၊ ကတိုးနွယ်ခြံ၊ အမှတ်(၁၀၂၅) နေ (ဦးအောင်ကြီး-ဒေါ်ခင်သိန်းရီ)တို့၏သားကြီး၊ ဒေါ်ဖြူဖြူအေး၊ ဒေါ်နီနီအေး၊ ဒေါ်ဝါဝါအေး-ဦးထူးမြင့်(ကက-ဝယ်၊ နေပြည်တော်)တို့၏အစ်ကိုကြီး၊ မသက်သန္တာထူး၊ မဆုပြည့်စုံထူးတို့၏ဦးကြီးသည် ၁၄-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၇း၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၁၂-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ခရစ်ယာန်ဓမ္မတက္ကသိုလ်(MICT)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအေးကြူ
**အသက်(၆၈)နှစ်**
**3rd M.B (69 Batch)၊ ဆေး(၁)၊ B.Sc (Phy)**
**ဥက္ကဋ္ဌ၊ အောင်မြန်မာလီမိတက်၊ ကော့သောင်း**
**အ. ထ. က(၃) တာမွေ၊ ကျောင်းသားဟောင်း**

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥဩဖရားလမ်း၊ အမှတ်(၁၃)နေ [ဦးဘသက်(မြင်းမူမြို့ပိုင်ဟောင်း)-ဒေါ်စောမြ(ကျောင်းဆရာမ)]တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်လှတင်)တို့၏သားသမက်၊ ဦးမောင်မောင်(တိုင်းတွဲဖက်စာရင်းစစ်-ငြိမ်း)၏ညီ၊ ဆရာမဒေါ်မြင့်(အထပြ-ငြိမ်း)၊ ဒေါ်တင်တင်လှ တို့၏ ညီ/မောင်၊ ဒေါ်နွဲ့နွဲ့ရီ၏ခင်ပွန်း၊ ကိုအောင်မျိုးထက်(ဒု-ဥက္ကဋ္ဌ၊ အောင်မြန်မာလီမိတက်)-မအေးမြတ်မွန်တို့၏ဖခင်၊ သက်နှင်းထက်၊ မေယမင်းထက်၊ မောင်ဖုန်းမြတ်ထက်တို့၏အဘိုးသည် ၁၃-၁၂-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဦးအေးသန်း (ဇလွန်မြို့)
**ဆေးမှတ်တမ်းဌာနမှူး(ငြိမ်း)၊ ရန်ကုန်စိတ်ရောဂါကုဆေးရုံကြီး**
**အသက် (၇၅) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နေ (ဦးမောင်ကျော့-ဒေါ်ခင်ဥ)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်နွေ) တို့၏ သားသမက်၊ ဒေါ်အေးမြင့်၏ခင်ပွန်း၊ (ဦးသိန်းဦး)-ဒေါ်ညွန့်ညွန့်ရွှေ(လ/ပြ-ငြိမ်း၊ အလက-၁၊ ဒဂုံ)တို့၏ ဖခင်၊ ကိုထူးထူးအောင်-မကြူကြူကြိုင်စိုး၊ ကိုစိုးသီဟအောင်-မအိစန္ဒာထူးတို့၏ အဘိုး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊အမှတ်(၄၂)၊ ခြောက်လွှာ(A)နေ ဦးအေးသန်းသည် ၁၃-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဆောင်းလွင် (B.A,B.Ed)
**အမက(၁၀)၊ လှိုင်**
**အထက(၁)လှိုင်၊ အထပြ-ငြိမ်း**
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ သုခလမ်း၊ သီရိမင်္ဂလာလမ်းသွယ်၊ တိုက်(၂၃၅-ဘီ)၊ ဒု-ထပ်နေ (ဦးမောင်မြင့်-ဒေါ်စောမြင့်)တို့၏သား၊ (ဦးနိုင်-ဒေါ်အေး)တို့၏ သားသမက်၊ (ဦးကျော်ငြိမ်း) - ဒေါ်တင်တင်ခိုင်၊ (ဦးအုန်းမောင်) - ဒေါ်ဝင်းကြည်၊ (ဦးတင်အုန်းလှိုင်)တို့၏အစ်ကိုကြီး ဦးဆောင်းလွင်သည် ၁၄-၁၂-၂၀၁၈ ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အင်းမအသင်း(ရန်ကုန်)**
**ရာသက်ပန်အသင်းဝင်**
## ဦးဆောင်းလွင်
**အသက်(၇၃)နှစ်**
**အထပြ(ငြိမ်း)၊ အထက-၁၊ လှိုင်**

လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်၊ အမှတ်(၂၃၅)၊ တိုက်(ဘီ)၊ (ဒု-ထပ်)နေ ဒေါ်သိုက်သိုက်၏ ခင်ပွန်း ဦးဆောင်းလွင်သည် ၁၄-၁၂-၂၀၁၈ ရက် နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**အင်းမအသင်း(ရန်ကုန်)**

## ကိုသူရဝင်း
**Huayang-Myanmar Marine Service Co.,Ltd**
**အသက် (၃၆) နှစ်**

ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ ပေါက်ကံ(၁)လမ်း၊ အမှတ်(၆၃)နေ ဦးမြင့်ဆွေ-ဒေါ်မျိုးတို့၏သား၊ ဦးကျော်လှိုင်(ဆင်ဖြူကျွန်းကျော်လှိုင်)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဦးသုဇာတ (ခ) ကိုသူရစိုး၊ မစုမြင့်မြတ်ထွေးတို့၏ အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်မြင်သာ(၄)လမ်း၊ အမှတ်(၁၇၈-က)နေ မဥမ္မာလှိုင်(ရွှေဂုံတိုင်ဆေးရုံဓာတ်မှန်ဌာန)၏ချစ်လှစွာသော ခင်ပွန်း၊ မဟေသာရှင်းသန့်၏ ဖခင် ကိုသူရဝင်းသည် ၁၁-၁၂-၂၀၁၈ ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၁၂-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တဇာဝရ
**သိက္ခာတော်(၄၅)ဝါ၊ သက်တော်(၆၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ကျိုတာရှမ်းကွင်းကျေးရွာအုပ်စု၊ မှော်ဝန်းစုကျေးရွာ ရွှေမှော်ဝန်းမဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဝရ (ဓမ္မာစရိယ) အရှင်သူမြတ်သည် (၁၃၈၀-ပြည့်နှစ်၊ နတ်တော်လဆန်း၊ ၂ ရက်)၊ ၉-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်)၊ ၃၁-၁၂-၂၀၁၈ (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိစျာပန ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးတပည့်သံဃာ၊ ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ စျာပနဖြစ်မြောက်ရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူးကြီးဇေယျကျော်ထင် (၁၉၆၀) သန်းတင်(ငြိမ်း)
**(B.Sc-EE)**
**BC-၆၀၄၄ ဗိုလ်သင်တန်း အမှတ်စဉ်(၅)**
**ဆက်သွယ်ရေးညွှန်ကြားရေးမှူး(ငြိမ်း)**
**ကာကွယ်ရေးဝန်ကြီးဌာန**
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၆)နေ ရဲမင်းကြီး (ဦးဘိုးကြွယ်-ဒေါ်သိန်းဇံ)တို့၏သား၊ စက်ရှင်တရားသူကြီး (ဦးကိုကိုကြီး-ဒေါ်ခင်ခင်မြင့်)တို့၏သားသမက်၊ ဒေါ်ခင်လှမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သက်သန်းတင်၊ ဦးသုတတို့၏ကျေးဇူးရှင်ဖခင်၊ ဒေါက်တာထင်လင်းအောင်-ဒေါ်ခိုင်ဇာထွန်း၊ ဦးအောင်ဇော်ထူး-ဒေါ်သိမ့်သဥ္ဇာအောင်၊ ကိုဖြိုးသီဟကျော်၊ ဒေါက်တာအေးသူဇာ၊ မသိမ့်သုတတို့၏ချစ်လှစွာသောအဘိုး၊ မောင်ခိုင်ခန့်ဥက္ကါအောင်၏ ဘိုးဘိုးကြီးသည် ၁၄-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအောင်မင်း
**အသက်(၉၄)နှစ်**
**(အောင်စာပေ)**

ထားဝယ်မြို့၊ မြို့တွင်းရပ်၊ အမှတ်(၁၈)၊ နိဗ္ဗာန်လမ်းနေ (ဦးချစ်လှ-ဒေါ်လွန်းရွှေ)တို့၏ သား၊ ဒေါ်ရီရီ ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းမင်းအောင်၊ ဦးစိုးမင်းအောင်-ဒေါ်သန်းသန်း၊ (ဦးနေမျိုးအောင်) - ဒေါ်စမ်းသီတာဇော်၊ ဦးဟန်ဝင်းအောင်၊ ဦးနေဝင်းအောင်-ဒေါ်ချိုချိုမြင့်၊ ဦးအေးမင်းအောင်တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုး ဦးအောင်မင်းသည် ၁၄-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## လောင်ရှူ့လျှန်(ခ)ဒေါ်စန်းမြင့် (ပုသိမ်)
**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၅၆)၊ (မြေညီ)နေ (ဦးမောင်ကျင်)၏ ချစ်လှစွာသောဇနီး၊ (ဦးကျော်ဝင်း)၊ ဦးကျော်ဝင်း-ဒေါ်ကျင်အေး၊ (ဦးအောင်ဝင်း)-ဒေါ်နီနီခိုင်၊ ဒေါ်ကျင်လှ၊ ဦးခင်မောင်ဝင်း တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၄-၁၂-၂၀၁၈ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
**အင်ဒရူး ( Andrew မန်းစံဘသိန်း) စိန့်ဂွ်န်းကျောင်းသားဟောင်း**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၂)ရပ်ကွက်၊ ဦးဖိုးသင်းလမ်း၊ အမှတ်(၅၄)နေ (ဦးမန်းမောင်ကြွယ်-ဒေါ်ငွေရောင်)တို့၏ သားလတ်၊ (မော်နီကာလှလှမေ)၊ ဒေါ်စီစီလျာ(UK)တို့၏ မောင်၊ ဒေါ်ခင်မေလွင်၊ (ဂွ်န်စံထွန်းအောင်)တို့၏ အစ်ကို၊ ရစ်ချယ်နန့်ခင်စိန်(သူနာပြု)၏ ချစ်လှစွာသောခင်ပွန်း၊ (စရွှေထွန်းဦး)၊ ကိုမောင်မောင်-နန့်ခင်မေသိန်း(ဂျူဂျူ) ကနေဒါ၊ စတင်ထွန်းအောင်၊ (စကျော်စိုးမိုး)၊ စသိန်းစိုးအောင်-အက်စ်တွယ်လတ်၊ စအောင်မင်းထွဋ်-နန့်အေးအေးသိန်းတို့၏ ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၁၄-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် သင်္ဂြိုဟ်ခြင်းဝတ်ကို ၁၆-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်းနှင့် ဗဟိုလမ်းထောင့် စိန့်ဂွ်န်း (ရှင်ယောဟန်ဘုရားကျောင်း)၌ ပြုလုပ်ပါမည်။ အောက်မေ့ဖွယ်ရာဝတ်ပြုဆုတောင်းခြင်းကို ၂၃-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် စိန့်ဂွ်န်းဘုရားကျောင်း၌ ပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်စန်းမြင့်
**ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)ကန်တော့ခံ**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၄)လမ်း၊ အမှတ်(၁၇၉)နေ ဦးခင်မောင်[(DTM-ငြိမ်း)အမှုဆောင်၊ မြန်မာ့မီးရထား အငြိမ်းစားများအသင်း]၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်းဦး-ဒေါ်ခင်သက်ဝင်း၊ (ဦးကြည်ရှိန်)-ဒေါ်ခင်ဝင်းကြည်၊ (ဦးဆန်းထွန်း)-ဒေါ်အေးအေးမော်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၁၂-၂၀၁၈ (သောကြာနေ့) နံနက် ၈း၀၅ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၂-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၂-၂၀၁၈ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ပို့ကုန်များကို တိုးမြှင့်ဆောင်ရွက်ပြီး သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၁၄**
ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ (၂၂)ကြိမ်မြောက် ပုံမှန်တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❖**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၂)ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။



အမျိုးသား မီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲ ကျင်းပနေစဉ်။

## မြန်မာပြေးခုန်ပစ်အဖွဲ့ ပြိုင်ပွဲဒုတိယနေ့တွင် ကြေးတစ်ခု ထပ်မံဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၁၄**
အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ပြေးခုန်ပစ် ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ဝဏ္ဏသိဒ္ဓိကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ကြေးတံဆိပ်တစ်ခု ထပ်မံရရှိခဲ့သည်။

သံပြားဝိုင်းပစ် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ သုံးဆင့်ခုန် အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ မီတာ ၂၀၀ အမျိုးသားပြိုင်ပွဲ၊

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❒**

## မြန်မာအမျိုးသမီး လှေလှော်အသင်း ဒုတိယမြောက် ရွှေဆုရယူ

**နေပြည်တော် ဒီဇင်ဘာ ၁၄**
မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၏ လှေလှော်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက ငလိုက်ဆည်၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ရိုးရာလှေပြိုင်ပွဲမှ ဒုတိယမြောက် ရွှေတံဆိပ်ဆု ရရှိခဲ့သည်။

ဒုတိယနေ့တွင် အမျိုးသမီး မီတာ ၁၀၀၀ ပြိုင်ပွဲတစ်မျိုးတည်းသာ ကျင်းပခဲ့ပြီး မြန်မာအမျိုးသမီးအသင်းက ရွှေဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး လှေလှော်အသင်းသည် ရိုးရာလှေပြိုင်ပွဲတွင် ရွှေနှစ်ခုရထားပြီး မီတာ ၅၀၀ ပြိုင်ပွဲတွင်လည်း ရွှေဆုရထားသည်။ ပြိုင်ပွဲတွင် မြန်မာအသင်းက ၅ မိနစ် ၀၄ ဒသမ ၈၄ စက္ကန့်ဖြင့် ပထမ၊ ထိုင်းအသင်းက ၅ မိနစ် ၀၉ ဒသမ ၅၀ စက္ကန့်ဖြင့် ဒုတိယ၊ စင်ကာပူအသင်းက ၅ မိနစ် ၁၅ ဒသမ ၉၂ စက္ကန့်ဖြင့် တတိယရရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် မီတာ ၅၀၀ ကျော်အထိ ဦးဆောင်ယှဉ်ပြိုင်နေသည့် ထိုင်းအသင်းကို ကျော်ဖြတ်ကာ ပန်းဝင်ခါနီးတွင် ၅ စက္ကန့်နီးပါး အသာရကာ ဒုတိယမြောက် ရွှေဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဒုတိယနေ့တွင် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲမှ ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး၏ လက်ရည်စစ်ပွဲများ ကျင်းပခဲ့သည်။

**စာမျက်နှာ ၁၄ ကော်လံ ၃ သို့ ❍**



ရွှေတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသမီးလှေလှော်အသင်း အောင်ပွဲခံနေစဉ်။

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

ဆီးနှင့်ကျောက်ကပ် ကုသမှုနယ်ပယ်တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော ဆရာဝန်ကြီး
**ဒေါက်တာအိအိနှင်း**
MBBS, MD, FACP, MBA
Internal Medicine/Nephrology
Assistant Professor of Internal medicine,
Nephrology division, University of New Mexico, USA
၂၂.၁၂.၂၀၁၈ မှ ၂၈.၁၂.၂၀၁၈ထိ

ဦးနှောက်နှင့် အာရုံကြောဆိုင်ရာအထူးကုဆရာဝန်ကြီး
**ဒေါက်တာဉာဏ်လင်း**
MBBS, FRACP (Neurology)
Consultant Neurologist and
Clinical Neurophysiologist, Melbourne, Australia.
၂၂.၁၂.၂၀၁၈ မှ ၄.၁.၂၀၁၉ထိ

ကလေးအထူးကုဆရာဝန်ကြီး
**ဒေါက်တာမြမြရီ**
M.B.,B.S,
M.Med.Sc (Paediatrics), MRCPCH (UK),
Paediatrician, UK
၂၇.၁၂.၂၀၁၈ မှ ၉.၁.၂၀၁၉ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိ လူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ်(၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၁ ၂၃၁ ၇၆၁၇၊ ၀၁ ၅၂၃ ၀၀၀၊ ၀၁ ၅၂၃ ၁၁၁

# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ



ဒီဇင်ဘာ ၁၅၊ ၂၀၁၈ (စနေနေ့)

## ရိုးရာဓလေ့များ၊ စိတ်အပန်းပြေစရာ သဘာဝအလှများဖြင့် ခရီးသွားများကို ဆွဲဆောင်နေသည့် ကယားပြည်နယ်

**သတင်းဆောင်းပါး- သီသီမင်း၊ ဓာတ်ပုံ- မိုင်ခ**





လည်တိုင်ထက်ဝယ် ကြေးကွင်းများစွပ်ထားသော ရိုးရာအထည်ရက်လုပ်ရန် ဗိုင်းငင်နေသည့် ဒေသခံကယန်းတိုင်းရင်းသူအမျိုးသမီး၏ ဟန်ပန်အမူအရာက မြင်ရသူကို ဆွဲဆောင်နိုင်စွမ်းရှိလှသည်။

"ကျွန်မတို့ရဲ့ ရိုးရာဝတ်စုံကိုချစ်လို့ လာတဲ့လူတိုင်းဝတ်ကြည့်တယ်။ ဒီအတွက်ပြောမပြတတ်အောင်ပျော်တယ်"

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကယန်းတိုင်းရင်းသားတို့နေထိုင်ရာ ဒေါဆန်းဘွန်းရွာသူ နော်ဖူးမိုးက စကားသံဝဲဝဲဖြင့် ဂုဏ်ယူစွာဆိုသည်။

ကယားပြည်နယ် လွိုင်ကော်မြို့နှင့် နှစ်မိုင်ခန့်သာဝေးသည့် ရိုးရာတဲငယ်လေးများဖြင့် ရိုးရာချည်ထည် အဝတ်အထည်များရက်လုပ်ကာ ရောင်းချနေမှုများ၊ ကြေးသွန်းလက်မှုပစ္စည်းများ၊ ဝါးလက်မှု ပစ္စည်းများကိုဝယ်ယူနိုင်မည်ဖြစ်ပြီး ညပိုင်းတွင် ကယန်း ဂီတ၊ အကအလှကိုပါ နားဆင်ခံစားနိုင်သည့် ဒေါဆန်းဘွန်းရွာသည် ထိုပြည်နယ်၏ ကြည့်ရှုစရာ၊ လည်ပတ်စရာ နေရာများထဲတွင် တစ်ခုအပါအဝင်ပင်ဖြစ်သည်။

"ဒီရွာက ကယန်းလူမျိုးတွေနေတာလေ။ ဒီရွာအတွက်ဝင်ငွေရအောင် အခုလို ယဉ်ကျေးမှုနယ်မြေအဖြစ် ရွာသူရွာသားတွေကိုစည်းရုံးပြီး လုပ်ဆောင်ခဲ့တာ"ဟု လွိုင်ကော်မြို့နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံဦးလင်းဇော်ထွဋ်က ပြောသည်။

ကယားပြည်နယ် လွိုင်ကော်မြို့သည် ၂၀၁၄ ခုနှစ်မှစတင်ကာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စတင်လည်ပတ်မှုများရှိခဲ့ပြီး ကယားပြည်နယ်ခရီးသွားကာလ၏ စာရင်းများအရ ၂၀၁၄ ခုနှစ်တွင် ပြည်တွင်းခရီးသွား ၁၅၀၀၀၊ နိုင်ငံခြားသားခရီးသွား ၂၆၀၀ ခန့်ရှိခဲ့ရာမှ ယခုနှစ်အောက်တိုဘာလအထိ စာရင်းကောက်ယူချက်အရ ပြည်တွင်းခရီးသွား ၅၀၀၀၀ကျော်၊ နိုင်ငံခြားသား ခရီးသွား ၁၀၀၀၀နီးပါး ဝင်ရောက်လာသည်။

ထိုသို့ တစ်နေ့တခြား ခရီးသွားဦးရေ တိုးတက်လာနေခြင်းသည် "ဒေသငြိမ်းချမ်းလာခြင်းကြောင့်"ဟု ဦးလင်းဇော်ထွဋ်က ဆိုသည်။

ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့အဆုံး ကယားပြည်နယ်အစဖြစ်သည့် လွိုင်ကော်မြို့သည် ကယန်း၊ ကယော၊ ရှမ်းတိုင်းရင်းသားများနှင့်အတူ အခြားသော ဒေသခံတိုင်းရင်းသားလူမျိုးစုများ၏ ထူးခြားသော နေထိုင်မှုဓလေ့၊ ရိုးရာဝတ်စားဆင်ယင်မှုများက ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် စိတ်ဝင်စားစရာပင်။

ထို့ပြင် နံနက်ခင်းအရုဏ်အလှ၊ နေဝင်ဆည်းဆာအလှတရားများကို ကြည့်ရှုခံစားနိုင်မည့် ကျောက်တောင်၊ တောင်ထွတ်ကြီး ကိုးခုဖြင့် သဘာဝအနေအထားအရ ထူးခြားစွာဖြစ်ပေါ်နေသည့် တောင်တော်အမြင့် ၁၃၄ ပေပေါ်တွင် တည်ထားသည့် ရှမ်းဘာသာဖြင့် လွိုင်ဖာတက်၊ ကယားဘာသာဖြင့် ဖော်မြဲဟု အမည်တွင်သည့် လွိုင်ကော်မြို့၏ ကျက်သရေဆောင် "တောင်ကွဲစေတီ"။

လွိုင်ကော်မြို့အရှေ့ဘက် ၁၀မိုင်အကွာတွင်ရှိသည့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၉၀ တွင်ရှိသော ထုံးကျောက်၊ ဒိုလိုမိုက်ကျောက်များဖြင့် ဖွဲ့စည်းထားသည့် သဘာဝလိုဏ်ဂူတစ်ခုဖြစ်သည့် ကယားဘာသာစကားဖြင့် "ရာစုကု"ဟုခေါ်သည့် ကယားပြည်နယ်၏ ယုံကြည်မှုဆိုင်ရာကို ညွှန်းဆိုပြသည့် နာမည်ကျော်"ကြွတ်ဂူ"။

"ဂူထဲမှာ သစ်သားခေါင်းတလားတွေရှိတယ်၊ အရင်ကအရိုးစုတွေတွေ့တယ်ပြောကြတယ်၊ ရှားတောမြို့ဘက်မှာလည်း ကြွတ်ဂူလိုမျိုး ဂူကြီးရှိတယ်၊ အဲဒီမှာအခေါင်းတွေ

အထူးကဏ္ဍ [ခ] သို့ »»



## တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ကောက်သစ်လှူပွဲ၏ အနှစ်သာရ

**သတင်း-စိုင်းသာလှိုင် (လိမ္မော်မြေ)၊ ဓာတ်ပုံ-စိုင်း (သီပေါ)**

ဆောင်းဦးလေညင်းညင်းတွင် စပါးပင်ပျိုတို့ ယိမ်းကနေသည်။ မြန်မာနိုင်ငံလယ်မြေအနှံ့တွင် ကောက်စပါးများ သင်းပျံ့ကြိုင်လှိုင်လေပြီ။ စုပေါင်းကောက်ရိတ်သိမ်းရေးအတွက် တောင်သူဦးကြီးတို့ ပြင်ဆင်ကြချေပြီ။ ကောက်ရိတ်ဦးကောက်သစ်ကို စုပေါင်းလှူဒါန်းကြသော ကောက်သစ်လှူပွဲကို ရှမ်းတိုင်းရင်းသားတို့ ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ တပျော်တပါး ဆင်နွှဲကြပေတော့မည်။

ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားမျိုးနွယ်စု ၃၃မျိုး နေထိုင်လျက်ရှိပေသည်။ လူမျိုးစုအခေါ်အဝေါ်များပြောင်းလဲသော်လည်း ရိုးရာဓလေ့များမှာ ပြောင်းလဲမှုမရှိပေ။ အခြားတိုင်းရင်းသားလူမျိုးများနည်းတူ ရှမ်းတိုင်းရင်းသားများ ပြုလုပ်လေ့ရှိသော ရှမ်းရိုးရာပွဲတော်များအနက် ကောက်သစ်လှူပွဲတော်မှာ အထူးထင်ရှားလှပေသည်။ ယင်းပွဲတော်များအနက် ရှမ်းနှစ်သစ်ကူးပွဲတော်မှာလည်း စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ရှမ်းနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာရခြင်းမှာ သာသနာသက္ကရာဇ် ၄၅၀ပြည့်နှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများ နေထိုင်ရာဒေသသို့ ဗုဒ္ဓသာသနာရောက်ရှိချိန်မှစ၍ ရှမ်းသက္ကရာဇ် စတင်ခဲ့သည်ဟုဆိုသည်။ ယခုမြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ်သည် ရှမ်းသက္ကရာဇ် ၂၁၁၃ ခုနှစ်ဖြစ်ပေသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာသာသနာကို အလေးအမြတ်ပြုသည့်

အထူးကဏ္ဍ [ခ] သို့ »»

အထူးကဏ္ဍ [ က ] မှ »»

ပိုများတယ်။ လူတွေသိပ်မသိကြသေးဘူး”ဟု ဒေသခံ ကိုစိုင်းက ပြောသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိရာ ခရီးသွားမှုရရှိသော ဝင်ငွေများသည် ကဏ္ဍပေါင်းစုံကိုစီးဝင်လျက်ရှိပြီး ဒေသခံတို့၏ အလုပ်အကိုင် အခွင့်အလမ်းများပေါ်များစေကာ ဝင်ငွေတိုးစေသည့်အတွက် ကယားပြည်နယ်၏ ခရီးသွားကဏ္ဍကို အထူးအလေးထား ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

ဒီမောဆိုမြို့နယ်ရှိ ကယန်းလူမျိုးများ နေထိုင်ရာ ပန်ပက်ကျေးရွာ၊ တနီးလာလဲကျေးရွာ၊ ရှေးဟောင်းအိမ်များ၊ ဓလေ့ထုံးတမ်းများကို မြင်တွေ့နိုင်သည့် ဒေါတမကြီးကျေးရွာ၊ ကယောလူမျိုးများနေထိုင်ရာ ထေခိုကျေးရွာတို့တွင် ရပ်ရွာလူထု အခြေပြုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံများကိုယ်တိုင် တိုက်ရိုက်အကျိုးခံစားခွင့်ရနေပြီဖြစ်သည်ဟု ဦးလင်းဇော်ထွန်းက ဆိုသည်။

“ရပ်ရွာမှာရှိတဲ့ လူငယ်တွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရတယ်။ ရွာလည်း ရန်ပုံငွေရတယ်။ ရတဲ့ငွေတွေကို ရွာလူကြီးက ရပ်ရွာဖွံ့ဖြိုးရေးနဲ့ သာရေးနာရေးရန်ပုံငွေအဖြစ် ထိန်းသိမ်းပေးထားတယ်”ဟု ဒေသခံတစ်ဦးက ပြောသည်။

ကယားပြည်နယ် ဒီမောဆိုမြို့နယ်ရှိ ငွေတောင်ဆည်အလှ၊ နောင်ယားကန်၏အလှနှင့် ညဈေးတန်း၊ လွိုင်ကော်မြို့မှ ၃ မိုင်အကွာတွင် မပုပ်မသိုးဘဲကျန်နေသေးသည့် ဆရာတော်ကြီးတစ်ပါး၏ ရုပ်ကလာပ်ရှိရာ တောင်သုံးလုံး၊ တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသော ဘီလူးချောင်းပေါ်ရှိ လောပိတရေအားလျှပ်စစ်စီမံကိန်း၊ လတ်ဆတ်သော သစ်သီးဝလံများ၊ ကယားရိုးရာ၊ ရှမ်းရိုးရာ အစားအသောက်နှင့် အဝတ်အထည်များကို ဝယ်ယူနိုင်သည့် တောင်ဈေး၊ ထူးဆန်းအံ့ဖွယ် ထီးပွင့်ကန်၊ ဒွေးမယ်နော်တို့ပျော်စံရာ ကန်ခုနစ်ဆင့် တို့သည်လည်း ခရီးသွားများအတွက် ကယားပြည်နယ်၏ ဆွဲဆောင်မှုရှိရာ နေရာများပင်ဖြစ်သည်။

ထို့အတူ လွိုင်ကော်မြို့မှ ၁၄ မိုင်ခန့် ကွာဝေးသည့်နေရာတွင်ရှိသည့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ်ရှိ ထီးစဲခါး ရေတံခွန်တွင်လည်း ပြည်တွင်း၊ ပြည်ပ လာရောက် အပန်းဖြေသူများဖြင့် နှစ်စဉ်စည်ကားနေကြောင်း ဒေသခံများထံမှ သိရသည်။

“ဒီရေတံခွန်က ဟိုဘက်ကရှမ်းပြည်ဒီဘက်က ကယား နွေရာသီဆို လူကအပြည့်ပဲ၊ သိပ်လှတဲ့ရေတံခွန်ပေါ့၊ ကယားမှာက ဒီထက်လှပတဲ့ ထူးခြားတဲ့ရေတံခွန်တွေလည်း အများကြီးရှိသေးတယ်။ ကယားပြည်နယ်မှာရှိတဲ့ လူတွေ မသိသေးတဲ့နေရာတွေကို လူသိများအောင် ဖော်ထုတ်ဖို့လိုသေးတယ်” ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ Tour Loikaw မှ ကိုစိုင်းအောင်အောင်ထွန်းက ပြောသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် လည်ပတ်စရာနေရာများ ပေါ်များလာစေရန်၊ ခရီးသွားအတွေ့အကြုံအသစ်အဆန်းများ ရရှိစေရန်၊ ခရီးသွားလုပ်ငန်းစနစ်တကျဖွံ့ဖြိုး တိုးတက်စေရန် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတို့တွင် ဖော်ဆောင်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ်တွင်လည်း မိုးဗြဲဆည် မှ အင်းလေးကန်သို့ တစ်ဆက်တည်း သွားရောက်လည်ပတ်မှုများ ပြုလုပ်နိုင်မည့် ရေလမ်းခရီးစဉ်တစ်ခုကိုလည်း ကယားပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းကာ ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းမှစတင် အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ဒီခရီးစဉ်က ဘယ်တုန်းကမှမရှိခဲ့တဲ့ ခရီးစဉ်ပေါ့။ အစိုးရသစ်လက်ထက်မှာ စပြီး အကောင်အထည်ဖော်တာပါ။ စက်လှေနဲ့ သွားတဲ့အခါ ပနားမားတူးမြောင်းထဲသွားရသလိုမျိုး စိတ်လှုပ်ရှားဖို့ကောင်းတဲ့ ခရီးစဉ်တစ်ခုဖြစ်တဲ့အတွက် လာတဲ့ခရီးသွားတွေအကြိုက်တွေ့မှာပါ”ဟု ပြည်နယ်တာဝန်ခံ ဦးလင်းဇော်ထွန်းက ပြောသည်။



လက်ရှိ ကယားပြည်နယ်တွင် ခရီးသွားဧည့်သည်များတည်းခိုနိုင်ရန် ဟိုတယ် ၂၃လုံးရှိပြီး အခန်းပေါင်း ၄၈၆ ခန်းရှိကာ ဆောက်လုပ်နေဆဲ ဟိုတယ် ၁၃ လုံးတွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်များပါဝင်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နှင့် ကယားပြည်နယ်ကို ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းမှာလည်း ၂၀၁၉ ခုနှစ်အတွင်း ပြီးစီးရန် ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန လွိုင်ကော်တာဝန်ခံရုံးမှ သိရသည်။

“ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ကိုလာတဲ့ ခရီးသွားတွေက သုံးသန်းလောက်ရှိတာ။ ထိုင်းနိုင်ငံနဲ့ ကယားပြည်နယ်သာ လမ်းပွင့်သွားရင် ခရီးသွား တွေလာလို့ ဟိုတယ်တွေတောင် လျှံသွားလောက်တယ်”ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ ကိုစိုင်းအောင်အောင်ထွန်းက သူ့အမြင်ကို ပြောပြသည်။

ရှေးဟောင်း ကျောက်ဂူများ၊ အဆောက်အအုံများ၊ အမြဲစိမ်းတောများ၊ သဘာဝအတိုင်း လှပသွယ်တန်းနေသည့် တောင်တန်းကြီးများစသည့် သဘာဝအရင်းအမြစ်များ၊ ထူးခြားလှပသည့် ရေတံခွန်များ၊ ရိုးရာယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးစုတို့ နေထိုင်ရာ ကယားပြည်နယ်တွင် နေထိုင်သည့် ကယန်းတိုင်းရင်းသူ နော်ဖူးမိုးက “ကယားပြည်နယ်မှာ သဘာဝအလှအပတွေရှိတယ်။ ဒါတွေနဲ့ အပန်းဖြေရင်း ရိုးရာယဉ်ကျေးမှုတွေ၊ တေးဂီတတွေနဲ့ အတူကကြမယ် အတူပျော်ကြမယ်။ တစ်ခါလောက်တော့ လာခဲ့စေချင်တယ်”ဟု ဖိတ်မန္တကပြု စကားဆိုခဲ့သည်။ ။

အထူးကဏ္ဍ [ က ] မှ »»

အနေဖြင့် နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ကို ရှမ်းနှစ်ဆန်း ၁ ရက်နေ့အဖြစ် သတ်မှတ်၍ ရှမ်းနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ကြပေသည်။ ရှမ်းနှစ်သစ်ကူးနေ့အရ နတ်တော်လကို ရှမ်းဘာသာဖြင့် “လိန်ကျိန်” မြန်မာဘာသာဖြင့် ပထမ၊ ပြာသိုလကို “လိန်ကမ်” ဒုတိယလနှင့် တပို့တွဲလကို တတိယလ၊ တပေါင်းလကို စတုတ္ထလစသည်ဖြင့် တန်ဆောင်မုန်းလကို နှစ်၏ နောက်ဆုံး ၁၂ လဟု သတ်မှတ်ခေါ်ဝေါ်ကြပေသည်။

ရှမ်းနှစ်သစ်ကူးပွဲတော်ကို တန်ဆောင်မုန်းလကွယ်နေ့ည ၁၂ နာရီတိတိအချိန်တွင် မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ကောက်သစ်ကောက်ညှင်းဆန်ဖြင့် ပြုလုပ်သော ကောက်ညှင်းချွန်ထုပ်၊ ကောက်ညှင်းကျည်တောက်၊ ကောက်ညှင်းပေါင်းများ ဝေငှကျွေးမွေးခြင်းနှင့် ရိုးရာယဉ်ကျေးမှုအဆို၊ အတီး၊ အကများဖြင့် ချမ်းအေးသော နှင်းမှုန်များအောက်တွင် မီးပုံပွဲကျင်းပကာ သာယာနာပျော်ဖွယ် ရှမ်းအိုးစည်သံများနှင့် ရှမ်းနှစ်သစ်မင်္ဂလာ အခါသမယကို စည်ကားသိုက်မြိုက်စွာ ကြိုဆိုလေ့ရှိကြပေသည်။

အဆိုပါ ရှမ်းနှစ်သစ်ကူးပွဲတော်နှင့်အတူ ကောက်သစ်လျှို့ပွဲ အခမ်းအနားကိုပါ ပူးတွဲကျင်းပရာ “တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းတောင်သူတူနိုင်ရိုးလား” ရှေးဆိုရိုးစကားနှင့် အညီ ၎င်းတို့လယ်မြေများမှ ထွက်ရှိသော ကောက်သစ်များဖြင့် ဘုရားအမှူးပြုသော ရဟန်းသံဃာတော် အရှင်သူမြတ်များကို ဦးဦးဖျားဖျား ဆွမ်းကပ်လှူဒါန်းသမှုပြုပြီး နှစ်သစ်ချိန်ခါသမယတွင် ဆွေမျိုး၊ မိတ်ဆွေအပေါင်းအသင်းများအား ဖိတ်ကြားလျက် ကောက်သစ်ဖြင့်ချက်ပြုတ်ထားသော ထမင်းဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေး၍ မိတ်ဆုံစားပွဲ ကျင်းပနိုင်ရန်၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန်၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပကြကြောင်း သိရသည်။

ကောက်သစ်လျှို့ပွဲနေ့တွင် ကိုယ်စီသယ်ဆောင်လာသော ပေါ်ဦးပေါ်ဖျားသစ်သီးဝလံများကို ဘုန်းတော်ကြီးကျောင်းနှင့် သက်ကြီးရွယ်အို အဘိုးအဘွားများကို ပူဇော်ကန်တော့ကြသည်။ ထိုသို့ ပူဇော်ကန်တော့ခြင်းဖြင့် သီးနှံများအထွက် ပိုလာသည်ဟု အယူရှိကြသည်။ ထို့အပြင် တောင်သူလယ်သမားများ၏ ကျေးဇူးရှင်သဖွယ်သတ်မှတ်ခြင်း ခံရသော ကျွဲ၊ နွားများကိုလည်း ကျွေးမွေးကြသည်။

ထို့နောက် မိမိတို့ယူဆောင်လာသည့် သစ်သီးဝလံများအား မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းချက်ပြုတ်၍ ပျော်ရွှင်စွာ စားသောက်ကြသည်။ ကောက်သစ်လျှို့ပွဲ၏ အဓိက ရည်ရွယ်ချက်မှာ ရိုးရာယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းခြင်းနှင့် လယ်ယာတောင်ယာသမားချင်း အတွေ့အကြုံဖလှယ်ကြခြင်းဖြစ်သည်ဟု ဆိုရပေမည်။ သက်ကြီးစကား သက်ငယ်ကြားသည်။ ဝါရင့်သူက ဝါနုသူကို ပညာပေးသည်။ ဝါရင့်သူချင်း သီးနှံအထွက်တိုးရေးအတွက် နှီးနှော၍ နောင်နှစ်အတွက် မိမိတို့ရိုးရာ အမှတ်အစွဲများကို အခြေခံသောအသိဖြင့် ဥတုရာသီကို ခန့်မှန်းကြသည်။ လူလတ်၊ လူငယ် တောင်ယာသမားများက ဝါရင့်ပုဂ္ဂိုလ်ကြီးများ၏ စကားကို မှတ်သားကြသည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအခါကြီးရက်ကြီး ပွဲလမ်းသဘင်များတွင် တစ်ခုအပါအဝင်ဖြစ်သော “ကောက်သစ်လျှို့ပွဲသည်” ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် အတူကျင်းပလေ့ရှိရာ ပျော်ရွှင်ကြည်နူးစရာကောင်းသည်နှင့် အမျှ တိုင်းရင်းသားချင်း ရင်းနှီးချစ်ခင်မှု မေတ္တာရနံ့များကလည်း ဆွတ်ပျံ့ကြိုင်သင်းနေသည်။ ကောက်သစ်လျှို့ပွဲသည် မိသားစုထမင်းဝိုင်းအသွင်ကို ဆောင်စေသည်။ ကောက်သစ်လျှို့ပွဲတော်တွင် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ပလောင် တောင်သူ၊ လီဆူး၊ မြန်မာစသည့် ညီနောင်နွယ်ဖွား တိုင်းရင်းသားများ ထမင်းလက်ဆုံစားကြသည်။ အပြုံးချင်းဖလှယ်ကြသည်။ အသိချင်းနှီးနှော၍ မေတ္တာစကားဆိုကြသည်။

ကောက်သစ်လျှို့ပွဲ၏ မြင်ကွင်းသည် မင်္ဂလာအပေါင်း ပြည့်စုံခညောင်းစေသည်။ လူတိုင်း၏ မျက်နှာတွင် အပြုံးပန်းဝေဝေဆာဆာရှိ၏။ မြစိမ်းရောင်ဖက်နှင့် ထုပ်ထားသော ကောက်သစ်ကောက်ဦး ထမင်းကလည်း ကောက်သစ်နံ့ တကြိုင်ကြိုင်သင်း ရနံ့မွှေးပျံ့လှသည်။ ပွဲတော်သို့ ရောက်ရှိလာသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများကိုလည်း ထမင်းထုပ်များဝေငှကာ တပျော်တပါး ဝိုင်းဖွဲ့စားသောက်ကြသည်။ ရှမ်းတိုင်းရင်းသားများသည် မိမိတို့စုပေါင်းကျင်းပသည့် ကောက်သစ်လျှို့ပွဲကို ရွှင်လန်းချမ်းမြေ့ဖွယ်ဖြစ်အောင် ကျွေးမွေးရက်ရောမှု စေတနာဖြင့် အလှဆင်သည်သာမက ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့်လည်း ဧည့်ခံဖျော်ဖြေကြသည်။

ကောက်သစ်လျှို့ပွဲတော်ညတွင် မောင်းသံ၊ လင်ကွင်းသံ၊ ရှမ်းအိုးစည်သံများ၊ ရိုးရာလေမှုတ် တူရိယာသံများ နှင့် တီးကွက်လှလှ၊ စည်းချက်ကျကျဖြင့် ကပြသောရှမ်းရိုးရာကိန္နရီကိန္နရာ၊ တိုးနရား၊ ခြား၊ တုတ်သိုင်းအကနှင့် ပဒေသာအကများကိုပါ ရှုစားနိုင်ကြသည်။ ယင်းအကများထဲတွင် လယ်ယာပိုင်းလုပ်ငန်းခွင်နှင့်ပက်သက်သော အကများလည်း ပါရှိလေရာ ရှမ်းတိုင်းရင်းသားများသည် မိမိတို့၏ အသက်သွေးကြောတောင်ယာလုပ်ငန်းကို အလေးအနက်ထားကြောင်း သိနိုင်ပေသည်။

သူတို့သည် တောင်ယာစိုက်ပျိုးရေး လုပ်ငန်းကို အလေးအနက်ထားကြပြီး တောင်ယာကို ချစ်ခင်ကြသည်။ တောင်ပေါ်ဒေသစိုက်ပျိုးရေးလုပ်ငန်းသည် မြေပြန့်မှ လယ်ယာစိုက်ပျိုးရေးထက် အားသွန်ခွန်စိုက်ဆောင်ရွက်ကြရပေသည်။ တစ်နှစ်ပတ်လုံး နေပူမိုးရွာမရှောင် ချွေးနှင့်ရင်း၍ စိုက်ပျိုးရသောစပါးခင်းများမှ စပါးများရင့်မှည့်ချိန်ရောက်လျှင် သူတို့အမောပြေရသည်။ ပင်ပန်းသမျှ ရွှင်လန်းရသည်။ ကောက်သစ်ကောက်ဦးပေါ်ချိန်တွင် ခံစားရသော ပီတိအဟုန်ကား အနှိုင်းအဆမရှိတော့ပါပြီ။

ကောက်သစ်လျှို့ပွဲကျင်းပခြင်းကို ရှမ်းတိုင်းရင်းသားဘာသာစကားဖြင့် “ပွဲလှူခေါက်မိုင်တိုင်း”ဟု ခေါ်သည်။ ရှမ်းတိုင်းရင်းသားတို့ ပျော်ရွှင်မဆုံးပီတိဖုံးချိန်သည် “ပွဲလှူခေါက်မိုင်တိုင်း” ရာသီစပါးပေါ်ချိန်ပင်ဖြစ်သည်။

စပါးပေါ်ချိန်တွင် တစ်ဦးချင်း တစ်ကိုယ်ရေဝမ်းသာပျော်ရွှင်ရရုံဖြင့် အားမရနိုင်ဘဲ ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ခေါ်ကာ ကောက်သစ်လျှို့ပွဲ ကျင်းပပြီး ဝမ်းမြောက်အနုမောဒနာတရားကို မျှဝေခံစားစေခြင်းမှာ ရှမ်းတိုင်းရင်းသားများ၏ ရိုးသားဖြူစင်သည့် အလေ့အထများဖြစ်သလို ယခုနှစ်တွင်လည်း ကောက်သစ်လျှို့ပွဲ၏ အနှစ်သာရမှာ ပိုမိုပီပြင်လာတော့မည်ဖြစ်ကြောင်း တင်ပြရပါသတည်း။ ။

❐

## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို **mirrormyosathit@gmail.com** သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

»» အထူးကဏ္ဍ [ယ] မှ

မြို့များသို့ လှည့်လည်သွားရောက်နေထိုင်လျက် ဗုဒ္ဓစာပေကျမ်းဂန်များကို လေ့လာဆည်းပူးခဲ့သည်။ ဆရာတော်သည် အသက် ၂၀ ဝန်းကျင်တွင် ရဟန်းအဖြစ်ခံယူပြီးနောက် အိန္ဒိယ၊ ဂျပန်၊ တရုတ် စသော အရှေ့နိုင်ငံများအပြင် အီဂျစ်၊ ပြင်သစ် စသော အနောက်နိုင်ငံများသို့သွား၍လည်း ပညာလေ့လာဆည်းပူးခဲ့သည်။ ထိုသို့ နိုင်ငံခြားတိုင်းပြည်များ၌ ပညာသင်ကြားနေစဉ် ဘာသာစကား ကိုးမျိုးကို တတ်ကျွမ်းသည်ဟု သိရသည်။

အိန္ဒိယနိုင်ငံ၌နေထိုင်စဉ် ဟိန္ဒူမဟာဆဗ္ဗအသင်းကြီးတွင် ဥက္ကဋ္ဌဖြစ်ရန်အတွက် အိန္ဒိယပြည်ရှိ ပဏ္ဍိတကြီးများနှင့် ယှဉ်ပြိုင်အရွေးခံခဲ့ရသည်။ ထိုအသင်းကြီး၌ ဥက္ကဋ္ဌအဖြစ် အရွေးခံရမှုသည် လွယ်သည့်ကိစ္စမဟုတ်ပေ။ ထို့နောက် ဆရာတော်သည် အိန္ဒိယပြည်သူများ၏လေးစားမှုကို ရရှိလာခဲ့သည်။ ဂျပန်ပြည်တွင်လည်း ငါးနှစ်ကြာမျှ နေထိုင်ပြီး အထွေထွေဗဟုသုတများကို ရှာမှီးရင်း တိုကျိုတက္ကသိုလ်၌ ပါဠိပါမောက္ခအဖြစ် လုပ်ကိုင်ခဲ့သည်။ ပါမောက္ခအဖြစ် ထမ်းဆောင်နေချိန်တွင် တရုတ်ပြည်ခေါင်းဆောင် ဒေါက်တာဆွန်ယက်ဆင်နှင့်လည်း အကြိမ်ကြိမ်တွေ့ဆုံပြီး နိုင်ငံရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ဆရာတော်သည် ဒေါက်တာဆွန်ယက်ဆင်၏ ပင့်လျှောက်မှုကြောင့် ၁၉၀၉ ခုနှစ်တွင် တိုကျိုတက္ကသိုလ်မှ ခွင့်သုံးလယူကာ တရုတ်နိုင်ငံသို့ လိုက်ပါသွားခဲ့သည်။

ဆရာတော်သည် ၁၉၁၁ ခုနှစ်တွင် ဂျပန်မှ မြန်မာပြည်သို့ ပထမအကြိမ် ကြွရောက်လာစဉ် ကိုရီးယား၊ တရုတ်၊ ပြင်သစ်၊ အင်ဒိုချိုင်းနား(ယခု ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို)သို့ ဝင်ရောက်လေ့လာခဲ့သည်။ ဆေးဂုံမြို့(ဟိုချီမင်းမြို့)ရှိ မင်းကွန်းမင်းသားကြီး၏ ပင်ဆောင့်ချက်အရ ဆွမ်းဘုဉ်းပေးပြီး မြန်မာပြည်အကြောင်းကို ဆွေးနွေးခဲ့ကြသည်။ ယင်းနှစ်မှာပင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ထိုကာလ၌ မြန်မာပြည်သူများသည် နယ်ချဲ့ကိုလိုနီအစိုးရကို ခေါင်းမဖော်ရဲအောင်ကြောက်ရ၏။ မြို့ပြတို့၌ပင် အောက်ဆုံးတန်းသာမန်ပုလိပ်သားဆိုသူများကိုပင်ကြောက်ရသည့်အချိန်။ ကျေးလက်တောရွာတို့တွင်လည်း ရာအိမ်မှူး၊ ရွာဆော်ဆယ်အိမ်ခေါင်း မျှကိုပင် တုတ်တုတ်မျှမလှုပ်ဝံ့၊ မဟဝံ့ လောက်အောက်ကြောက်ရွံ့ရိုသေနေကြရသည့် ကာလပေ။ သာမန်မြို့နေ လူတန်းစားများနှင့် တောနေတောင်သူလယ်သမား ဆင်းရဲသားတို့မဆိုထားနှင့် အားလုံးသိကြသည့် ခေတ်ပညာတတ်လူငယ်များဖြင့် ဖွဲ့စည်းထားသော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)ကဲ့သို့သောအသင်းကြီးပင်လျှင် အစည်းအဝေးကျင်းပသည့်အခါတိုင်း "အရှင် အင်္ဂလိပ်အစိုးရနှင့်တကွ ဂျော့ဘုရင်ဧကရာဇ်မင်းမြတ်နှင့် မေရီမိဖုရားကြီးတို့အား ဘုန်းတော်ကြီး၍ သက်တော်ရာကျော်ရှည်စေကြောင်း" ဆုတောင်းပတ္ထနာ ပြုလျက်နေကြရသေးသည့်ကာလဖြစ်သည်။ ထိုနည်းတူစွာ စာသင်ကျောင်းများ၌လည်း ကလေးသူငယ်များသည် ကျောင်းတက် ကျောင်းဆင်းချိန်တိုင်း ဂျော့ဘုရင်နှင့် မေရီမိဖုရားကြီးအား ရည်စူး၍ "အောင်ဆုသြဘာ မင်္ဂလာဖြင့် ဆယ်ဖြာလက်မြှောက် ဆယ်ခါလျှောက်ပိမ့်" အစချီသော မေတ္တာပို့ဆုတောင်းရတုကို သံပြိုင်ဟစ်အော် ဆိုစေခဲ့ရသည်။



ထို ၁၉၁၁ ခုနှစ်ဝန်းကျင်တွင် မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်အဖွဲ့အစည်းကမျှ အင်္ဂလိပ်အစိုးရကို မပုန်ကန်ရဲ၊ မပြောဆိုရဲကြပေ။ သို့သော် ဆရာတော်သည် ကမ္ဘာပတ်ပညာလေ့လာဆည်းပူးခဲ့မှုကြောင့် နိုင်ငံရေးအမြင်ရှိကာ မြန်မာ့လွတ်လပ်ရေးရရှိရေးအတွက် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးတရားများကို စတင်ဟောကြားလာလေတော့၏။ ဆရာတော်၏လမ်းညွှန်မှုကြောင့် မြန်မာပြည်သူများ အတော်အတန် နိုင်ငံရေးမျက်စိပွင့်လာကြသည်။ လွတ်လပ်ရေးကို လိုလားတောင့်တလာကြသည်။ ထို့ကြောင့် ဆရာတော်သည် ကိုလိုနီခေတ်မြန်မာ့သမိုင်း၌ မြန်မာပြည်လွတ်လပ်ရေးရရှိအောင် နိုင်ငံရေးမျိုးစေ့ကို ပထမဆုံးချပေးခဲ့သော ရဟန်းတစ်ပါးဖြစ်သည်ဟု မှတ်တမ်းတင်ပြောဆိုနိုင်ပါသည်။

ဆရာတော်၏နိုင်ငံရေးမျိုးစေ့ချပေးခဲ့သောအဟုန်ကြောင့် ၁၉၂၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ပထမကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်၌ ဆရာတော်သည် အိန္ဒိယပြည်သို့ ရောက်ရှိနေသည်။ တက္ကသိုလ်ကျောင်းသားသပိတ်ဆင်နွှဲနေကြောင်း ကြေးနန်းစာရသည်နှင့် ကျနပ်ဝမ်းမြောက်ပြီး ရန်ကုန်သို့ ချက်ချင်းလာခဲ့သည်။ ဝိုင်အမ်ဘီအေခေါင်းဆောင်များနှင့် တိုင်ပင်၍ တက္ကသိုလ်ကျောင်းသားသပိတ်တိုက်ပွဲကို အားပေးကူညီခဲ့သည်။

ထိုစဉ်က မြန်မာပြည်၏ဘုရင်ခံချုပ်မှာ အင်္ဂလိပ်လူမျိုး ဆာရယ်ဂျီနယ်ကရက်ဒေါက်ဖြစ်သည်။ မျိုးချစ်စိတ်နိုးဆွရာ လက်နက်ကောင်းတစ်ခုဖြစ်သော သတင်းစာများကို ပိတ်ပစ်ရန် အာမခံကြေးများတောင်းသည်။ ဂျာနယ်အချို့ကို ပိတ်ပစ်လိုက်သည်။ ဗြိတိသျှတို့သည် ခေါင်းဆောင်အချို့ကိုဖမ်းပြီး သပိတ်မှောက်လျှင် အပြစ်ပေးနိုင်သော(ဘွိုင်ကောက်ဥပဒေ)ကို ထုတ်ပြန်ခဲ့သည်။ ဘုရင်ခံက တင်းတင်းမာမာဆောင်ရွက်လာသောအခါ ဆရာတော်သည် ရဟန်းတစ်ပါးဖြစ်သော်လည်း ငြိမ်သက်မနေနိုင်တော့ဘဲ ဘုရင်ခံထံ စာတစ်စောင် ရေးသားပို့ပေးလိုက်လေသည်။ ထိုစာကား အခြားမဟုတ်။ "ဆာရယ်ဂျီနယ်ကရက်ဒေါက် မင်း မြန်မာပြည်က ထွက်သွားလိုက်"ဟူသောသဘောပါ နှင်စာပင်ဖြစ်သည်။ ထိုနှင်စာကို သူရိယသတင်းစာက ထည့်သွင်းဖော်ပြခဲ့ရာ တစ်တိုင်းပြည်လုံး မျက်လုံးပြူးအံ့အားသင့်သွားခဲ့ရသည်။ ထိုစာသည် အကြောက်တရားလွှမ်းကဲနေသော မြန်မာပြည်သူပြည်သားတို့၏ အိပ်မောကျနေသောနှလုံးအိမ်ကို နှိုးဆွတိုက်တွန်းလိုက်ခြင်းပင်ဖြစ်သွားလေသည်။

ဆရာတော်ဦးဥတ္တမသည် အင်္ဂလိပ်အစိုးရကို ပုန်ကန်လျှင် အဖမ်းခံရမည်ကိုသိသော်လည်း မိမိအကျိုးမကြည့် အမျိုးအကျိုးကိုလိုလားပြီး မြို့ကြီးမြို့ငယ်သာမက ကျေးလက်တောရွာများအထိ နိုင်ငံရေးတရားများ ဟောပြောသည်။ ဆူးကလပ်နှင့်တမာတကောတောရွာများတွင် ဟောပြောမှုကြောင့် ပုဒ်မ ၁၂၄(က)နှင့်၁၅၄(က)ဖြင့် မအူပင်ခရိုင်တရားရုံးက ၁၉၂၁ ခုနှစ် ဇူလိုင် ၄ ရက်တွင် အလုပ်မဲ့ထောင်ဒဏ် တစ်နှစ်နှင့် ရှစ်လ ထောင်ချခဲ့သည်။ ထိုသတင်း သူရိယသတင်းစာတွင် ဖော်ပြပါလာသောအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူ ပြည်သူအားလုံး မခံမရပ်ဖြစ်ကာ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ပေါက်ဖွားထက်သန်လာကြသည်။ ထို့ကြောင့် ဆရာတော်ဦးဥတ္တမသည် မိမိတိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး လုပ်ဆောင်နေသောသူတစ်ဦးအား နိုင်ငံရေးဖြင့် ဗြိတိသျှအစိုးရက ထောင်ဒဏ်အပြစ်ပေးခြင်းခံရသော ပထမဦးဆုံးပုဂ္ဂိုလ်ဖြစ်သည်။

ဆရာတော်သည် ထောင်မှလွတ်မြောက်လာသော်လည်း ငြိမ်းချမ်းစွာ သီတင်းမသုံးနိုင်ဘဲ နိုင်ငံနှင့်လူမျိုးအတွက် ရှေ့တန်းမှ တိုက်ပွဲဝင်သည်။ နိုင်ငံရေးတရားများ ဆက်လက်ဟောပြောသည်။ တရားဟောလေ ဖမ်းလေ၊ ဖမ်းလေ ထောင်ကျလေ၊ ထောင်မှ ထွက်လာလေ ပြန်ဟောလေ။ ဆရာတော်သည် လွတ်လပ်ရေးကို မျှော်လင့်တောင့်တသည်။ "လွတ်လပ်ရေးရလျှင် သေပျော်ပါပြီ"ဟု အမြဲ ပြောလေ့ရှိသည်။ သြော်. . . တိုင်းပြည်နှင့် လူမျိုးကို မိမိအသက်ထက်တောင် ချစ်သော ပုဂ္ဂိုလ်ပါတကား။

၁၉၃၉ ခုနှစ် နိုဝင်ဘာလတွင် ၉၁ ဌာန အုပ်ချုပ်ရေးလက်ခံရန် ကျင်းပသည့် ရွေးကောက်ပွဲအတွက် ငါးပွင့်ဆိုင်နိုင်ငံရေးသမားတချို့သည် ဆရာတော်အား အိန္ဒိယပြည်မှ လေယာဉ်ဖြင့် လှည့်ပတ်ပင့်ဆောင်လာသည်။ ဆရာတော်အား မိမိအဖွဲ့ အောင်နိုင်ရေးအတွက် တရားဟောပြောပေးရန် အသုံးချခဲ့ကြသည်။ ဆရာတော်၏ဩဇာအရှိန်အဝါဖြင့် ငါးပွင့်ဆိုင်အဖွဲ့သည် အမတ်ဦးရေ ၄၆ နေရာဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော်လည်း ဘုရားပြီးငြမ်းဖျက်သကဲ့သို့ ဆရာတော်အား စွန့်ပစ်လိုက်ကြသည်။

ဆရာတော်သည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ ဆီးချိုရောဂါဝေဒနာကို ခံစားလာရသည်။ ပစ္စည်းလေးပါး အလွန်ချို့တဲ့ဆင်းရဲပြီး ပြုစုသူမဲ့ဖြစ်နေသည်။ ဆရာတော်သည် ဟောင်းနွမ်းစုတ်ပြတ်နေသော သင်္ကန်းကြီးကို ဝတ်ရုံလျက် လွယ်အိတ်ကြီးတစ်လုံးကိုလွယ်ကာ ဖိနပ် ဗလာ၊ ထီးမပါဘဲ သတင်းစာတိုက်များသို့ဝင်ပြီး အင်္ဂလိပ်၊ မြန်မာသတင်းစာများကို တောင်းသည်။ ရရှိလာသော သတင်းစာများကို လမ်းဘေးတိုက်ရိပ်တွင်လည်းကောင်း၊ သစ်ပင်အောက်များတွင်လည်းကောင်းထိုင်ဖတ်လေ့ရှိသည်။ ဆရာတော်၏ ကျန်းမာရေးမှာ အတော်ဆိုးရွားလာသော်လည်း ဆရာတော်၏ ကျေးဇူးမကင်းသော နိုင်ငံရေးသမား ခေါင်းဆောင်အမည်ခံဝန်ကြီးများ၊ အမတ်များ တချို့သည် ဆရာတော်ကို လုံးဝလျစ်လျူရှုထားကြပုံရသည်။ သို့သော်လည်း ဆရာတော်သည် မည်သူ့မဆို အာဃာတမထားဘဲ ခွင့်လွှတ်လေ့ရှိသည်။ ဆရာတော်ကား ဘုရားသားတော်ပီသပါပေ၏။

ဤသို့ဖြင့် ဆရာတော်ဦးဥတ္တမသည် ရောဂါဝေဒနာများကို ပြင်းထန်စွာ ခံစားရင်း ၁၉၃၇ ခုနှစ် စက်တင်ဘာ ၉ ရက် စနေနေ့ သက်တော် ၆၀ ကျော်တွင် ပုဇွန်တောင်မြို့နယ် ညောင်ကုန်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူရှာသည်။ "လွတ်လပ်ရေးရလျှင် သေပျော်ပါပြီ"ဟု ပြောခဲ့ပြီး မိမိပြုစုပျိုးထောင်ချမှတ်ပေးခဲ့သော လွတ်လပ်ရေးမျိုးစေ့၏ အသီးအပွင့်ကိုကား ဆရာတော်ကိုယ်တိုင် မခံစားရဘဲ ကြွေလွင့်သွားခဲ့ရရှာလေပြီ။

ဆရာတော်ကွယ်လွန်ပြီး နှစ်ရက်အကြာ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၁၁ ရက် တနင်္လာနေ့တွင် ကျင်းပသည့် အောက်လွှတ်တော်အစည်းအဝေး၌ မင်းတိုင်ပင်အမတ်များက ဆရာတော်ဦးဥတ္တမ ပျံလွန်တော်မူခြင်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် လွှတ်တော်အား ငါးမိနစ်ရပ်နားပြီး အရိုအသေပြုပေးကြသည်။ ဆရာတော်၏ ဆွေမျိုးများထံ ဝမ်းနည်းခြင်း သဝဏ်လွှာပို့ပေးခဲ့သည်။ လွှတ်တော်အမတ်များက ဆရာတော်အကြောင်း ချီးကျူးထောမနာပြုပြီး လွမ်းဆွတ်တမ်းတ နှမြောကြသည်။ မန္တလေးမြို့ အိန္ဒိယအမျိုးသားများ၏ ကိုယ်စားလှယ်အမတ် မစ္စတာဘန်ဂါဆင်က "ဆရာတော်ဦးဥတ္တမသည် နိုင်ငံတွင်အကြီးဆုံးသော နိုင်ငံရေးခေါင်းဆောင်ကြီး ဖြစ်တယ်လို့ ကျွန်ုပ်ပြောခဲ့သော ထိုစကားဟာ အပိုမပါသော စကားဖြစ်ပါတယ်။ သူဟာ မြန်မာပြည်နိုင်ငံရေးကို အစပြုလာသောပုဂ္ဂိုလ်ဖြစ်ပြီး မြန်မာ့တိုးတက်မှုဟူသမျှဟာလည်း သူ့ကို အကြောင်းပြုပြီးမှ ပေါ်လာတာပဲဟု ကျွန်ုပ်က ထပ်မံပြီး ပြောလိုပါတယ်"ဟု ပြောကြားခဲ့သည်။

ဤကဲ့သို့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ မြန်မာ့လွတ်လပ်ရေးရအောင် ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံရေးမျိုးစေ့ကိုချပေးခဲ့သော ရခိုင့်အာဇာနည် ဆရာတော်ဦးဥတ္တမ၏ စိတ်ဓာတ်ကို မျိုးဆက်သစ်လူငယ်၊ မောင်မယ်များ အတုယူတန်ဖိုးထားတတ်စေရန် ရည်ရွယ်လျက် ရေးသားတင်ပြလိုက်ရပါသည်။ ။

***ကိုးကား***

***၁။ပြုစုသူသခင်လွင် - ဗမာ့လွတ်လပ်ရေးမီးရှူးတန်ဆောင် ဆရာတော်ဦးဥတ္တမ လက်ရွေးစင်***

***၂။စီစဉ်သူမောင်ဇေယျာ - လွတ်လပ်ရေးရှေ့ဆောင်လမ်းပြ ဆရာတော်ဦးဥတ္တမ***

## တောင်ပြာတန်းက စိန်ပန်းပြာ

အောင်လံမြေ-နေညိုညို

✻ ကလောနှင့် အောင်ပန်း
တောင်ပြာတန်းက
ရှမ်းမလေး စိန်ပန်းပြာရေ၊
မြင်မြင်ချင်း ချစ်ရင်းပျိုးလို့
မြတ်နိုးမိပေ။

လိုက်ခဲ့ပေါ့ မြေပြန့်မြေ
သွေးချင်းတွေ မျိုးဆွေကြား။
ချစ်ကြည်ဖြူ တွဲလက်ချိတ်
ခေါင်းညိတ်မယ်လား။

✻ ပင်လုံးဖြာ ပြာရောင်လွှမ်း
ဆန်းပါတဲ့ မင်းဟန်သွင်၊
မောရှမ်းသူ ပျိုဖြူလေး
ငေးမောမိစဉ်။
စွဲလမ်းမိ ချစ်ကြည်ခင်
ရင်ခွင်ပိုက် ယုယထွေး။

မြေပြန့်မြေ ရေစိမ့်စမ်းမှာ
လန်းပါလှည့်လေ။

✻ စိန်ပန်းပြာ ပျိုနုဆန်း
ရှမ်းတောင်တန်း လွမ်းလို့မှိုင်
အရိပ်လို အရိပ်ပေး
ရေအေးမြိုင်မြိုင်။
ပြုစုလို့ ယုယ
နရှလို့ ရှုမဝနိုင်

ချစ်ပန်းခိုင် လှိုင်မယ်လား၊
တောင်ပေါ်နဲ့ မြေပြန့်
မြေပြန့်နဲ့ တောင်ပေါ်
တစ်တောင်ကျော်တစ်တောင်ဆင်း
ရွှေလမ်းတွေ ပြေပြေခင်းလေခဲ့
သွေးချင်းရယ် ညီညီထူပေါ့
ကြည်ကြည်ဖြူ အချစ်ပန်းတွေနဲ့
(စိန်ပန်းပြာရေ)လန်းပွင့်စေသား။

# ရခိုင့်အာဇာနည် ဆရာတော်ဦးဥတ္တမ

**မောင်သက်ဝေ (အမ်း)**




မြန်မာနိုင်ငံတော်ကြီး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့စဉ် "သူ့ကျွန်မခံလိုပြီ"ဟူသော ဇာတိသွေး၊ ဇာတိမာန် ထက်သန်သော အမျိုးဂုဏ်ဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် ဦးစွာပထမ ပြည်သူလူထုတစ်ရပ်လုံးအား နိုင်ငံရေးမျိုးစေ့ကို ချပေးခဲ့သောပုဂ္ဂိုလ်ကား "ဝံသာနုရက္ခိတ ဆရာတော်ဦးဥတ္တမ" ပင်ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်၏ တရားတော်နဲ့အညီ မြန်မာ့ယဉ်ကျေးမှု ရိုးရာအစဉ်အလာအရ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ခံယူလျက် မြန်မာပြည်ကြီး သူ့ကျွန်ဘဝမှ လွတ်မြောက်အောင် ရှေ့ဆောင်လမ်းပြခဲ့သော ဆရာတော်၏ကြီးမားသော ကျေးဇူးဂုဏ်ကို အစဉ်သတိရ ရှိသေလေးစားသောအားဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၉ ရက်က ဆရာတော်ဦးဥတ္တမ၏ ဘဝနိဂုံးအဆုံးသတ်ခန္ဓာဝန်ချခဲ့ရသည်မှာ (၇၉)နှစ် တင်းတင်းပြည့်ခဲ့ပါပြီ။ သို့သော်လည်း ဆရာတော်အကြောင်းကိုမေးလိုက်လျှင် ယနေ့ခေတ်လူငယ်တော်တော်များများ မသိကြပေ။ ဒါ သူတို့အပြစ် မဟုတ်ပါ။ တစ်ချိန်ကတော့ မြန်မာနိုင်ငံ ကျောင်းသုံးစာအုပ်များ၌ ဆရာတော်၏ အတ္ထုပ္ပတ္တိအကျဉ်းကို ထည့်သွင်းသင်ကြားစေခဲ့သည်။ သို့သော်လည်း ယနေ့ပြဋ္ဌာန်းစာအုပ်မှာကား ဆရာတော်နှင့်ပတ်သက်သော ကဗျာ၊ ဆောင်းပါး၊ အတ္ထုပ္ပတ္တိများ မပါရှိတော့ပေ။ ရင်ထဲမှာ စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပါပဲ။

ဆရာတော်ဦးဥတ္တမ၏ဂုဏ်ကျေးဇူးကို မှတ်တမ်းတင်သောအားဖြင့် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ရှိ နာဂရီပရကျာရ်နီဆဘာ အမည်ရှိသော စာပေအဖွဲ့အစည်းတစ်ခုက ထုတ်ဝေသည့် ဟိန္ဒူဘာသာစွယ်စုံကျမ်းတွင် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင်ခေါင်းဆောင် ဆရာတော်ဦးဥတ္တမအကြောင်းကို တခမ်းတနား ရေးသားဖော်ပြထားသည်။ ဂျပန်နိုင်ငံကလည်း ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်ဘာသာဖြင့် ဆရာတော်အကြောင်းစာအုပ်များ ထုတ်ဝေရေးသားခဲ့ကြသည်ဟုလည်း လေ့လာမှတ်သားရသည်။

၁၉၉၆ ခုနှစ် စစ်တွေမြို့ စာပေဟောပြောပွဲတစ်ခု၌ ဆရာကြီးပါရဂူက "ဆရာတော်ကို မေ့မထားသင့်ပါ။ စစ်တွေမှာ ဆရာတော်နာမည်နဲ့ ခန်းမဆောက်ပြီး ကြေးရုပ်တုရှိတယ်။ ကျွန်တော်အများကြီး ဝမ်းသာကြည်နူးမိတယ်။ ဒီအတိုင်းအတာနဲ့ အားမရပါ။ နိုင်ငံအတိုင်းအတာနဲ့ လုပ်စေချင်ပါတယ်"ဟု ပြောကြားခဲ့ဖူးကြောင်း လေ့လာသိရှိရသည်။

ဆရာတော်ဦးဥတ္တမသည် ရခိုင်တိုင်းရင်းသား ဗုဒ္ဓရှင်တော်မြတ်၏ သားတော်တစ်ပါးဖြစ်သော်လည်း ရခိုင်လူမျိုးကောင်းစားရေး၊ ဗုဒ္ဓဘာသာပြန့်ပွားရေးတို့ကိုသာ အဓိကထား မလုပ်ဆောင်ခဲ့ပေ။ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် မိမိယုံကြည်ရာ ဘာသာအယူဝါဒကို ကိုးကွယ်ကြသော မြန်မာပြည်ဖွားတိုင်းရင်းသားပေါင်းစုံအားလုံးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး မြန်မာပြည်ကြီး လွတ်လပ်ရေးရရှိရေးကိုသာ အဓိကဦးတည်ရည်မှန်းပြီး ရှေ့တန်းက မားမားမတ်မတ်ရပ်တည်တိုက်ပွဲဝင်ခဲ့သည်။ အခြေအနေအရ ပေါ်ပေါက်လာခဲ့သော ပင်လုံထက်စောစီးစွာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ပြည်ထောင်စုမျိုးစေ့ကို ချပေးခဲ့သည်။ ဆရာတော်သည် ပြည်ထောင်စုဗိသုကာအဖြစ် မော်ကွန်းထိုးထိုက်သည့် ပုဂ္ဂိုလ်ပါ။

ဆရာတော်ဦးဥတ္တမကို နိုင်ငံတော်အဆင့် အဘယ်ကြောင့် ဂုဏ်ပြုထိုက်သလဲဆိုသည်နဲ့ ပတ်သက်ပြီး ဆရာတော်၏ဘဝဇာတ်ကြောင်း တစေ့တစောင်းကို အနည်းငယ် တင်ပြလိုပါသည်။

ဆရာတော်ဦးဥတ္တမကို ၁၈၇၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ရူပရပ် ချောင်းနားတန်း ဖခင် ဦးမြသာဦး၊ မိခင် ဒေါ်အောင်ကြွဖြူတို့မှ မွေးဖွားခဲ့သည်။ မွေးချင်းသုံးယောက် အနက်အကြီးဆုံးဖြစ်ပြီး ငယ်နာမည်မှာ ပေါ်ထွန်းအောင်ဖြစ်သည်။ ငယ်စဉ်အရွယ် ကျောင်းနေစဉ် ပဥ္စမတန်း၌ ဒုတိယပညာသင်ဆုကိုရရှိသည်။ ပေါ်ထွန်းအောင်မှာ အင်္ဂလိပ်မျက်နှာဖြူ ရခိုင်တိုင်းမင်းကြီးကိုယ်တိုင် ကြွရောက် ဆုချီးမြှင့်သည့်ဆုကို လက်ခံရယူသော်လည်း ဝမ်းသာမှုမရှိခဲ့ပေ။ ညီကိုခေါ်၍ စစ်တွေမြို့ကမ်းနားဘက်သို့သွားပြီး ရရှိခဲ့သောဆုကို ချိုးဖွဲ့ဆုတ်ဖြဲကာ ကုလားတန်မြစ်ထဲသို့ ပစ်ချလိုက်သည်။ ပစ်ချပြီးသောအခါ ပေါ်ထွန်းအောင်က ညီဖြစ်သူအား "ဒီမှာ ငါ့ညီ၊ ဆုယူရင် ပထမဆုကိုပဲယူ။ ဒုတိယတို့၊ တတိယတို့ဆိုရင် ဘယ်တော့မှ မယူနဲ့"ဟု ဆိုလေသည်။ ငယ်စဉ်အရွယ်ကပင် ဆရာတော်၏စိတ်ထားကား တကယ့်ပင်မြင့်မားလှ၏။

အသက် ၁၅နှစ်အရွယ်တွင် မိဘများက သင်္ကန်းစည်းပေးပြီး ရဟန်းဝတ်ဖြင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ တောင်ငူ၊ ပခုက္ကူ၊ မအူပင် စသည့်

အထူးကဏ္ဍ [၈] သို့ »»

## တောင်သူ ပဲသီးထောင်း





တောင်ယာလုပ်ကိုင်ကြတဲ့ တောင်သူများဟာ အများအားဖြင့် သဘာဝ အစားအသောက်များကိုသာ ကြိုက်နှစ်သက်ကြပါတယ်။ ဒါကြောင့်လည်း တောင်သူကြီးများဟာ အသက်ရှည်ကျန်းမာပြီးသန်စွမ်းကြတယ်လို့ ယနေ့တိုင် အများပြည်သူများက လက်ခံယုံကြည်ထားပါတယ်။ အထူးသဖြင့် တောင်သူကြီးများဟာ ရာသီအလိုက် ဟင်းသီးဟင်းရွက်များကို နှစ်ခြိုက်စွာ စားချင်စဖွယ် ဖွယ်ဖွယ်ရာရာ အကြော်၊ အချက်၊ အသုပ်၊ အပြုတ် စသည်ဖြင့် မရိုးနိုင်အောင် ချက်ပြုတ်စားသောက်ကြသည်။

တစ်ခါတစ်ရံ လယ်တောယာတောထဲ တောင်ယာလုပ်ကိုင်ရင်း ခဏတာနားကြတဲ့ အချိန်မျိုးမှာ အမောပြေ အစားပြေအဖြစ် ကောက်ညှင်းပေါင်း၊ ငါးခြောက်မီးဖုတ်၊ လက်ဖက်သုပ် စသဖြင့် ရိုးရာခလေ့စားစရာများနဲ့ရေနွေးကြမ်းအမြည်းအဖြစ် စားတတ်ကြပါတယ်။

တောင်ယာထဲ တောင်သူများ စားသောက်တတ်ကြတဲ့ ရိုးရာအစားအသောက်များထဲမှ ရိုးရှင်းပြီး အလွယ်တကူ ပြုလုပ်နိုင်တဲ့ ကျန်းမာရေးနဲ့ညီညွတ်ပြီး ထမင်းနှင့်လည်း တွဲဖက်၍ ဟင်းအဖြစ်လည်းကောင်း၊ ရေနွေးကြမ်းအမြည်းအဖြစ် လည်းကောင်း စားသုံးနိုင်တဲ့ တောင်သူ ပဲသီးထောင်းကို တင်ပြပေးချင်ပါတယ်။

### ပါဝင်ပစ္စည်းများ

| | |
|---|---|
| ပဲတောင့်ရှည် | - တစ်စီး |
| ပဲပုပ်ခြောက် | - နှစ်ချပ် |
| သံပရာသီး | - တစ်လုံး |
| ကြက်သွန်ဖြူ | - နှစ်လုံး |
| ငရုတ်သီးစိမ်း | - အနည်းအငယ် |
| ဆီ | - လက်ဖက်စားဇွန်းတစ်ဇွန်း |
| ဆား | - အနည်းအငယ် |
| ဟင်းခတ်မှုန့် | - အနည်းအငယ် |

### ပြုလုပ်နည်း

ပဲပုပ်ခြောက်ကို မီးကင်ထားမယ်။ ကြက်သွန်ဖြူကို အခွံသင်ထားပါ။ ငရုတ်သီးစိမ်းကိုလည်း သန့်စင်အောင် ရေးဆေးထားပါမယ်။ ပဲတောင့်ရှည်ကို သန့်စင်အောင် ရေဆေးပြီး မိမိကြိုက်နှစ်သက်တဲ့ အရွယ်ဖြတ်ထားပါ။

ပဲသီးထောင်းဖို့ အမည်တွေအား အသင့်ဖြစ်ပြီဆိုလျှင် ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းတို့ကို ထောင်းပြီးတစ်ဆက်တည်းမှာ ဆား၊ ဟင်းခတ်မှုန့် (အချိုမှုန့်)၊ ပဲပုပ်ခြောက်ပါ ထည့်ထောင်းပါမယ်။ မိမိလိုချင်တဲ့ အနေအထားမျိုးရပြီးဆိုလျှင် ထောင်းထားတဲ့ အမည်တွေကို ခဏဖယ်ထားပြီး ပဲတောင့်ရှည်ကို ငရုတ်ဆုံထဲ မညက်တညက် နည်းနည်းစီ ထည့်ထောင်းပါ။ ပြီးလျှင် ထောင်းပြီးသား အမည်များကို ရောထည့်ထောင်းပါ။ သံပရာရည် ညှစ်ထည့်ပြီး ဆီဆမ်းကာ သမအောင်မွှေပေးပါ။ အချဉ်၊ အငန်၊ အစပ် အရသာကိုတော့ မိမိကြိုက်နှစ်သက်တဲ့ အနေအထားမှာထားပါ။ ကဲဒါဆိုရင်တော့ ရိုးရှင်းတဲ့ တောင်သူ ပဲသီးထောင်းရပါပြီ။

**မွန်မွန်စိုး(ကြေးမုံ)**

